# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 31 December 2017 ၉၁၅၅


# ပြည်ပကုန်သွယ်မှု ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် တိုးတက်ခဲ့

## ပြည်ပပို့ကုန် တိုးတက်မှုများသည် ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်




**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။**

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီငါးရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကွမ်လုံ-ဟိုပန်-ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ UMFCCI၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းနှင့် မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**နယ်ခြားသမားတို့အကြံ လက်မခံ အဆင့်ဆင့် တိုက်ယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကြီး**

စာမျက်နှာ » ၆

**ကလေးစာပေပွဲတော်ကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်**

စာမျက်နှာ » ၈

**ရန်ကုန်မြို့ တည်းကုန်းအဆင့်မြင့် လက်ကားဈေးသစ်ကြီး ဇန်နဝါရီ ၁ ရက်တွင် ဆိုင်ခန်းများ စုံညီစွာဖြင့် တရားဝင်ဖွင့်လှစ်မည်**

စာမျက်နှာ » ၁၀




## ကြေးမုံ

# အချုပ်အခြာအာဏာ၏ ထူးခြားသော ဝိသေသ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းအားထုတ်ရာတွင် လွတ်လပ်သောနိုင်ငံ၏ လက်ဝယ်ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို မထိပါးအောင်၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်အပ်ပေသည်။ အချုပ်အခြာအာဏာသည် နိုင်ငံအတွက် တန်ဖိုးကြီးမားပြီး အချုပ်အခြာအာဏာကို မူရင်းနိုင်ငံသားတို့ ပိုင်ဆိုင်နေသမျှကာလပတ်လုံး ထိုနိုင်ငံသည် လွတ်လပ်သော နိုင်ငံဟု ခေါ်ဆိုထိုက်သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခံရခြင်း၊ ဆုံးရှုံးခြင်းတို့ ရှိလာသောအခါ ထိုနိုင်ငံ၏ လွတ်လပ်ရေးသည်လည်း ဆုံးရှုံးသွားပြီဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် လွတ်လပ်သောနိုင်ငံ၏ နိုင်ငံသူ၊ နိုင်ငံသားတို့သည် ပိုင်ဆိုင်ထားပြီးဖြစ်သော အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးသွားခြင်းမဖြစ်အောင် ယင်းကို အသက်ပေးကာကွယ်ကြရသည်။ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြသည်။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းနီးပါးသည် အချုပ်အခြာအာဏာကို ထိပါးခံရခြင်း၊ လက်လွတ်ဆုံးရှုံးခြင်းတို့နှင့် ကြုံတွေ့ဖူးကြပြီး နိုင်ငံပြန်လည်တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်သောနိုင်ငံ ဖြစ်တည်ရန် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ကြရသည်။ မြန်မာနိုင်ငံသည်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ခက်ခက်ခဲခဲ ကြိုးပမ်းအားထုတ်ခဲ့ရဖူးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် အတိတ်သည် သင်ခန်းစာယူဖွယ်ဖြစ်သည်။ အနာဂတ်သည် မျက်မှောက်ကာလ အကျိုးအတွက် အလုပ်လုပ်ရန်ဖြစ်သည်။ ထို့ကြောင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို စဉ်းစားသုံးသပ် ကြည့်ကြသည့်အခါ မြန်မာနိုင်ငံ၏ ပကတိအခြေအနေပေါ်တွင်သာမူတည်ပြီး စဉ်းစားချင့်ချိန် ဆောင်ရွက်သင့်သည်။

နိုင်ငံ၏ပကတိ အခြေအနေများဖြစ်သော လူဦးရေ၊ ဓနအင်အား၊ နိုင်ငံနယ်မြေအနေအထားစသည်တို့ ခိုင်မာအားကောင်းမှု၊ အားနည်းချွတ်ယွင်းမှု ရှိ၊ မရှိ တို့သည် စဉ်းစားသုံးသပ်ကြရမည်။ ခိုင်မာအားကောင်းနေသည့်အခါတွင် ပိုမိုတိုးတက်ခိုင်မာအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ချွတ်ယွင်းအားနည်းနေသည့်အခါ မိမိတို့အချင်းချင်း ကွဲပြားနေသင့်၊ မနေသင့်ကို အထူးအလေးအနက်ထား စဉ်းစားသင့်သည်။

ယနေ့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး အစရှိသည့် ပြည်သူလူထုတစ်ရပ်လုံး၏ ရှိရင်းစွဲအင်အားကို ယခုထက်ပို၍ပို၍ စည်းလုံးခိုင်မာလာအောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်နိုင်ကြပါမှ တန်ကာကျပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏လွတ်လပ်ရေးကို မည်သို့ရယူခဲ့ကြရသည်ကို အများသိပြီးဖြစ်သလို ရရှိထားသော အချုပ်အခြာအာဏာကို ယိုယွင်းပျက်ပြားအောင် ထိပါးမှုများလည်း ရှိခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးခြင်းမရှိစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးမှုခိုင်မာဖို့လိုသည်။

ယိုယွင်းပျက်ပြားခဲ့သော နိုင်ငံကို ပြန်လည်ထိန်းသိမ်းတည့်မတ်တည်ဆောက်ရာ၌ နိုင်ငံတစ်ခုလုံး၏ စည်းလုံးညီညွတ်မှုအင်အားသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ ဤအင်အားစုကြီး၏ ရေသောက်မြစ်သည် ပြည်တွင်းမှာသာ တည်ရှိသဖြင့် ပြည်တွင်းအားဖြင့်ရယူတည်ဆောက်ရမည်ကို ယုံကြည်ထားရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းသည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်၍ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ငြိမ်းချမ်းရေးရရှိအောင် ဦးတည်ကြိုးပမ်းဆောင်ရွက်နေသည်။ ငြိမ်းချမ်းခြင်းသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်တည်နေခြင်း၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုခွန်အားဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပကတိလိုအပ်မှုအခြေအနေသည် ငြိမ်းချမ်းရေးဖြစ်နေသောကြောင့် အတိတ်ကို သင်ခန်းစာယူကာ ပစ္စုပ္ပန်ကိုတည့်တည့်ရှုမြင်၍ အနာဂတ်ကောင်းမွန်အောင် စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။






## ထူးခြားသည့် ညအပူချိန်များ

(၃၀-၁၂-၂၀၁၇)

ဟားခါးမြို့
၄ ဒီဂရီစင်တီဂရိတ်

ပူတာအိုမြို့
၆ ဒီဂရီစင်တီဂရိတ်

တွန်းဇံမြို့
၈ ဒီဂရီစင်တီဂရိတ်

# နဝမအကြိမ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၂၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နဝမအကြိမ်မြောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းအစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေများကို လုပ်ထုံး လုပ်နည်းနှင့်အညီ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အလွယ်တကူ အခြားနည်း အသုံးပြုခြင်းဖြင့် တည်ဆဲဥပဒေကို ချိုးဖောက်ခြင်းဖြစ်သကဲ့သို့ မြို့မြေ၊ ရွာမြေများ တန်ဖိုးကြီးမြင့်လာသည့်အလျောက် မြို့ရွာများနှင့် ဆက်စပ်သည့် လယ်ယာမြေများကို နည်းအမျိုးမျိုးဖြင့် ရယူပြီး အခြားနည်း အသုံးပြုခွင့် ရယူဆောင်ရွက်သည့် နည်းစနစ်သည် လုပ်သင့်လုပ်ထိုက်သည့် နည်းလမ်းမဟုတ်ပါသဖြင့် အဆိုပါ ဥပဒေမဲ့ဆောင်ရွက်သည့် စနစ်အား ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေကို အခြားနည်းသုံး၍ မြို့ရွာများ တိုးတက်ဖွံ့ဖြိုးလာမှု၊ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ဆောက်လုပ်မှုကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးမြင့်လာမှုရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း လျော့နည်းဆုံးရှုံးသွားသော လယ်ယာမြေများအတွက် အစားထိုးဖော်ထုတ်ရေးကိစ္စများအား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆက်လက်ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

ယခုအစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေး လျော်ကြေးပေးချေရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ တင်ပြလာသည့် ကိစ္စရပ်များ၊ မြေသိမ်း၊ မြေလွှဲ အမှုတွဲ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ **သတင်းစဉ်**

# ကန်ပိုက်တီဒေသတွင် ဘိန်းခင်း ၁၃၆ ဧက ရှင်းလင်းဖျက်ဆီး

**ဝိုင်းမော် ဒီဇင်ဘာ ၃၀**

မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး သိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသအတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများ လိုက်လံဖျက်ဆီးခဲ့သည်။

အဆိုပါဒေသအတွင်းရှိ ဝေမိုးကျေးရွာ၊ အထက်ဘာတွန်ကျေးရွာ၊ အောက်ဘာတွန်ကျေးရွာ၊ လငန်ကျေးရွာ၊ ဝေါ့ချိုးကျေးရွာ၊ စင်ကြိုင်ကျေးရွာတို့တွင် စိုက်ပျိုးထားသော ဘိန်းပင် အမြင့် ၅ လက်မ၊ ၆ လက်မ၊ ၇ လက်မ၊ ၁၂ လက်မခန့်ရှိ ဘိန်းပင် ၁၃၆ ဧကအား ရှင်းလင်းဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အကြီးစား ပြုပြင်မွမ်းမံတည်ဆောက်ပေးသော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်မည့် မန္တလေး ပြန်လည်ထူထောင်ရေးစခန်းသည် စံပြစခန်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားရာတွင်လည်း ဒေသနှင့် ကိုက်ညီသည့်လုပ်ငန်းများကို သင်ကြားပို့ချမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အဓိက ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၂ ခုနှစ်ကစပြီး မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသော လူထုအကျိုးပြုလုပ်ငန်းများကို လိုအပ်ချက်ရှိသောနေရာများတွင် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားပါကြောင်း ပြောကြားပြီး ယနေ့လွှဲပြောင်းပေးသော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူခဲ့သည်။ **သတင်းစဉ်**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်




ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို



ဦးဇော်မင်းဝင်း
(UMFCCI)

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်ကျော်ပြီ ဖြစ်ပါကြောင်း။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ဆောင်ရွက်မှသာ နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေကို တိုးပွားပြီး လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးကိုပါ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် အခက်အခဲများ နည်းနိုင်သမျှနည်းအောင် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီ(၅)ရပ်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို နှစ်လတစ်ကြိမ်ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးလျက်ရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံနေရသည့် ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံလျက် ရှိပါကြောင်း၊ ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ (၁၂)ကြိမ် တွေ့ဆုံခဲ့ပြီး အခက်အခဲတင်ပြချက် စုစုပေါင်း အချက် ၂၀၀ ရှိပါကြောင်း။

**အချိန်ယူဆောင်ရွက်ရ**

အဆိုပါ တင်ပြချက် ၂၀၀ စလုံးကို တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ ထပ်မံပေးပို့ခဲ့ရာ ပြန်ကြားချက်အားလုံးရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါပြန်ကြားချက်အားလုံးကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များသည် ဝန်ကြီးဌာနနှစ်ခု၊ သုံးခုနှင့် သက်ဆိုင်သည့်အပြင် အဆင့်နှစ်ဆင့်၊ သုံးဆင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်ယူဆောင်ရွက်ရပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဖြေရှင်းပြန်ကြားချက်များအပေါ် ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များအနေဖြင့် အပြည့်အဝ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့် ကိစ္စရပ်များကို ပြန်လည်တင်ပြပေးစေလိုပါကြောင်း၊ မပြီးပြတ်သေးသည့်အချက်များကိုအခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private Public Dialogue)များ ဆက်လက် စီစဉ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

**ထိထိရောက်ရောက်အသုံးချ**

မကြာသေးမီက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်တွင် နိုင်ငံခြားသားရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့် ကုမ္ပဏီကို မြန်မာနိုင်ငံသားကုမ္ပဏီအနေဖြင့် သတ်မှတ်သည့်အတွက် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများသည် ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်ရလာတော့မှာဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အဆိုပါအခွင့်အရေးကို ထိထိရောက်ရောက် အသုံးချကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အပြင် နိုင်ငံတော်အနေဖြင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ခွဲများအား ပို့ကုန်ချေးငွေဖြည့်ဆည်းမှု (Export Financing)နှင့် ပို့ကုန်လုပ်ငန်းနှင့် ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ (Related Banking Services for Export Financing)ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၈ ရက်က ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း။

**ပိုမိုဆောင်ရွက်နိုင်**

ပြည်ပကုန်သွယ်မှုအခြေအနေကိုကြည့်လျှင် ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် တိုးတက်ခဲ့ပြီး အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ပြည်ပပို့ကုန်တိုးတက်မှုများသည် ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ၉၉ ရာခိုင်နှုန်း ပါဝင်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး စွမ်းရည်မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် ဒီဇင်ဘာ ၁၃ ရက်တွင် (၁/၂၀၁၇)အစည်းအဝေးကို ကျင်းပခဲ့ပြီး လုပ်ငန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ စသည့် အဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းနိုင်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့် တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ခွင့်ပြုချက်ရယူပြီး မကြာခင် ဖွဲ့စည်းမိန့် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ကဏ္ဍများအလိုက် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည့်အတွက် ပါဝင်ဆွေးနွေးကြမည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ရည်မှန်းချက်အတိုင်း အောင်မြင်မှုများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် မူဝါဒများကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ချင်းရွှေဟော်နယ်စပ်ဂိတ် ဖွင့်လှစ်နိုင်ရေးနှင့် အနည်းဆုံး တစ်ရက်လုပ်ခလစာ အခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

**ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွမ်လုံ-ဟိုပန်-ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ (UMFCCI)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်စာတိုက်ကြီးမှ မြန်နှုန်းမြင့် အထူးစာဝေလုပ်ငန်း ၃၂ မြို့နယ်၌ ဝန်ဆောင်မှုပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၂ မြို့နယ်၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မြန်နှုန်းမြင့် အထူးစာဝေလုပ်ငန်းကို ရန်ကုန်စာတိုက်ကြီးတွင် ဗဟိုပြုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်း မန်နေဂျာ ဦးသောင်းနိုင်စိုးထံမှ သိရသည်။

အဆိုပါ မြန်နှုန်းမြင့် အထူးစာဝေလုပ်ငန်းစနစ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စည်ပင်နယ်နိမိတ် ၃၂ မြို့နယ်၌ ရန်ကုန်စာတိုက်ကြီးအား ဗဟိုပြုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ ရန်ကုန်စာတိုက်ကြီးသို့ ရောက်ရှိလာသော ချောစာ၊ ချောပစ္စည်းများသည် လိပ်စာအတိုင်းရောက်ရှိရန် အဆင့်ဆင့်စိစစ်ရ၍ တစ်ရက်ကြာမြင့်ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့် စနစ်သစ်သည် ရန်ကုန်စာတိုက်ကြီးနှင့် စာရွေးစာပို့(ရန်ကုန်)သို့ရောက်လာသော ချောစာနှင့် ချောထုပ်များကို ရန်ကုန်စာတိုက်ကြီးတွင် နံနက်ပိုင်း၌ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး စာရွေးစာပို့လုပ်ငန်းများ ဆောင်ရွက်ကာ DEMS Walkin၊ Oline Express၊ Oline VPP၊ Oline VPLအမြန်ချော၊ ချောစာ(VPP) နှင့် ချောထုပ်ပစ္စည်း (VPL)များကို လိပ်စာအတိုင်း နံနက် ၉ နာရီခွဲတွင် တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် နေ့ချင်းရောက် နေ့ချင်းပို့စနစ်ဖြင့် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် ဝန်ဆောင်ခ ယခင်အတိုင်းသာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရမည့်လိပ်စာများကို မြို့နယ်အတွင်းရှိ စာပို့လုလင်များက မော်တော်ဆိုင်ကယ်များဖြင့် ဇုန်အဖွဲ့ငါးဖွဲ့ခွဲကာ ယခင်ထက် မြန်ဆန်စွာ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းရုံး (ပန်းဆိုးတန်းရုံး)မှ သိရသည်။

ယခုဝန်ဆောင်မှုပေးသွားမည့် ရန်ကုန်တိုင်းဒေသကြီး မြို့တွင်း ခြောက်မြို့နယ်အပါအဝင် စည်ပင်နယ်နိမိတ် ၃၂ မြို့နယ်အတွင်း၌ စာတိုက်ပေါင်း ၁၀၄ တိုက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာကာလအတွင်း ရန်ကုန်စာတိုက်ကြီးနှင့် အခြားမြို့နယ်စာတိုက်ရုံး ၃၈ ရုံးတွင် ချောစာနှင့် ချောပစ္စည်း ပို့ဆောင်ပေးနေသည့် လုပ်ငန်းပမာဏ ၁၉၈၄၀၅ ခုရှိရာ တစ်လလျှင် ပျမ်းမျှ ၂၄၈၀၀ ရှိပြီး တစ်ရက်လျှင် ပျမ်းမျှ ၁၁၂၅ ခုရှိကြောင်း သိရသည်။ ယင်းအပေါ် စာပို့လုလင်တစ်ဦး၏ တစ်နေ့ပေးဝေနေသော လုပ်ငန်းပမာဏသည် ၅၆ ခုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းမန်နေဂျာရုံးမှ သိရသည်။

**ပွင့်သစ္စာ**


## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂)တွင် ဖော်ပြခဲ့သည့် ဦးမြင့်ဆွေအား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်သတင်း၌ ‘ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ’ (အစား) ‘နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ’ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **ကြေးမုံ**

# ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေမှ ငွေကြေး အလွဲသုံးမှု ယွမ်သန်း ၇၃၀ ကို ပြန်လည်သိမ်းဆည်းနိုင်



**ပေကျင်း ဒီဇင်ဘာ ၃၀**
တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အတွက် ခွင့်ပြုပေးခဲ့သော ရန်ပုံငွေမှ ငွေကြေးများကို အလွဲသုံးခဲ့သည်ဟု စုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် မလျော်မကန်အသုံးပြုခဲ့သည့် ငွေကြေးအနက်မှ ယွမ်သန်း ၇၃၀ ကို အာဏာပိုင်များက ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံရှိ ပြည်နယ် ၂၈ ပြည်နယ်၌ စာရင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ရန်ပုံငွေများကို အလွဲသုံးမှုတွေ့ရှိရပြီး တာဝန်ရှိသူပေါင်း ၄၅၀ ခန့်ကို စွဲချက်တင်လိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်ကောင်စီအောက်ရှိ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးရုံးတို့၏ တာဝန်ရှိသူများက ပြောကြားကြသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အတွက် ခွင့်ပြုပေးထားသော ရန်ပုံငွေမှ ငွေကြေးများအား မည်သို့မည်ပုံ အလွဲသုံးမှုပြုလုပ်ခဲ့သည်ကို အသေးစိတ်မသိရပေ။

အစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဆင်းရဲမွဲတေမှု လုံးဝကင်းပျောက်အောင် ပြုလုပ်သွားမည်ဟု ကတိကဝတ်ပြုခဲ့သည်။ တရုတ်နိုင်ငံ၌ လောလောဆယ်တွင် ဆင်းရဲမွဲတေသူအဖြစ် စံနှုန်းသတ်မှတ်ခံရသူ လူပေါင်း သန်း ၇၀ ရှိသည်။ သို့ရာတွင် ဆင်းရဲမွဲတေမှု ပြဿနာဖြေရှင်းနိုင်ရေးအတွက် အချိန်များစွာယူ၍ ဆောင်ရွက်သွားရမည်ဟု သုတေသီများက ပြောကြားကြသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့် လေးနှစ်တာ ကာလပတ်လုံး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအတွက် ယွမ်ငွေ ၁၉၆ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁၄ ဘီလီယံ)ကျခံ အသုံးပြုခဲ့သည်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ ခွင့်ပြုပေးထားသော ရန်ပုံငွေများကို အလွဲသုံးမှုဖြင့် တာဝန်ရှိသူ ၉၇၀ ကို အရေးယူအပြစ်ပေးခဲ့သည်ဟု တရုတ်အမျိုးသားစာရင်းစစ်ချုပ်ရုံး အကြီးအကဲ ဟူယွေကျန်းက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံတစ်ဝန်း အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြမှုများ ဖြစ်ပွား

**တီဟီရန် ဒီဇင်ဘာ ၃၀**
အီရန်နိုင်ငံတစ်ဝန်းတွင် အစိုးရကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

ဆန္ဒပြမှုများသည် ဒီဇင်ဘာ ၂၈ ရက်ကတည်းက အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မာရှက်မြို့တွင် စတင်ဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများသို့ ပျံ့နှံ့သွားခဲ့သည်။

အီရန်နိုင်ငံ အနောက်ပိုင်းရှိ ကာမန်ရှားမြို့တွင် လူ ၃၀၀ ခန့် စုဝေး၍ ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များအသုံးပြုကာ အဓိကရုဏ်းနှိမ်နင်းသည့် ဗီဒီယိုဖိုင်များ အင်တာနက်စာမျက်နှာများပေါ်သို့ တင်ထားသည်ကို တွေ့ရသည်။

အီရန်နိုင်ငံအလယ်ပိုင်း အက်စ်ဖာဟန်မြို့တွင်လည်း အဓိကရုဏ်းနှိမ်နင်းရေး တပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို နှိမ်နင်းလျက်ရှိသည်။ တာဝန်ရှိသူများက ဆန္ဒပြလှုပ်ရှားမှုတွင် ပါဝင်သူအချို့ကို ဖမ်းဆီးထိန်းသိမ်းထားသည်။

၂၀၁၅ ခုနှစ်တွင် အီရန်နိုင်ငံသည် အမေရိကန်နှင့် အခြားသော ကမ္ဘာ့အင်အားကြီးနိုင်ငံ ငါးနိုင်ငံနှင့် နျူကလီးယားသဘောတူညီမှုတစ်ခု ရရှိခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ဖြတ်တောက်ရမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုများကို ရုပ်သိမ်းပေးရမည်ဖြစ်သည်။ သို့သော် အီရန်ပြည်သူများက ကုန်ဈေးနှုန်းမြင့်တက်လာမှု၊ အထူးသဖြင့် လူငယ်များအတွင်း အလုပ်လက်မဲ့ဦးရေမြင့်တက်လာမှုနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ပြီး ဆန္ဒပြခြင်းဖြစ်သည်။

အီရန်နိုင်ငံတွင် အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြမှုမှာ ဖြစ်တောင့်ဖြစ်ခဲ ရှားရှားပါးပါးဖြစ်ရပ်တစ်ခုဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# ကိုလံဘီယာရှိ ညကပွဲရုံတွင် ပေါက်ကွဲမှုကြောင့် ၃၁ ဦး ဒဏ်ရာရ

**ဘိုဂိုတာ ဒီဇင်ဘာ ၃၀**
ကိုလံဘီယာနိုင်ငံမြောက်ပိုင်းအန်တီအိုကွေယာဒေသရှိ ညကပွဲရုံတစ်ရုံတွင် လူအုပ်အတွင်းသို့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းဖောက်ခွဲခဲ့ရာ ၃၁ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဘိုရာဘိုရာအမည်ရှိ ညကပွဲရုံအတွင်း လူများစွာ စုဝေးရောက်ရှိနေချိန် ဒီဇင်ဘာ ၂၉ ရက် နံနက်အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ကော်ကာစီယာမြို့တော်ဝန်က မီဒီယာသို့ ပြောကြားသည်။

ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သည် လက်ပစ်ဗုံးပစ်သွင်းသူအဖြစ် သံသယရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း မြို့တော်ဝန်က အတည်ပြုပြောကြားသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားကြသည်။



ဗုံးပေါက်ကွဲမှု ဖြစ်ပွားစဉ် ကြောက်လန့်တကြား ထွက်ပြေးနိုင်ရန် ကြိုးပမ်းကြရာမှ လူပြိုမှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း၊ လူအချို့မှာ ပြင်းထန်စွာ ဒဏ်ရာရသည်ဟု ယူဆရကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ညကပွဲရုံသို့ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ကပွဲရုံ အဆောက်အအုံအတွင်းရှိနေသူ လူအုပ်အတွင်းသို့ ဗုံးတစ်လုံးပစ်သွင်းကာ တိုက်ခိုက်ခဲ့သည်ဆို၏။ **ဆင်ဟွာ**

# စိန့်ပီတာစဘတ်ကုန်တိုက်ဗုံးခွဲမှု မိမိတို့၏ လက်ချက်ဟု အိုင်အက်စ်အဖွဲ့ ကြေညာ

**မော်စကို ဒီဇင်ဘာ ၃၀**
လွန်ခဲ့သော ရက်သတ္တပတ် အစောပိုင်းက ရုရှားနိုင်ငံ စိန့်ပီတာ စဘတ်မြို့၌ လူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိစေသော ဗုံးဖောက်ခွဲမှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဒီဇင်ဘာ ၂၇ ရက်က စိန့်ပီတာစဘတ်မြို့ရှိ ကုန်တိုက်တစ်ခုကို ပစ်မှတ်ထား ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုကို အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် အုပ်စုတစ်ခုက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့၏ ဝါဒဖြန့်ချိရေးဌာနမှ တစ်ဆင့် ကြေညာခဲ့သည်။

စိန့်ပီတာစဘတ်မြို့ အနောက်မြောက်ပိုင်းရှိ ကုန်တိုက်တစ်ခု၏ ပုဂ္ဂလိကပစ္စည်းများ ခေတ္တသိမ်းဆည်းရာ ဗီရိုတစ်ခုအတွင်း လက်လုပ်ဗုံးတစ်လုံးထည့်သွင်းကာ ဖောက်ခွဲခဲ့သည်။ ယင်းမြို့သည် ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်ပြီး သမ္မတပူတင်၏ မွေးရပ်ဇာတိမြို့လည်းဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ၁၄ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ဒဏ်ရာရသူများထဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။
**ရိုက်တာ**

# ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ ရိုးရာဓလေ့ထုံးစံ နှီးနှောဖလှယ်ပွဲပြုလုပ်

**မိုးညှင်း ဒီဇင်ဘာ ၃၀**

မိုးညှင်းခရိုင်အတွင်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ ရိုးရာဓလေ့ထုံးစံနှီးနှောဖလှယ်ပွဲကို မိုးညှင်းခရိုင် အရပ်ဘက် လူမှုအဖွဲ့အစည်းများကွန်ရက်က ဦးစီးပြီး မိုးညှင်းမြို့ ထီးလင်းဘုန်းကြီးကျောင်း အောင်မင်္ဂလာဇာတ်ရုံ၌ ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရိုးရာဓလေ့ထုံးစံ နှီးနှောဖလှယ်ပွဲပြုလုပ်ရခြင်းမှာ တိုင်းရင်းသားများ ငြိမ်းချမ်းရေးနှင့်အတူ စည်းလုံးညီညွတ်မှုရရှိစေရန်ရည်ရွယ်ကြောင်း မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် အဖွဲ့ဝင် ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးတင်ကိုကိုက ပြောသည်။

"ငြိမ်းချမ်းခြင်းနှင့်အတူ စည်းလုံးညီညွတ်ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးမေတ္တာထားခြင်း စတဲ့ရိုးရာဓလေ့စရိုက်တွေကို ပျံ့နှံ့စေဖို့ ရည်ရွယ်ပါတယ်၊ နိုင်ငံတော်အဆင့်ပြဿနာကို နိုင်ငံတော်က လုပ်ဆောင်နေကြလို့ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးရသွားပေမယ့်လည်း ကျွန်တော်တို့နိုင်ငံငြိမ်းချမ်းသွားမှာ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ဒေသအတွင်းက တိုင်းရင်းသားတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိမှ ကျွန်တော်တို့ဒေသအတွင်း ငြိမ်းချမ်းသွားမှာပါ၊ ဒီအတွက်ကို အဓိကထားရည်ရွယ်ပြီး ဒီလိုပွဲကို ပြုလုပ်ပေးဖြစ်ခဲ့တာပါ"ဟု ပွဲဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ ဦးတင်ကိုကိုက ပြောသည်။

အဆိုပါပွဲတွင် တိုင်းရင်းသားအချင်းချင်း ဓလေ့ထုံးစံများကို အလေးထားပြီး လူ့အခွင့်အရေး ကိုယ့်အခွင့်အရေးများကို နားလည်သိတတ်သည့်စိတ်၊ ကိုယ်ချင်းစာသည့်စိတ်ဖြင့် နားလည်ခွင့်လွှတ်ကာ ဓလေ့ထုံးစံများ ပြန့်ပွားလာစေရန်နှင့် ဒေသအတွင်း တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးကာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို အဓိကထား ဆောင်ရွက်နေကြကြောင်း မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်က ပြောသည်။

"ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ အရေးကြီးနေတယ်၊ ငြိမ်းချမ်းရေးရှိတဲ့နိုင်ငံဖြစ်ပါမှ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေဟာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကိစ္စတွေမှာပါ ပြီးပြည့်စုံပြီး နိုင်ငံအတွက် သားကောင်းတွေ ဖြစ်လာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ အခုလို နှီးနှောဖလှယ်ပွဲက ငြိမ်းချမ်းရေးကောက်ကြောင်းတွေကို ယူပြီးတော့ နိုင်ငံတော်အဆင့်တွေကိုလည်း တင်ပြသွားမှာပါ"ဟု ပွဲဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

အဆိုပါပွဲကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်သာပြုလုပ်မည်ဖြစ်ပြီး တိုင်းရင်းသားများဖြစ်ကြသော ကချင်တိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသား၊ ရှမ်းနီတိုင်းရင်းသား၊ ရခိုင်တိုင်းရင်းသား၊ ဗမာတိုင်းရင်းသား စသည့်အပြင် ဂေါ်ရခါးလူမျိုးများပါ ပါဝင်တက်ရောက်ကာ တိုင်းရင်းသားရိုးရာအတီးအမှုတ်များ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းသားများအားလုံးက ဒေသအတွင်းစမ်းစစ်ချက်များကို ဆွေးနွေးပြီး သဘောတူညီချက်များကို ချမှတ်ကြမည်ဖြစ်သည်။ ဖယ်ဒရယ်နိုင်ငံတည်ဆောက်ရေးတွင် မိုးညှင်း မြို့သူ မြို့သားများ တိုင်းရင်းသားများက ကောင်းသည့် ဘက်မှနေ၍ နိုင်ငံတော်ကို အထောက်အကူပြု ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒေသအတွင်း ငြိမ်းချမ်းရေးအတွက် ဘာတွေဆက်လုပ်ကြမလဲဆိုသည့် နှီးနှောဖလှယ်ဆွေးနွေးမှုများနှင့် အဖြေရှာသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းဦး**





# အသက်(၇၀)အထက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အသက်(၇၀)အထက် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများအား သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယင်းသက်ကြီးပူဇော်ပွဲကို မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး သက်ကြီးဘောလုံးသမားဟောင်းကြီးအများစု တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြိုင်က သက်ကြီးပူဇော်ပွဲကျင်းပရသည့်အကြောင်းအား ရှင်းလင်းပြောကြားပြီး ကန်တော့ခံပုဂ္ဂိုလ်ကြီးများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကန်တော့ခံ လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများအား ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ဦးစိုးမြင့်က ဆုံးမဩဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက သက်ကြီးပူဇော်ပွဲကျင်းပပေးသည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ကျေးဇူးတင်စကားပြောကြားပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသူများအား မေတ္တာလက်ဆောင်ပေးအပ်သည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

# အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်



**ရန်ကုန် ဒီဇင်ဘာ ၃၀**

အားကစားသမားများ၊ နည်းပြများ ချစ်ကြည်ရင်းနှီးမှုရရှိခြင်း၊ စားပွဲတင် တင်းနစ် အားကစားသမားများ၏ အားကစားအဆင့်အတန်းမြင့်မားရေး၊ စားပွဲတင် တင်းနစ်အားကစားနည်း တိုးတက်ပြန့်ပွားစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်နိုင်စေရန်ရည်ရွယ်၍ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ထံသို့ Crown Club မှ အလှူငွေကျပ် နှစ်သိန်းပေးအပ်ရာ ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲမှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး၊ အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား ၈၆ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀၇ ဦး၊ အသင်းပေါင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုဖြစ်မြောက်ရေး ရန်ပုံငွေဈေးရောင်းပွဲနှင့် ပြည်သူ့ပွဲတော် ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖြစ်မြောက်ရေး ရန်ပုံငွေဈေးရောင်းပွဲတော်နှင့် ပြည်သူ့ပွဲတော်ကို ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၂၆)ရပ်ကွက်ရှိ ယဉ်ကျေးမှုတက္ကသိုလ်အနောက်ဘက် ပြည်ထောင်စုလမ်းသွယ်၌ ဒီဇင်ဘာ ၂၇ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖြစ်မြောက်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ပြည်သူ့ပွဲတော်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက အခမဲ့ဖျော်ဖြေတင်ဆက်ကြပြီး အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

# ဒီဇင်ဘာ(နောက်ဆုံးပတ်)အားကစားလ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးရှေ့ရှိ ပန်းခြံစုရပ်၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီတွင် အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ဦးစီးကျင်းပသည့် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ(နောက်ဆုံးပတ်)တွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်နှင့် နည်းပြမှူးများ၊ နည်းစနစ်မှူးများ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များ၊ ရပ်ကွက်များတွင် စိတ်ပါဝင်စားကြသည့် ပြည်သူလူထုများ၊ စုစုပေါင်းအင်အား ၂၀၀၀ ခန့်တို့သည် စုရပ်အဖြစ် သတ်မှတ်ထားသည့်နေရာမှ စတင်တာထွက်ခဲ့ကြပြီး လမ်းသစ်လမ်းမတစ်လျှောက်၊ ရွှေပြည်အေးလမ်း၊ ဘူတာရုံလမ်း မီးရထားဘောလုံးကွင်းအတွင်းသို့ ပြန်လည်ပန်းဝင်လာပြီး အားကစားသွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ထွေ/အုပ် ဝန်ထမ်းများသည် အင်းစိန်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးကြီးဝင်းအတွင်း၌ သန့်ရှင်းရေး လုပ်ငန်းများကို ဆက်လက်ပြုလုပ်ခဲ့ကြပြီး နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲများဖြစ်ကြသည့် လွန်ဆွဲပွဲနှင့် ထုပ်ဆီးတိုးပွဲများကို ဝန်ထမ်းများက အနိုင်မခံ၊ အရှုံးမပေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **ညဏ်ဟိန်း**

# မြန်မာဆယ်မာအူးအွန်ဒိုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မြောင် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာ၌ မြန်မာဆယ်မာအူးအွန်ဒိုစီမံကိန်း ၂၀၁၇ ဒုတိယနှစ်စီမံကိန်း လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော ကျေးရွာဖွံ့ဖြိုးစုဝေးခန်းမ တည်ဆောက်ခြင်း၊ သောက်သုံးရေစင် ရေစက်တည်ဆောက်ခြင်း၊ မီးအားမြှင့်စက်တပ်ဆင်ခြင်း၊ ရေနုတ်မြောင်း ကွန်ကရစ်လောင်းခြင်းနှင့် အိမ်ဝိုင်းခြံစည်ရိုးများ ကာရံခြင်းလုပ်ငန်းများကို ဒီဇင်ဘာ တတိယပတ်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နယ်ချဲ့သမားတို့အကြံ လက်မခံ အဆင့်ဆင့် တိုက်ယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကြီး

■ ဟံသာဝတီ-ဦးအုန်းကြိုင်

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၅ ခုနှစ် မေလတွင် ဗြိတိသျှ(မဟာမိတ်)တပ်များ မြန်မာနိုင်ငံကို ဂျပန်တို့လက်မှ ပြန်လည်သိမ်းပိုက်လိုက်ကြသောအခါ ဦးစွာ ထွက်ပေါ်လာသော ပြဿနာမှာကား ဗြိတိသျှအစိုးရက "မြန်မာပြည်အတွက် စီမံကိန်း" (white paper plan-စက္ကူဖြူစီမံကိန်း)တစ်ရပ် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

**ဘုရင်ခံတစ်ဦးတည်း စိတ်ကြိုက်အုပ်ချုပ်မည့်စနစ်**

မြန်မာနိုင်ငံအတွက် စီမံကိန်းဟူသော ထိုထုတ်ပြန်ချက်တွင် ဗြိတိသျှအုပ်စိုးမှု လက်အောက်ခံနိုင်ငံ အဆင့်အတန်းကိုပင် မပေးဘဲ ဦးစွာ ၁၉၃၅ ခုနှစ် မြန်မာပြည်အုပ်ချုပ်ရေးစည်းမျဉ်း ဥပဒေအပိုဒ် ၁၃၉ အရ ဗြိတိသျှဘုရင်ခံတစ်ဦးတည်းသဘောအရ စီရင်အုပ်ချုပ်သောနည်းစနစ်ဖြင့် အုပ်ချုပ်သွားပြီး အဆိုပါ လက်အောက်ခံနိုင်ငံ (Dominion Status) အဆင့်အတန်းသို့ ဖြည်းဖြည်းမှန်မှန် တစ်ဆင့်ပြီးမှတစ်ဆင့် တိုးတက်မြှင့်တင်ပေးသွားမည်ဟု ပါရှိလေသည်။

**မြန်မာ့ဆန္ဒနှင့် လုံးဝဆန့်ကျင်နေခြင်း**

ယင်းထုတ်ပြန်ချက်အရ အုပ်ချုပ်သောစနစ်မှာ မြန်မာပြည်ကို ခေတ်ဟောင်းသို့ နောက်ပြန်ဆွဲစေသော စနစ်ဖြစ်သည်။ စစ်အတွင်းက မြန်မာပြည်သည် လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာခံခဲ့ရဖူးသည်။ ဂျပန်က ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် လွတ်လပ်ရေးကြေညာပြီးလျှင် ထိုနေ့မှစ၍ ဒေါက်တာဘမော်က အဓိပတိအဖြစ် ဆောင်ရွက်သော မြန်မာအစိုးရက အုပ်ချုပ်ခဲ့သည်။ သို့စဉ်လျက် ဗြိတိသျှတို့က ၁၉၃၇ ခုနှစ်မတိုင်မီက ဒိုင်အာခီ ခနော်ခနဲ့ အုပ်ချုပ်ရေးစနစ် ပုံစံမျိုးဖြင့် ပြန်လည်အုပ်ချုပ်မည်ဟု ကြေညာခြင်းမှာ ထိုအချိန်က တက်ကြွလျက်ရှိသော မြန်မာတို့၏ ဆန္ဒနှင့် လုံးဝတိုက်ဆိုင်ခြင်းမရှိ ဆန့်ကျင်လျက်ရှိလေသည်။

**ဝင်ဝင်ချင်း ဆောက်နဲ့ထွင်း**

၁၉၄၂ ခုနှစ် ဂျပန်တပ်များနှင့် ဘီအိုင်အေမြန်မာတပ်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်သိမ်းပိုက်လာသည်နှင့် အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်နေရာမှ ပြန်လည်ရောက်လာပြီးနောက် မြန်မာခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံစဉ် ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်က "လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးပါပြီ" ဟု ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းသည့် စကားဖြင့် စတင်လိုက်သည်။

**မြန်မာ့လွတ်လပ်ရေးတိုက်ပွဲစလေပြီ**

သို့သော် တက်သစ်စမြန်မာပြည်၊ စစ်ဒဏ်သင့် အမာရွတ်များ ပြည့်နှက်နေသော မြန်မာပြည်၊ စစ်ဒဏ်ရာကြောင့် ပင်ပန်းနေသော မြန်မာပြည်သည်ကား စိတ်ဓာတ်တင်းမာခိုင်ကျည်လျက် ရှိနေပြီဖြစ်သည်။ အချုပ်အခြာ အာဏာပိုင် လုံးဝလွတ်လပ်ရေးကိုသာ လိုချင်နေသော မြန်မာပြည်ဖြစ်နေပြီ။ ဆာဒေါ်မန်စမစ်သည် ထိုအချိန်က ဖြစ်တည်နေသော မြန်မာပြည်၏ ပကတိလက္ခဏာကို အကဲမဖြတ်တတ်။ ဆာဒေါ်မန်စမစ် ပြောသောစကားနှင့် မြန်မာတို့၏ ဆန္ဒသဘောထား လုံးဝမကိုက်ညီခဲ့။ ရလဒ်ကား အိန္ဒိယပြည် ဆင်းမလားမြို့တွင် စစ်အတွင်း သုံးနှစ်သုံးမိုး ရေးဆွဲခဲ့သော ဆာဒေါ်မန်စမစ်၏ စက္ကူဖြူစီမံကိန်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာပြည်သူတို့၏ အပြင်းအထန် အဆက်မပြတ် ရှုတ်ချကန့်ကွက်ခြင်းဖြင့် ရင်ဆိုင်ခဲ့ရလေသည်။

**တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဆူပူကန့်ကွက်ကြခြင်း**

ကန့်ကွက်ကြသည်မှာ ထိုအချိန်က အမျိုးသားလွတ်လပ်ရေး တပ်ပေါင်းစုကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း အညီအညွတ် စုပေါင်းပါဝင်လျက်ရှိကြသည့် လူထုလူတန်းစား အသင်းအဖွဲ့များအပြင် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ဗမာ၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားလူမျိုးစုများကပါ တစ်နိုင်ငံလုံးရှိ ပြည်သူတို့နှင့်အတူ လက်တွဲပါဝင်ကြလျက် အင်တိုက်အားတိုက် ဆန္ဒပြကန့်ကွက်ကြလေသည်။

**နေသူရိန်လူထုညီလာခံကြီး**

ယင်းပြည်လုံးကျွတ်ဆန္ဒပြ ကန့်ကွက်ပွဲကြီးများအနက် ၁၉၄၅ ခုနှစ် မေလတွင် ကျင်းပခဲ့သော ရန်ကုန်မြို့ ကန်တော်ကြီးစောင်း နေသူရိန်ပြဇာတ်ရုံ လူထုညီလာခံကြီးမှ ဆုံးဖြတ်ချက်များသည် မြန်မာတစ်မျိုးသားလုံး လိုလားကြသည့် ဆန္ဒအစစ်အမှန်များဖြစ်ခဲ့သည်။

**ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှု**

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖဆပလ၏ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ မျိုးချစ် ဗမာ့တပ်မတော်၏ မဟာစစ်သေနာပတိအဖြစ် လည်းကောင်း၊ အဆိုပါ နေသူရိန်လူထုညီလာခံကြီး၏ သဘာပတိအဖြစ် လည်းကောင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲအတွက် မြန်မာပြည်သူလူထုကြီးကို စည်းရုံးရှေ့ဆောင်နိုင်ခဲ့သည့်နောက် အောက်ပါသမိုင်းဝင် နေသူရိန်ပြဋ္ဌာန်းချက်များကို ညီလာခံကြီးက တစ်ခဲနက် တင်သွင်းဆုံးဖြတ်နိုင်ခဲ့လေသည်။

**နေသူရိန်ပြဋ္ဌာန်းချက်များ**

(က) ဖက်ဆစ်နိုင်ငံရေး အယူဝါဒမှန်သမျှ ရှုတ်ချဆန့်ကျင်ခြင်း။

(ခ) လူမျိုးတိုင်း မိမိတို့၏ကံကြမ္မာကို မိမိတို့ ဖန်တီးခွင့်ရှိသည်ဟု ထုတ်ဖော်ကြေညာသော အတ္တလန္တိတ်စာချုပ်ကို ထောက်ခံခြင်း။

(ဂ) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သောနိုင်ငံဖြစ်ရမည်ဟု အခိုင်အမာ ဆုံးဖြတ်ကြေညာခြင်း။

**အားယူပြင်ဆင်သော တိုက်ပွဲဗျူဟာသစ်**

ထိုနေသူရိန် ဆုံးဖြတ်ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံအတွက် အနာဂတ် လိုက်နာကျင့်ဆောင်ကြရမည့် လမ်းညွှန်ချက်များဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို အင်သစ်အားသစ်ဖြင့် အသစ်တစ်ဖန် ပြန်လည် တိုက်ပွဲဝင်ကြရန်အတွက် တိုက်ကြရအံ့ဆဲဆဲ အားယူပြင်ဆင်ထားသော တိုက်ပွဲဗျူဟာအသစ်အဖြစ် ပြည်သူတို့က ခံယူကြသည်။

**ယာယီအစိုးရဖွဲ့၍ ရွေးကောက်ပွဲကျင်းပပြီး အုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေရေးဆွဲရန်**

ထိုအချိန်က အခြေအနေမှာ မြန်မာပြည်သိမ်းစစ်ဘက်အုပ်ချုပ်ရေး (CAS-B) ကို ရုပ်သိမ်းပြီး ဗြိတိသျှနယ်ချဲ့ အစိုးရဘုရင်ခံ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် အစားထိုးဝင်ရောက်စပြုလာသောအချိန်ဖြစ်သည်။ ထိုအချိန်တွင် လူထုကိုယ်စားလှယ်ဖြစ်ကြသော မြန်မာခေါင်းဆောင်များ ပါဝင်သည့် ယာယီအစိုးရအဖွဲ့ ချက်ချင်းဖွဲ့စည်းရန် အရေးကြီးလာပြီဟု နေသူရိန်ညီလာခံကြီးက အကြံပေးထားပြီး အရွယ်ရောက်သူ နိုင်ငံသားတိုင်း မဲဆန္ဒပေးစေရန် ဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲများ အမြန်ဆုံးကျင်းပပြီးလျှင် ထိုလွှတ်တော်မှ မြန်မာနိုင်ငံ၏ အုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေကို ရေးဆွဲစေရမည်ဟု တောင်းဆိုကြလေသည်။

**ဘုရင်ခံ တစ်မျိုးတစ်ဖုံ ကြံစည်ပြန်ခြင်း**

၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဘုရင်ခံ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလကိုယ်စားလှယ်များသည် ဘုရင်ခံနှင့် တွေ့ဆုံကြသည်။ ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီ ဖွဲ့စည်းရန် ဘုရင်ခံကချပြပြီး ထိုကောင်စီတွင် အမှုဆောင်ဝန်ကြီး ၁၅ ဦး ခန့်ထားလိုကြောင်း လေးဦးကို မိမိရွေးချယ်ထားပြီးဖြစ်၍ ကျန် ၁၁ ဦးကို ဖဆပလအဖွဲ့ချုပ်က ရွေးချယ်ပေးရန်ဖြစ်ပြီး ပါဝင်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တင်သွင်းရန် ပြောကြားသည်။

**ဘုရင်ခံ အကြံ ဖဆပလ လက်မခံ**

ဘုရင်ခံကမ်းလှမ်းသည့် အစီအစဉ်မှာ ဖဆပလ၏ ဗျူဟာအရ မကိုက်ညီသော်လည်း ခြွင်းချက်ထား၍ ဘုရင်ခံ အမှုဆောင်အဖွဲ့တွင် ပါဝင်မည့် ဝန်ကြီးလောင်းစာရင်းကို ဘုရင်ခံထံတင်သွင်းလိုက်သည်။ ဘုရင်ခံသည် ဖဆပလမှ တင်သွင်းသော အမည်စာရင်းနှင့် ရာထူးနေရာများကို သဘောမတူရှိနေသဖြင့် ထိုစာရင်းကို ဖဆပလက ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

**နယ်ချဲ့အလိုတော်ရိများ ပါဝင်လာကြခြင်း**

ထိုစဉ် ဘုရင်ခံဖွဲ့စည်းမည့် ဘုရင်ခံ၏ အလုပ်အမှုဆောင်အဖွဲ့ (အစိုးရအဖွဲ့)တွင် လူထုကိုယ်စားလှယ်များ မဟုတ်သော ဗြိတိသျှအလိုတော်ရိများက ဝင်ရောက်ရာထူးယူကြလေတော့သည်။

**ပြည်သူတို့ တစ်ခဲနက်ဆန္ဒပြကြလေပြီ**

ထိုအခါ နိုင်ငံရေးအသင်းအဖွဲ့များနှင့် လူထုများသည် ဖဆပလ အလံတော်အောက်သို့ တစုတဝေးတည်း လာရောက်စုရုံးကြတော့သည်။ ပြည်သူတို့သည် နိုင်ငံသမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော သွေးစည်းညီညွတ်မှုများဖြင့် ပေါင်းစည်းလာကြသည်။ လူထုအစည်းအရုံးကြီးများကလည်း မိမိတို့လိုလားချက်များ၊ တောင်းဆိုချက်များကို ထုတ်ဖော်ကြွေးကြော်ကာ ဆန္ဒပြကြလေသည်။ ဖြစ်ပေါ်နေသော နိုင်ငံရေး အကျပ်အတည်းကြီးမှ လွတ်မြောက်သည်အထိ မဆုတ်မနစ်ဆက်လက်ကြိုးပမ်းသွားမည်ဟူသော ဆုံးဖြတ်ချက်ကြီးများကို ချမှတ်ကာ အပြင်းအထန် ဆန္ဒပြတောင်းဆိုကြတော့သည်။

**မီးကုန်ယမ်းကုန် လွတ်လပ်ရေးတိုက်ပွဲကြီး**

လွတ်လပ်ရေးတိုက်ပွဲကြီးအား မီးကုန်ယမ်းကုန် စလေတော့သည်။ ပုလိပ်အဖွဲ့ကြီး (ရဲအဖွဲ့) တစ်ဖွဲ့လုံး သပိတ်လက်နက်စွဲကိုင်လိုက်ကြလေသည်။ အစိုးရအမှုထမ်း သမဂ္ဂပေါင်းစုံ အဖွဲ့ချုပ်ကြီးကလည်း ပုလိပ်အဖွဲ့ကြီးနည်းတူ အစိုးရဌာနအသီးသီးတို့မှ သပိတ်မှောက်ထွက်ခွာလာကြလေသည်။ ဗဟိုစာတိုက်ကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ စာတိုက်အလုပ်သမားများလည်း သပိတ်မှောက်လိုက်ကြသည်။ မြန်မာပြည် မီးရထား အလုပ်သမားသမဂ္ဂကလည်း တစ်ပြည်လုံးသပိတ်မှောက်ကာ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ခွာလာကြသည်။ အခြားစက်ရုံ၊ အလုပ်ရုံ အလုပ်သမားများကလည်း သပိတ်အတွင်း ပါဝင်လာကြသည်။ ဤသို့နှင့် တစ်နိုင်ငံလုံးနှင့်ယှဉ်သော အထွေထွေသပိတ်ကြီးသည် ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် မီးဟုန်းဟုန်းတောက်လောင်၍ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံး လုံးဝရပ်စဲသွားလေသည်။ ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်လည်း မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချကာ ငုတ်တုတ်စင်းခံနေရပေတော့သည်။

**နည်းဗျူဟာနှစ်သွယ်ချမှတ်ပြင်ဆင်ခြင်း**

ဖဆပလအဖွဲ့ချုပ်ကြီးသည် နေသူရိန်လူထုညီလာခံကြီးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပေါ်ပေါက်ရေးအတွက် (၁) ဒီမိုကရေစီအခွင့်အရေး တိုက်ပွဲ (၂) လက်နက်ကိုင်တိုက်ပွဲဟူ၍ နည်းဗျူဟာနှစ်သွယ်ကိုချမှတ်ပြီး ဦးစွာ အနုနည်းနှင့် တိုက်ပွဲဆင်ရာမှ လိုအပ်သောအချိန်တွင် လက်နက်စွဲကိုင်သော တိုက်ပွဲအသွင်သို့ ကူးပြောင်းနိုင်စေခြင်းငှာ ပြင်ဆင်မှုများ ကြိုတင်ပြုလုပ်ခဲ့သည်။

**ဗိုလ်ချုပ်ချမှတ်ခဲ့သောလမ်းစဉ်**

သို့ရာတွင် တိုက်ပွဲဆင်နွှဲကြရာ၌ ပိုမိုထိရောက်၍ အချိန်ကိုဖြတ်တောက်နိုင်ရန် (၁) အတွင်းပူးဝင်တိုက်နည်း (၂) အပြင်ဖြန့်တိုက်နည်း (၃)အပေါ်မှဖိတိုက်နည်း (၄) အောက်မှတွန်းလှန်တိုက်နည်း အစရှိသော မဟာဗျူဟာအစုံတို့ကို ဖဆပလအဖွဲ့ချုပ်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် သေနင်္ဂဗျူဟာမြောက် ချမှတ်ပေးထားပြီးဖြစ်သည်။

**ဘုရင်ခံအမှုဆောင်ကောင်စီသို့ ဝင်ရောက်ခြင်း**

ထိုဗျူဟာများအနက်မှ လက်ရှိဆင်နွှဲနေသော လွတ်လပ်ရေးတိုက်ပွဲအတွက် လိုအပ်သည်ဟုယူဆသည့်အတိုင်း ဖဆပလအဖွဲ့ချုပ်သည် ၁၉၄၆ ခုနှစ် စက်တင်ဘာတွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ အစိုးရအဖွဲ့သို့ ဝင်ရောက်ခဲ့လေသည်။

**လူထုတိုက်ပွဲကြီးများဆင်နွှဲရန်**

ထိုကာလတစ်လျှောက် လွတ်လပ်ရေးတိုက်ပွဲကို တိုက်စစ်ဆင်ရာတွင် ဖဆပလအဖွဲ့ချုပ်က တပ်ဦးမှ ချီတက်တိုက်ခိုက်နေခိုက် မြန်မာပြည်သူလူထုသည် ဖဆပလအဖွဲ့ချုပ်အလံအောက်မှ ချီတက်လိုက်ပါ၍ လူထုတိုက်ပွဲကြီးများကို အပြင်းအထန် တစ်ဆင့်ပြီး တစ်ဆင့် ဆင်နွှဲခဲ့ကြလေသည်။ သာမန်အင်အားပြပွဲများကို တစ်တိုင်းတစ်ပြည်လုံး နေရာအနှံ့ အမြောက်အမြား ဆင်နွှဲခဲ့ကြသည်။

**လူထုအင်အားပြ သမိုင်းဝင်တိုက်ပွဲကြီးများ**

အထူးတလည်ဆင်နွှဲခဲ့ကြသော လူထုအင်အားပြ သမိုင်းဝင်တိုက်ပွဲကြီးများမှာ (၁) အင်းစိန်ခရိုင် ထန်းတပင် သေနတ်ပစ်မှု လူထုကန့်ကွက်ပွဲကြီး (၂) စက္ကူဖြူစီမံကိန်း ဖျက်သိမ်းရေးကန့်ကွက်ပွဲ (၃) ပြည်လုံးကျွတ် အထွေထွေ သပိတ်မှောက်တိုက်ပွဲကြီး (၄) ဖဆပလမှ ကွန်မြူနစ်တို့အား ထုတ်ပစ်ခြင်းနှင့် နယ်ချဲ့ထံ ရာဇသံပေးပွဲ (၅)ရွှေတိဂုံ အနောက်ဘက်မုခ် လွတ်လပ်ရေးဆန္ဒပြပွဲကြီး (၆) နိုင်ငံရေးရှင်းလင်းပွဲ (၇)ရွေးကောက်ပွဲရှင်းလင်းပွဲ (၈) တိုင်းပြည်ပြုလွှတ်တော်သို့ လူထုနှင့်အတူချီတက်ပွဲ (၉) ဒုတိယနိုင်ငံရေးရှင်းလင်းပွဲ (၎င်းရှင်းလင်းပွဲကြီးသို့ လူထုပရိသတ် နှစ်သိန်းခန့် တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းက လုံးဝလွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင်ယူမည်ဟု အတိအလင်း ကြေညာသည်) (၁၀) လူသတ်ဝါဒ စစ်ကြေညာပွဲများ ဖြစ်သည်။

**ဗိုလ်ချုပ်လက် ဝကွက်၍ အပ်ရလေပြီ**

ဤလူထုအင်အားပြပွဲကြီးများ၊ ပုလိပ်သပိတ်ကြီး၊ အစိုးရအမှုထမ်းပေါင်းစုံသပိတ်၊ မီးရထားအလုပ်သမားများသပိတ် စသည့်အထွေထွေသပိတ်ကြီးပေါ်ပေါက်၍ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားပြီး တစ်တိုင်းပြည်လုံး အခြေအနေများ အလွန်ဆိုးရွားလျက်ရှိနေလေရာ ဤကမောက်ကမ တိုင်းပြည်ကြီးကို စီမံကွပ်ကဲအုပ်ချုပ်ရန် ဗိုလ်ချုပ်အောင်ဆန်းလက် ဝကွက်အပ်လာသည်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော အဖွဲ့ချုပ်ကြီးက ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် လက်ခံလျက် အစိုးရအဖွဲ့သစ်ကို ဗိုလ်ချုပ်ဦးစီးပြီး ဖွဲ့စည်းခဲ့လေသည်။

> ဤကမောက်ကမ တိုင်းပြည်ကြီးကို စီမံကွပ်ကဲအုပ်ချုပ်ရန် ဗိုလ်ချုပ်အောင်ဆန်းလက် ဝကွက်အပ်လာသည်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော အဖွဲ့ချုပ်ကြီးက ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် လက်ခံလျက် အစိုးရအဖွဲ့သစ်ကို ဗိုလ်ချုပ် ဦးစီးပြီး ဖွဲ့စည်းခဲ့လေသည်။

စာမျက်နှာ ၇ သို့ ◆

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် “ထာဝရငြိမ်းချမ်းရေး” ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

- ဘိုးဘွားအမွေပေး၊ လွတ်လပ်ရေးသည် လေးနက်စစ်မှန်၊ အဖိုးတန်၏။
- အဖိုးတန်ဆု၊ လွတ်လပ်မှုသည် လူမှုစီးပွား၊ ဘဝများကို မြင့်မားနိုင်စေ၊ တိုးတက်စေ၏။
- လွတ်လပ်မှုခန်း၊ မငြိမ်းချမ်းသော် စိတ်ဝမ်းနံ့ချာ၊ ဘဝနာ၍ မွဲပြာဆင်းရဲတတ်လေ၏။
- တို့မြေ တို့ရေ၊ ငါတို့ပြည်ကို တို့တွေ စောင့်ရှောက်ကြရမည်။
- တို့မြေမှန်က၊ တစ်လက်မလျှင် ပွဲကျခွင့်ရေး၊ တို့မပေးနိုင် သွေးချွေးအသက်၊ တို့ပေးဆပ်အံ့။
- တို့တိုင်းရင်းသား၊ ညီနောင်များတို့ တွဲထားသည့်လက်၊ ရှေ့သို့ဆက်၍ ထက်မြက်စိတ်ဓာတ်၊ ကျောချင်းကပ်လျက် လွတ်လပ်ရေးသတိ၊ အမြဲရှိ၍ အမိမြေကို စောင့်ရှောက်မည်။

ပန်းတောင်းသန်းကြွယ်

## လွတ်လပ်ရေးနေ့ (အကြို) စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ (အကြို) စာဖတ်စွမ်းရည်ပြိုင်ပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လွတ်လပ်ရေးနေ့၏ သမိုင်းကြောင်း၊ လွတ်လပ်ရေးသတိရှိကြစေရန်နှင့် စာဖတ်စွမ်းရည်များ မြင့်မားစေရန် ရည်ရွယ်၍ လေ့ကျင့်ပေးခြင်းဖြစ်ကြောင်းနှင့် မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဆရာမောင်ဉာဏ (ညောင်ပင်သာ)က စာဖတ်စွမ်းရည်ပြိုင်ပွဲ၏ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (နေရှင်နယ်)နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ပေတော)တို့မှ ကျောင်းသားကျောင်းသူ ၁၀ ဦးတို့က ဒီဇင်ဘာ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ကောင်းစျာန်သိမ်း၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့(အကြို) ဂုဏ်ပြုဆောင်းပါးဖြစ်သော “မမေ့အပ်သော လွတ်လပ်ရေး” ဟူသည့် ဆောင်းပါးဖြင့် စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ရဲဝင်းထွန်း(မြစ်သား)

◆ စာမျက်နှာ ၆ မှ

**နိုင်ငံရေးအကျပ်အတည်းကြီး ပြေလျော့လာခြင်း**

ထိုအခါ မှောက်နေကြသော အထွေထွေသပိတ်များလည်း ပြန်လည်၍ လှန်ကြလေသည်။ နိုင်ငံရေး အခက်အခဲ အကျပ်အတည်းကြီးလည်း ပြေပျောက်စပြုလေပြီ။ တင်းမာနေခဲ့သော လူထုအုံကြွလှုပ်ရှားမှုကြီးလည်း ပြေပြစ်လာသည်။ နေသူရိန်ညီလာခံကြီးမှ တောင်းဆိုခဲ့သော အချက်ကြီးတစ်ချက်ကား ရရှိလေပြီ။

**ပါလီမန်ဒီမိုကရေစီအတွက် ပထမဆုံးခြေလှမ်း**

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အမှုဆောင်ဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့သစ်သည် ဘုရင်ခံနှင့် တွဲဖက်၍ လူထုကောင်းစားရေးအတွက် စတင်ဆောင်ရွက်တော့သည်။ အမှုဆောင်ဝန်ကြီး အဖွဲ့သစ်သည် နားလည်မှုရှိသော ဘုရင်ခံသစ်နှင့် တွဲဖက်လုပ်ကိုင်ရသောကြောင့် အရာထင် အကျိုးရှိနေပေသည်။ သို့ဖြစ်သောကြောင့် ပုဒ်မ ၁၃၉ အရ ဘုရင်ခံတစ်ဦးတည်း အာဏာပိုင်အုပ်ချုပ်ရေးစနစ်မှာ တဖြည်းဖြည်းချင်း ပျောက်ကွယ်လာပြီးလျှင် ပါလီမန် လွှတ်တော်စနစ် အုပ်ချုပ်ရေး (ပါလီမန်ဒီမိုကရေစီစနစ်)ဟူ၍ အထင်အရှား အမည်တပ်၍ မခေါ်ရသည်မှအပ ပါလီမန်စနစ်ဖြင့် လွတ်လပ်သော အုပ်ချုပ်ရေးစနစ်ကို ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အတွက် တဖြည်းဖြည်းချင်း ထူထောင်နိုင်ခဲ့လေသည်။ ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်မှာ ဗိုလ်ချုပ်နှင့် ရင်းနှီးသောပုဂ္ဂိုလ်ဖြစ်သည်။

**အတွင်းစည်းဝင်ပေမယ့် လူထုတိုက်ပွဲဆင်နွှဲဆဲ**

ထိုကဲ့သို့ အုပ်ချုပ်ရေးစနစ်ကို အတွင်းစည်းတွင်းဝင်ရောက်၍ အနုနည်းဖြင့် ဆောင်ရွက်နိုင်စေကာမူ လွတ်လပ်ရေးတိုက်ပွဲကိုမူ အရှိန်အဟုန်ပြင်းပြင်းဖြင့် လူထုတိုက်ပွဲအသွင်ဖြင့် မပြတ်ဆင်နွှဲလျက်ရှိလေသည်။

**ဗြိတိသျှတို့ထံ ဗိုလ်ချုပ်၏ရာဇသံ**

ဖဆပလ အဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်မှာ လူထုလိုလားသော အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်ရေးသာလျှင်ဖြစ်သည့်အတိုင်း ၁၉၄၆ ခုနှစ် အောက်တိုဘာတွင် ဖဆပလ အဖွဲ့ချုပ်က ဗြိတိသျှအစိုးရထံသို့ (၁)နိုင်ငံခြားသားများမပါသော တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ရန်(၂) လုံးဝအချုပ်အခြာအာဏာနှင့် ပြည့်ဝသော အစိုးရအဖွဲ့ကိုဖွဲ့စည်းပေးရန် (၃) ပရိုဂျက်စီမံကိန်းများနှင့်ပတ်သက်၍ ဗဟိုဦးစီးအဖွဲ့ ဆုံးဖြတ်ချက်အရဖြင့် ဆောင်ရွက်ရန် (၄) အထက်ပါအတိုင်းမရက လက်ရှိအစိုးရအဖွဲ့မှ ဖဆပလ နုတ်ထွက်၍ လူထုတိုက်ပွဲများဆင်နွှဲမည်ဟု ရာဇသံပေးလိုက်လေသည်။

**လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဗြိတိသျှတို့ ဖိတ်ခေါ်ပြီ**

ထိုရာဇသံအရ ဗြိတိသျှအစိုးရက လွတ်လပ်ရေးအတွက် ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဗြိတိသျှနန်းရင်းဝန် မစ္စတာ အက်တလီကိုယ်တိုင် ဖိတ်ခေါ်လာလေသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်လျက် သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဘဖေ၊ သခင်ဗစိန်၊ ဦးစော အစရှိသော ကိုယ်စားလှယ်များ၊ ဘိလပ်သို့သွားကြပြီးလျှင် ဗြိတိသျှအောက်လွှတ်တော်တွင် မြန်မာနိုင်ငံသို့ အာဏာများ လွှဲပြောင်းပေးအပ်ရေးကိစ္စများကို ဗြိတိသျှအစိုးရအဖွဲ့နှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးကြပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။ ထိုစာချုပ်ကို မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရှေးရှုသောစာချုပ်အဖြစ် အသိအမှတ်ပြုလက်ခံခဲ့ကြသည်။

**ဘိလပ်သို့ ထွက်ခွာနီးဆဲဆဲ ဗိုလ်ချုပ်၏ ကြိမ်းဝါးသံ**

ဗြိတိသျှ-မြန်မာလွတ်လပ်ရေး ဆွေးနွေးပွဲအတွက် လန်ဒန်မြို့သို့ ခရီးထွက်အံ့ဆဲဆဲ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက “ကျုပ်ကတော့ အကောင်းဆုံးဖြစ်ပါစေလို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် အဆိုးဆုံးဖြစ်မယ်ဆိုရင်လည်း ကျုပ်ကတော့ အဆင်သင့်ပါပဲ”ဟု သတင်းစာဆရာများအား ပြောသွားခဲ့သည်။

**မြန်မာ-ဗြိတိသျှဆွေးနွေးပွဲ အထူးအောင်မြင်ခဲ့**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် လန်ဒန်သို့ ဆိုက်ရောက်ကြသည်။ ဆိုက်ရောက်သည်နှင့် ဆွေးနွေးပွဲ ချက်ချင်း စတင်ကျင်းပသည်။ မြန်မာနှင့် ဗြိတိသျှတို့ တစ်ဖက်နှင့်တစ်ဖက် အပေးအယူမျှတသော စိတ်ဓာတ်ဖြင့် ဆွေးနွေးကြသည်။ လန်ဒန်ဆွေးနွေးပွဲကို မြန်မာလူထုကြီးက ရင်ကိုပင့်၍ အကောင်းဆုံးဖြစ်စေရန် မျှော်လင့်ကာ အဆိုးဆုံးအတွက်လည်း အသင့်ပြင်ဆင်ထားကြသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်အတိုင်း လက်နက်စွဲကိုင် အကြမ်းနည်းဖြင့် တိုက်ခိုက်ကြရန် အသင့်ဖြစ်နေကြသည်။

**တစ်နှစ်အတွင်း လွတ်လပ်ရေးရမည်ဟု ဗိုလ်ချုပ်ကြေညာခြင်း**

ဇန်နဝါရီလကုန်သောအခါ ဗိုလ်ချုပ်တို့ ကိုယ်စားလှယ်အဖွဲ့ ပြန်ရောက်လာကြသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားထည်ဝါသော သမိုင်းမှတ်တိုင်ကြီးဖြစ်လာမည့် စိတ်ကျေနပ်ဖွယ် သဘောတူညီချက်များကို ဆွေးနွေးအပြီး ရရှိခဲ့ပြီဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြေညာလိုက်သည်။

“ကျုပ်ကတော့ ဒီစာချုပ်က ကျုပ်တို့ရဲ့ လုံးဝလွတ်လပ်ရေးပန်းတိုင်အရောက် တစ်နှစ်အတွင်းမှာ ပို့ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် အခုသဘောတူညီချက်ကို လူထုက လက်ခံဖို့ ကျုပ်ထောက်ခံကြောင်း ကြေညာပါတယ်”

**မြန်မာလူထု တစ်ခဲနက် ထောက်ခံကြခြင်း**

မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးက ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်အောင်မြင်ချက်ကြီးကို အကြွင်းမဲ့ လက်ခံကြိုဆိုကြသည်မှာ တစ်နိုင်ငံလုံး ပွဲတင်ရိုက်တီးမြည်ဟည်းသွားလေတော့သည်။

**တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကြီး**

အောင်ဆန်း-အက်တလီစာချုပ်အရ တိုင်းပြည်ပြုလွှတ်တော် (National Assembly) ရွေးကောက်ပွဲကို ထိုနှစ် ဧပြီလတွင် ကျင်းပရာ ဖဆပလအဖွဲ့ချုပ်က ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် သောင်ပြိုကမ်းပြို ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။

**ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ**

ရွေးကောက်ပွဲကျင်းပပြီးနောက် မကြာမီကျင်းပမည့် တိုင်းပြည်ပြုလွှတ်တော်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကို မေလ ၁၉ ရက်နေ့တွင် ရန်ကုန်ဂျူဗလီဟော၌ကျင်းပပြီး မြန်မာနိုင်ငံတော်ကို လုံးဝလွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေညာမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သဘောတူအတည်ပြုခဲ့ကြလေသည်။

**ပထမဆုံးတိုင်းပြည်ပြုလွှတ်တော်**

တိုင်းပြည်ပြုလွှတ်တော်ကို ဇွန်လ ၁၀ ရက်နေ့တွင် စတင်ကျင်းပ၍ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှ ဆုံးဖြတ်အတည်ပြုချက်နှင့်အညီ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆွေးနွေးကြပြီးနောက် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် လွှတ်တော်မှ အတည်ပြုလေသည်။ အာဏာလွှဲပြောင်းရေးအတွက် လမ်းခင်းပြီးဖြစ်စေရန် လွှတ်တော်ဥက္ကဋ္ဌ သခင်နု ဦးဆောင်သော မြန်မာ့မိတ်ဆက်အဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်စီစဉ်ခဲ့သည်။

**မြန်မာ့လွတ်လပ်ရေးစာချုပ်ကြီး**

အခြေခံဥပဒေရေးဆွဲပြီးနောက် ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ ဗိုလ်မှူးအောင်၊ ဒေါက်တာအေးမောင်၊ မန်းဝင်းမောင်(ကရင်)၊ မိုးမိတ်စော်ဘွားကြီး(ရှမ်း)၊ ဦးဝမ်းကိုဟော(ချင်း)နှင့် ဦးလဘန်ကရောင်း(ကချင်)တို့ပါဝင်သော ကော်မရှင်အဖွဲ့ကို အင်္ဂလန်သို့စေလွှတ်သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် တစ်ဖန် သခင်နု၊ ဗိုလ်လက်ျာနှင့် ဗိုလ်ထွန်းလင်းတို့အဖွဲ့ အင်္ဂလန်သို့ ထပ်မံသွားရောက်ကြပြီး မြန်မာနိုင်ငံကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော သမ္မတနိုင်ငံအဖြစ် အသိအမှတ်ပြု၍ အာဏာလွှဲအပ်ရန်အတွက် ဗြိတိသျှအစိုးရနှင့် မြန်မာ့လွတ်လပ်ရေးစာချုပ်ကြီးဖြစ်သော နု-အက်တလီစာချုပ်ကြီးကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြလေသည်။

**နှစ်(၇၀)ပြည့် ကိုယ်တွေ့ဂုဏ်ပြုမှတ်တမ်း**

ဤသို့ဖြင့် အောင်ဆန်း-အက်တလီ၊ နု-အက်တလီ၊ မြန်မာ-ဗြိတိသျှစာချုပ်များအရ အချုပ်အခြာအာဏာလွှဲပြောင်းရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀အချိန်တွင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ နှစ်ပေါင်း ၁၀၀ ကျော်က ဗြိတိသျှနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝအဖြစ် ဆုံးရှုံးခဲ့ရသော မြန်မာ့ လွတ်လပ်ရေးကြီးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် ပြန်လည်ရရှိခဲ့သည်မှာ ယခုဆိုပါလျှင် နှစ်ပေါင်း (၇၀)တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်ရာ ထိုမြန်မာ့လွတ်လပ်ရေးအောင်ပွဲကြီးအတွက် တစ်ဆင့်ပြီး တစ်ဆင့် တိုက်ပွဲဆင်နွှဲခဲ့ကြရသော အတိတ်မှ ကိုယ်တွေ့ကြုံဆုံ သတင်းမှတ်တမ်းရေးသားခဲ့ရပါသော သမိုင်းပုံရိပ်များကို ပြန်လည်မြင်ယောင်မိသည့်အတိုင်း နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယအတွက် ဂုဏ်ပြုမှတ်တမ်းရေးသားတင်ပြအပ်ပါသည်။ ။

# ကလေးစာပေပွဲတော်ကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကလေးစာပေပွဲတော်ကို ရန်ကုန်မြို့ရှိ အထက(၆) ဗိုလ်တထောင်တွင် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ကလေးစာပေပွဲတော် ကျင်းပရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ စာပေပွဲတော်များတွင် စာအုပ်စာပေများ ခင်းကျင်းပြသသကဲ့သို့ တစ်ပြိုင်တည်းတွင် စိတ်အားထက်သန်သည့် ပရိသတ်များကို စာအုပ်စာတမ်းများ ရောင်းချပါကြောင်း၊ စာအုပ်ဈေးရောင်းပွဲနှင့် စာပေပြပွဲ နှစ်ခုတွဲပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့တိုင်းပြည်တွင် လိုအပ်နေသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် အားပေးမှုရရှိခြင်းဖြစ်ပါကြောင်း၊ ယခု ပိုကောင်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် စဉ်ဆက်မပြတ်လေ့လာရန် လိုအပ်နေပါကြောင်း၊ အသစ်အသစ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေပါကြောင်း၊ Knowledge Age၊ Information Age ဖြစ်ပါကြောင်း၊ ယနေ့ မလေ့လာပါက ယနေ့မှစပြီး ကျန်သည့်သူများထက် နောက်ကျသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမြဲလေ့လာဆည်းပူးနေရန်၊ ရှာဖွေဖတ်ရှုနေရန် လိုပါကြောင်း၊ လူတစ်ယောက် စာဖတ်ရန်မှာ ဝါသနာပါမှဖတ်မည် ဖြစ်ပါကြောင်း၊ မဖတ်ရမနေနိုင်သည့် စိတ်မျိုးရှိမှသာ လိုက်ပြီးဖတ်မည်ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်ကာလတွင် စာအုပ်စာပေကို စိတ်ဝင်စားသွားအောင် ဖန်တီးပေးနိုင်လျှင်၊ ထိုကလေးများ၊ လူငယ်များသည် ငယ်ရွယ်စဉ်ကတည်းက စာဖတ်ဝါသနာ ရင်ထဲကိန်းအောင်းသွားလျှင် အသက်ကြီးလာချိန်တွင် စာအုပ်စာပေ ဖတ်ရှုသည့် အလေ့အထ များသွားမည်ဖြစ်ပါကြောင်း။

ယခုစာပေပွဲတော်တွင် စုပေါင်းလှုပ်ရှားရသည့် ကစားနည်းများ၊ ပြိုင်ပွဲများ၊ အကအခုန်များ၊ ကျောင်းအသီးသီးမှ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါမည်ဖြစ်သဖြင့် ထိုကလေးများသည် တစ်ယောက်ချင်းစီသာမဟုတ်ဘဲ အများနှင့်၊ ကျောင်းမှ အသင်းအဖွဲ့အစုနှင့် ဝိုင်းဝန်းဆောင်ရွက်ရသည့်အလုပ်ကို ပျော်ရွှင်နှစ်ခြိုက်သည့် အလေ့အထ ရသွားမည်ဆိုလျှင် ထိုကလေးများသည် လူ့အသိုင်းအဝိုင်းအတွင်း အထီးကျန်နေခြင်းမျိုး၊ လူ့အသိုင်းအဝိုင်းကို ဆန့်ကျင်နေခြင်းမျိုး မလုပ်တော့ဘဲ မိမိနေထိုင်သည့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကို သာသာယာယာ၊ စည်စည်ကားကားဖြစ်အောင် ကိုယ်လည်း ပါဝင်ဆောင်ရွက်မည်ဆိုသည့်စိတ်ဓာတ် ဖြစ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

"ကလေးတွေမှာ စာဖတ်တဲ့ဝါသနာ ကိန်းအောင်းသွားဖို့နဲ့ နောက်တစ်ခုက အများနဲ့စုပေါင်းပြီး အများနဲ့သက်ဆိုင်တဲ့ကိစ္စတွေမှာ ပါဝင်တတ်တဲ့စိတ်ဓာတ်၊ အလေ့အကျင့်ရရှိသွားဖို့ ဖြစ်ပါတယ်၊ အဲဒီလို ရရှိသွားမယ်ဆိုရင် ကလေးတွေဟာ စာဖတ်ခြင်းကြောင့်ရရှိတဲ့ အသိပညာဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ တစ်ချိန်တည်းမှာ အများနဲ့ ဆက်ဆံပေါင်းသင်းပြီး လုပ်တတ်ကိုင်တတ်တဲ့အတွက် လူရည်လူသွေး၊ လူစွမ်းလူစ တိုးတက်မှုတွေကြောင့် ဉာဏပိုင်းရော၊ မိတ္တဗလပိုင်းရော ပေါင်းသင်းဆက်ဆံရေး၊ စုပေါင်းလုပ်ဆောင်တတ်တဲ့အလေ့အကျင့်၊ အတွေ့အကြုံ ပြည့်စုံသွားပြီဆိုရင် အနာဂတ်မှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်း၊ နိုင်ငံကို ဦးဆောင်နိုင်တဲ့ လူငယ်တွေဖြစ်လာလိမ့်မယ်ဖြစ်ပါတယ်၊ ကလေးတွေ စာဖတ်ဝါသနာ ကိန်းအောင်းသွားဖို့၊ ကလေးတွေ အများနဲ့စုပေါင်းပြီး လုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ရသွားဖို့၊ နိုင်ငံတော်အဆင့်အသီးသီးမှာ ဦးဆောင်နိုင်တဲ့ အရည်အသွေးတွေ ရရှိသွားဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်၊ အခုဆိုရင် အမြို့မြို့အနယ်နယ်မှာ ကျင်းပတဲ့အရေအတွက် များနေပါပြီ၊ ရန်ကုန်မှာကျင်းပမယ့်ပွဲကတော့ ပိုပြီး စိတ်ဝင်စားစရာကောင်းမယ်၊ ပိုပြီးပြည့်စုံခမ်းနားမယ်၊ စည်ကားသိုက်မြိုက်မယ်၊ အများစိတ်ဝင်စားမယ့်ပွဲ ဖြစ်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပွဲတော်ကျင်းပရေးအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပွဲတော်ဖြစ်မြောက်ရေးဆပ်ကော်မတီများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။



ကလေးစာပေပွဲတော်(ရန်ကုန်)ကို ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာမြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသကဲ့သို့ ရန်ကုန်မြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင်လည်း ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်နှင့် ဆေးရောင်ခြယ် ပြိုင်ပွဲများ၊ နေ့စဉ် စာပေဟောပြောပွဲများ၊ ဂိမ်းကစားပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကလေးစာပေပွဲတော်ကျင်းပမည့် အထက(၆) ဗိုလ်တထောင် ကျောင်းဝင်းအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကလေးစာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိသုကာပြပွဲ(၂၀၁၇-၂၀၁၈) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

"ပြည်သူ့အတွက်ဗိသုကာ" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဗိသုကာအသင်းက ကြီးမှူးကျင်းပသည့် ဗိသုကာပြပွဲ



(၂၀၁၇-၂၀၁၈)-Architects' Fair(2017-2018)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးသော်နှင့် မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးဆန်းဦးတို့က ပြပွဲဖွင့်ပွဲ အမှတ်တရ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗိသုကာအသင်းဂုဏ်ထူးဆောင်နာယကဦးထွန်းသန်းက ဗိသုကာပြပွဲ(၂၀၁၇-၂၀၁၈)ကို ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဗိသုကာပြပွဲ(၂၀၁၇-၂၀၁၈) စကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြည်သူ့အတွက် ဗိသုကာဆိုသကဲ့သို့ ပြည်သူများအတွက် ပိုမိုထိရောက်စွာ တာဝန်ယူရေး၊ အများပြည်သူအကျိုးစီးပွားကို ရေရှည်ကာကွယ်ရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် ဆောက်လုပ်ရေးကဏ္ဍ၌ အဓိကရှေ့ဆောင်ရှေ့ရွက်ပြုရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့ကျင်းပသည့်ပွဲတွင် နိုင်ငံ့အရည်အသွေးမြင့်ဆောက်လုပ်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေး၊ မြန်မာနိုင်ငံသား ဗိသုကာများနှင့် အင်ဂျင်နီယာများ၏ ကြိုးပမ်းချက် လုပ်ငန်းလက်ရာပြပွဲများကို ဂုဏ်ယူစွာပြသထားပြီး အထောက်အကူပြုမည့် ဆောက်လုပ်ရေးပစ္စည်း အသစ်များ၊ နည်းပညာအသစ်များကိုလည်း ပါဝင်ပြသထားသည့်အတွက် ယခုကဲ့သို့ကျင်းပခြင်းသည် နိုင်ငံအတွက် အလွန်အကျိုးရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးဆန်းဦးက ဆွေးနွေးပွဲအတွက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဗိသုကာ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် 'ပြည်သူ့အတွက် ဗိသုကာ'၊ 'ရန်ကုန်မြို့တော်အတွက် ကျွန်ုပ်တို့ရည်မှန်းချက်'နှင့် 'ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆောက်လုပ်ရေးကဏ္ဍ'ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး စာတမ်းပေါင်း ၁၁ စောင် ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အမျိုးသားဇာတ်ရုံဝင်းအတွင်း၌ မြန်မာနိုင်ငံဗိသုကာအသင်း၊ မိတ်ဖက်အသင်းများနှင့် ကုမ္ပဏီများက ပြသသည့်ပြခန်းများ၊ ဆောက်လုပ်ရေးပစ္စည်း အရောင်းပြခန်းများကို ခင်းကျင်းပြသထားသည်။



အဆိုပါပြပွဲကို ယနေ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ အမျိုးသားဇာတ်ရုံ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် ချည်မျှင်နှင့် အထည်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဌာနတို့အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သည် ဌာနတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ စက်ဘီးစက်ရုံ (ရန်ကုန်)၊ ဆေးဝါး သုတေသနဌာနနှင့် ချည်မျှင်နှင့် အထည်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဌာနတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူ များနှင့်အတူ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း (စက်ဆန်း)ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ယခင် စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသော win and win Co.,Ltd. သို့ သွားရောက်ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ အခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်မည့် အခြေအနေ၊ လျှပ်စစ်စက်ဘီးနှင့် အခြားထုတ်ကုန်သစ် များကို နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်း ထုတ်လုပ်ရန် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက် အအုံများ စနစ်တကျ ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ် ဂရုပြုရေး၊ လုပ်ငန်းလိုအပ်ချက်များရှိပါက အချက်အလက် ပြည့်စုံစွာဖြင့် တင်ပြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးသုတေသနဌာနသို့ သွားရောက်ပြီး ဆေးဝါးသုတေသန အဆောက်အအုံ ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးကာ မူလပုံစံမပျက် ထိန်းသိမ်းဆောင်ရွက်ရန်၊ ဆေးဝါးအမယ်သစ်များ တိုးချဲ့ တီထွင်စမ်းသပ်ရန်၊ စေတနာထားဆောင်ရွက်ရန်၊ စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ရန်၊ လုပ်ငန်း လိုအပ်ချက်ရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြရန် မှာကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနတာဝန်ရှိသူ များသည် အင်းစိန်ဖော့ကန်ရှိ အမှတ်(၃) အကြီးစား လုပ်ငန်း ချည်မျှင်နှင့် အထည်ထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဌာန အဆောက်အအုံ တည်ဆောက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံ တကာ အဆင့်မီ အရည်အသွေးပြည့်မီသော စမ်းသပ် စစ်ဆေးရေး စက်ကိရိယာများ တပ်ဆင်နိုင်ရေးတို့ကို မှာကြားသည်။



ချည်မျှင်နှင့် အထည်ထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေးဌာန အဆောက်အအုံပြီးစီးပါက အရည် အသွေးပြည့်မီသော အထည်အလိပ်ကုန်ချောများ ထုတ်လုပ် နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ စမ်းသပ်စစ်ဆေးနိုင် မည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု အဆင့်မြှင့်တင်နိုင်ရန် ကင်မရာရိုက်ကူးမှုဆိုင်ရာ စာတွေ့၊ လက်တွေ့ အသိပညာမျှဝေ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာ့ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်သည့် ကင်မရာရိုက်ကူးမှုဆိုင်ရာ စာတွေ့၊ လက်တွေ့ အသိပညာမျှဝေခြင်း အစီအစဉ်ကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင် မြှင့်တင်ရေးဌာနခွဲ စတူဒီယို (၁)တွင် ပြုလုပ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး က ဦးဆောင်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကူညီမှုတို့ဖြင့် စက်မှုအခြေခံ သာရေး၊ နာရေးအသင်းက စီစဉ်ပြုလုပ် ခြင်းဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးခြင်းနှင့်ပတ်သက်၍ ကင်မရာ အပိုင်း၊ မီးအလင်းအမှောင်အပိုင်းနှင့် မီးပိုင်းဆိုင်ရာ အပိုင်းများတွင်ပါဝင်သော ကင်မရာနှင့် ပတ်သက်သည့် အကြောင်းအရာများဖြစ်သည့် နည်းပညာအပိုင်း၊ ကင်မရာ တည်ဆောက်ပုံနှင့် မှန်ဘီလူးတည်ဆောက်ပုံများကို ကင်မရာရိုက်ကူးသူများနှင့် အထောက်အကူပြုသူများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ယူရိုက်ကူးမှုပုံစံများ



အား စာတွေ့လက်တွေ့ အသိပညာမျှဝေပေးခဲ့သည်။

ထိုသို့ အသိပညာမျှဝေရာတွင် ကင်မရာ အမျိုးအစား စုံလင်စွာ အသုံးပြုကာ ကင်မရာနှင့် မှန်ဘီလူးအမျိုးအစား အလိုက် အသုံးပြုမှုအပေါ် အားသာချက်၊ အားနည်းချက် များကိုလည်း စာတွေ့၊ လက်တွေ့ ရှင်းလင်းပြသခဲ့သည့် အပြင် တက်ရောက်လာကြသူများ၏ အမြင်များနှင့် ပတ်သက်၍လည်း ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ကြ သည်။

အစီအစဉ်နှင့်ပတ်သက်၍ ရုပ်ရှင်ဓာတ်ပုံအပိုင်း တာဝန်ခံ ကိုစိုင်းအောင်ထွန်းက "ရှေ့ပိုင်းမှာလည်း ကင်မရာရိုက်ကူးမှုဆိုင်ရာ အတွေ့အကြုံ မျှဝေတဲ့ပွဲလေး လုပ်ခဲ့ပါတယ်၊ ဒီကနေ့မှာတော့ အဲဒီပွဲလေးရဲ့ နောက်ဆက် တွဲဖြစ်တဲ့ ကင်မရာပိုင်းဆိုင်ရာ လက်တွေ့ရိုက်ကူးမှုနဲ့ ပတ်သက်ပြီး သူ့ကဏ္ဍအလိုက် တာဝန်ပိုင်းခြားခွဲဝေယူမှု တွေကို မျှဝေခြင်းပဲဖြစ်ပါတယ်၊ အဓိကအားဖြင့် ရုပ်ရှင် ဇာတ်ကားကြီးရိုက်ကူးမှုကို ရည်မှန်းပြီးလုပ်တာပါ၊ အခုလို ပြုလုပ်ခြင်းဖြင့် ရုပ်ရှင်ရိုက်ကူးမှုအပိုင်းမှာ ပိုမို ထိရောက်မှု ရှိပြီး အရည်အသွေးမြင့်တက်လာစေမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ အသိပညာမျှဝေခြင်း အစီအစဉ်သို့ မြန်မာ့ ရုပ်ရှင်အနုပညာလောကမှ ဒါရိုက်တာများ၊ ကင်မရာ ရိုက်ကူးသူများနှင့် ရုပ်ရှင်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအား ဖြင့် မြန်မာ့ရုပ်ရှင် ရိုက်ကူးထုတ်လုပ်မှုအပိုင်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပိုမိုများပြား လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဆင်း

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

ကျေးလက်နေပြည်သူများ လူမှုဘဝအဆင်ပြေစေရေးနှင့် အလုပ်အကိုင်အခွင့် အလမ်းများ လွယ်ကူစွာရှာဖွေနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းသင်တန်းများကို အခမဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကလည်း ဒီဇင်ဘာ ၄ ရက်မှစ၍ ၂၈ ရက်အထိ ၂၅ ရက်ကြာ လက်သမားသင်တန်းကို ဘော်တောင်ဒေသရှိ ကျေးရွာကိုးရွာဖြင့် ဖွဲ့စည်းထားသော ကြက်သားဟင်းကျေးရွာအုပ်စုတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တောင်ပေါ်ဒေသရှိ အုပ်စုဝင်ကျေးရွာများမှ ပြည်သူ ၂၀ ကို ရွေးချယ်ပြီး ကျွမ်းကျင်လက်သမားဆရာဖြင့် သင်တန်းသားများကို ဘက်စုံလက်သမားပညာကျွမ်းကျင်သည်အထိ သင်ကြားပေးခဲ့ပြီး သင်တန်း ဆင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းခွင်သုံးလက်သမားပစ္စည်းများကို ပေးအပ် ခဲ့ပြီး သင်တန်းတွင် လက်တွေ့ပြုလုပ်ခဲ့သည့် စားရေးစားပွဲများနှင့် ထိုင်ခုံများကို ကြက်သားဟင်းကျေးရွာ မူလတန်း(လွန်)ကျောင်းတွင် အသုံးပြုရန်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မန္တလေးမြို့ နှစ်သစ်ကူး New Year Count Down ပွဲကို ကျုံးတောင်ဘက်တွင် ပြုလုပ်မည်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းသည့် ကာလ ဖြစ်သော ဒီဇင်ဘာ ၃၁ ရက် ည နှစ်သစ်ကူး New Year Count Down ပွဲကို မြို့သူ မြို့သားများ စနစ်တကျနှင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင် ရန်အတွက် ကျုံးတောင်ဘက်ခြမ်း မြို့တော်စည်ပင်သာယာရုံးရှေ့တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း စည်ပင် သာယာရေးကော်မတီဝင် ဦးကျော် ဆန်းမြင့်က ပြောသည်။

"မန္တလေးမှာ နှစ်သစ်ကူး Count Down နှစ်စဉ်လုပ်ကြတယ်၊ ပျော်ကြ တယ်၊ သူတို့ပျော်တာကို ကျယ်ကျယ် ဝန်းဝန်းနဲ့ စနစ်တကျရှိအောင် ဒီနှစ် မှာ စည်ပင်ရုံးရှေ့မှာလုပ်ဖို့ စီမံပေး တာပါ၊ အရင်နှစ်တွေက ဆီဒိုးနား ဟိုတယ်အနားမှာ လုပ်ကြတယ်၊ ခုဆိုရင် စည်ပင်ရုံးရှေ့မှာ လျှပ်စစ် မီးလုံးတွေထွန်းညှိဖို့ ပြင်ဆင်နေပြီ" ဟု ၎င်းကပြောသည်။

ယင်းကဲ့သို့ ပြုလုပ်ရာတွင် မြို့တော် စည်ပင်ဘတ်ဂျက်ငွေကို အသုံးမပြုဘဲ မြို့တော်စည်ပင်တွင်ရှိသော လျှပ်စစ် မီးလုံးများဖြင့် အလှဆင်ပြီး စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ် သည်။

"ပျော်ပွဲရွှင်ပွဲတွေ မပါဘူး၊ စည်ပင် ဘတ်ဂျက်ငွေလည်း သုံးစွဲမှာမဟုတ် ဘူး၊ မြို့သူမြို့သားတွေနဲ့ တစ်သားတည်း ဖြစ်အောင်နဲ့ စိတ်ချမ်းသာ ပျော်ရွှင် စေချင်လို့ တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးတာပါ၊ လုံခြုံရေးပိုင်း လည်း စီစဉ်ထားပါတယ်"ဟု စည်ပင် သာယာရေးကော်မတီဝင် ဦးကျော် ဇောအောင်က ဆိုသည်။

New Year Count Down နှစ်သစ်ကူးပွဲပြုလုပ်ရာတွင် လုံခြုံရေး အတွက် နယ်မြေခံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့တို့က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး ယူနီဖောင်းနှင့် တပ်ဖွဲ့ဝင်များအပြင် အရပ်ဝတ်များဖြင့်လည်း လုံခြုံရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရ သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရဲချုပ် တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများအား သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

ရဲချုပ်က ယခုကျင်းပသည့် တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲအား တပ်ဖွဲ့ဝင်များ လေ့ကျင့်သားပြည့်ဝပြီး သတ်မှတ်ထားသည့် ကြံ့ခိုင်မှုစွမ်းရည်စံနှုန်းများ ပြည့်ဝစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အမိန့်နာခံမှု တိုးတက်ကောင်းမွန်စေရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်ပြီး ပင်ပန်းဒဏ်ခံနိုင်မှုနှင့် တစ်ဦးတစ်ယောက်ကောင်းဖြင့် မဟုတ်ဘဲ ပါဝင်ယှဉ်ပြိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝရှိခြင်းဖြင့် ထက်မြက်သော တပ်ဖွဲ့ဝင်ကောင်းများ ဖြစ်လာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် တပ်ဖွဲ့အသီးသီးမှ မိမိတို့၏ တပ်ဖွဲ့အောင်နိုင်ရေးနှင့် တပ်ဖွဲ့ဂုဏ်ကို မြှင့်တင်လိုစိတ် အပြည့်အဝထားကာ ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်မှုများမှ တပ်ဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းစနစ်ကျစွာ ဆောင်ရွက်တတ်မှု၊ အမိန့်နာခံတတ်မှုများ တိုးတက်ရရှိလာမည့်အပြင် အနိုင်မခံ၊ အရှုံးမပေးလိုသည့် စိတ်ဓာတ်၊ ရဲဝံ့စွန့်စားလိုသည့် စိတ်ဓာတ်၊ ရည်မှန်းချက်ပန်းတိုင်ကို မဖြစ်မနေ အရောက်လှမ်းမည်ဆိုသည့် တပ်ဖွဲ့ဝင်ကောင်းတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုများ ရရှိမှာဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်း ပြည်သူက အားကိုးယုံကြည်လောက်သည့် ကြံ့ခိုင်မှုစွမ်းရည်များရှိနေစေပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ပြိုင်ပွဲသို့ တပ်ဖွဲ့အလိုက် စုစုပေါင်း ၄၁ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်၍ ရဲချုပ်က ပထမဆုရရှိသည့် အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအသင်းအား လည်းကောင်း၊ ရဲအရာရှိကြီးများက ဒုတိယဆုရရှိသည့် အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အသင်း၊ တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်း ၁၂ သင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရန်ကုန်မြို့ တည်းကုန်း အဆင့်မြင့် လက်ကားဈေးသစ်ကြီး ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာအက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်(MAEX)တို့ အကျိုးတူပူးပေါင်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တည်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် အဆင့်မြင့် လက်ကားဈေးသစ်ကြီးတွင် သစ်သီးလက်ကားဈေးရုံ၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သုံး သစ်သီးဝလံပစ္စည်း လက်ကားဈေးရုံ၊ တောင်သူလက်လီရောင်း(Ground Market )ဈေးရုံကြီး သုံးရုံတို့ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒီဇင်ဘာ ၂၆ ရက်က အကြိုဖွင့်လှစ်မှု ပြုလုပ်ခဲ့သည်။**

ထို့အပြင် အဆိုပါဈေးကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ၂၄ နာရီဖွင့်လှစ်သည့် ဈေးကြီးအဖြစ် ဆိုင်ခန်းများကို တရားဝင်ဖွင့်လှစ်ကာ စားသုံးကုန်ပစ္စည်းများ ရောင်းချတော့မည်ဖြစ်သဖြင့် ဈေးစီမံကိန်းနှင့် တည်ဆောက်ပြီးစီးမှုအပိုင်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်သွားမည့် အခြေအနေများ၊ လာရောက်ရောင်းဝယ်မည့်သူများအတွက် ဆောင်ရွက်ပေးထားသည့် ဝန်ဆောင်မှုများပြုလုပ်ထားသည့်အပေါ် MAEX ကုမ္ပဏီမှ CEO ဦးအောင်ကြီးနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**မေး။ ။ ဒီဈေးကြီးရဲ့ စီမံကိန်းနဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်မှုကို သိပါရစေ။**

ဖြေ။ ။ ဈေးစတင်ဖြစ်ပေါ်လာပုံကတော့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ တည်းကုန်း ကုန်စိမ်းဈေး မြေနေရာအပါအဝင် မြေ ၈၅ ဧကပေါ်မှာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်ဖို့ တင်ဒါခေါ်ယူခဲ့ပါတယ်။

အဲဒီလို တင်ဒါခေါ်ယူတဲ့အခါမှာ ဒဂုံအင်တာနေရှင်နယ်ဆိုပြီး ကျွန်တော်တို့ကုမ္ပဏီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မတ်လမှာ အဆင့်မြင့် လက်ကားဈေးကြီး တည်ဆောက်ဖို့အတွက်ဆိုပြီး ကျွန်တော်တို့ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ချပေးခဲ့ပါတယ်။

အဲဒီလိုချပေးတဲ့အခါမှာ တင်ဒါစည်းမျဉ်း၊ စည်းကမ်းအရ တင်ဒါအောင်တဲ့ ကုမ္ပဏီဟာ အများပိုင်ကုမ္ပဏီဖွဲ့စည်းပေးရမယ်လို့ပါတဲ့အတွက် ဒဂုံအင်တာနေရှင်နယ်လီမိတက်ဟာ ပထမဆုံး ၄၅ ရာခိုင်နှုန်း ရှယ်ယာထည့်ဝင်ပြီးတော့ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်(MAEX)အများပိုင်ကုမ္ပဏီကို စတင်ဖွဲ့စည်းခဲ့တာပါ။ စတင်ဖွဲ့စည်းစဉ်က ရှယ်ယာ HOLDERS ၁၁ ဦးနဲ့ ဖွဲ့စည်းခဲ့တာပါ။

အခုအချိန်မှာတော့ ရှယ်ယာ HOLDERS ပေါင်း ၂၂၇၄ ဦးနဲ့ အစုရှယ်ယာငွေကျပ်( ၂၂ ဘီလီယံ)ကျော်နဲ့ ဒီဈေးကြီးကို ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ ဒီဈေးကို အဓိကအားဖြင့် ကျွန်တော်တို့က ဟင်းသီးဟင်းရွက် သစ်သီးဝလံနဲ့ ပန်းမန်အပါအဝင် စားသောက်ကုန်တွေကို လက်ကား ရောင်းဝယ်ဖြန့်ဖြူးဖို့ရည်ရွယ်ပြီး ဆောင်ရွက်ထားတဲ့ဈေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဈေးတွေထဲမှာ အကြီးဆုံးဈေးကြီးဖြစ်ပါတယ်။

**မေး။ ။ ဒီဈေးကြီးမှာ အဓိကအားဖြင့် ဘယ်လို ကုန်ပစ္စည်းတွေကို အရောင်းအဝယ်ပြုလုပ်သွားမှာလဲ။ ဈေးတည်ဆောက်ထားမှုနဲ့ ပြီးစီးမှုအပေါ် ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဒီဈေးမှာဆိုရင် ဈေးရုံကြီးပေါင်းရှစ်ရုံ ပါရှိမှာဖြစ်ပါတယ်။ အဲဒီဈေးရုံတွေကတော့ ဈေးရုံအမှတ်တစ် သစ်သီးလက်ကားရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်နှစ်က ဟင်းသီးဟင်းရွက်၊ ပန်းမန်၊ စားဖိုဆောင်သုံး သစ်သီးဝလံပစ္စည်း လက်ကားရောင်းဝယ်ရေးဈေးရုံ၊ အမှတ်သုံးကတော့ ဟင်းသီးဟင်းရွက်၊ ပန်းမန်တောင်သူ လက်လီရောင်း ဈေးရုံဖြစ်ပါတယ်။

ရုံအမှတ်လေးကတော့ ရာသီပေါ်သီးနှံ လက်ကားရောင်းဝယ်ရေးဈေးရုံအပြင် နောက်ပိုင်းမှာ တင်ဒါစနစ်ကို ကျင့်သုံးဖို့အတွက် တင်ဒါခန်းမ အဲဒီထဲမှာ ပါဝင်မှာဖြစ်ပါတယ်။ ရုံအမှတ်ငါးကတော့ နှစ်ထပ် စားသောက်ဆိုင်တွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ နှစ်ထပ်ဈေးရုံဖြစ်ပါတယ်။ ရုံအမှတ်ခြောက်မှာကတော့ အသင့်စားသုံးနိုင်တဲ့ သား၊ ငါးနဲ့ ငါးပိ၊ ငါးခြောက် ကုန်ခြောက်မျိုးစုံ ရောင်းဝယ်တဲ့ နှစ်ထပ်ဈေးရုံဖြစ်ပါတယ်။ ရုံအမှတ် ခုနစ်နဲ့ ရှစ်ကတော့ အအေးခန်းပါဝင်တဲ့ အလတ်စားပွဲရုံပါ။ အကြီးစားပွဲရုံ လူနေဆိုင်ခန်း အဆောက်အအုံ နှစ်ခန်းတွဲ သုံးထပ်၊ လေးထပ်တို့အပါအဝင် ပွဲရုံအဆောက်အအုံ ၂၀၀ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အဆင့်မြင့် Hyper Market တစ်ခုပါမယ်။ ဈေးကို လာရောက်တဲ့သူတွေ တည်းခိုနိုင်ဖို့ အဆင့်မြင့် ရှစ်ထပ် မိုတယ်တွေအပြင် စက်သုံးဆီရောင်းဝယ်ရေးဆိုင်တစ်ဆိုင် ပါဝင်မယ်။ ဒီဈေးကြီးဟာဆိုရင် နိုင်ငံတကာကို Export လုပ်ဖို့အထိ ရည်ရွယ်ထားတဲ့အတွက်ကြောင့် အသင့်ထုပ်ပိုးထားတဲ့ ပစ္စည်းတွေကိုထားဖို့ အအေးခန်းစက်ရုံ သုံးရုံလည်း ပါဝင်သွားမှာဖြစ်ပါတယ်။

အခုလက်ရှိ PHASE-1 အနေနဲ့ကတော့ ဈေးရုံကြီး သုံးရုံ ပြီးစီးသွားပါပြီ။ ဒီဇင်ဘာ ၂၆ ရက်က အကြိုဆိုင်ခန်းဖွင့်လှစ်မှု လုပ်ခဲ့ပါတယ်။ အဲဒီဈေးရုံတွေကတော့ ဈေးရုံအမှတ်တစ် သစ်သီး လက်ကားရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်နှစ်က ဟင်းသီးဟင်းရွက်၊ ပန်းမန်၊ စားဖိုဆောင်သုံး ဝလံပစ္စည်း လက်ကားရောင်းဝယ်ရေးဈေးရုံ၊ အမှတ်သုံးကတော့ ဟင်းသီးဟင်းရွက်၊ ပန်းမန် တောင်သူလက်လီရောင်းဈေးရုံဖြစ်ပါတယ်။ အဲဒီမှာကတော့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေအပြင် ပန်းမန်တွေကို ထုတ်လုပ်သူတွေနဲ့ လက်လီရောင်းတဲ့သူတွေ တစ်ခါတည်း လာရောက်ရောင်းချနိုင်တဲ့ ဈေးရုံဖြစ်ပါတယ်။ အဲဒီဈေးရုံ သုံးရုံထဲမှာဆိုရင် အမှတ်တစ်နဲ့ နှစ် ဈေးရုံတစ်ရုံစီမှာ ဆိုင်ခန်းအကျယ် (၅ × ၁၁)ပေ၊ (၅ × ၁၃) ပေဆိုင်ခန်းပေါင်း ၁၁၂၀ စီနဲ့ ဈေးရုံအမှတ်သုံးဖြစ်တဲ့ တောင်သူ လက်လီရောင်းဈေးရုံမှာတော့ (၅ × ၅) ပေ၊ (၅ × ၈) ပေ ဆိုင်ခန်း ၃၃၆၀ ရှိပါတယ်။ အားလုံးပေါင်း ဆိုင်ခန်း ၅၆၀၀ ပြီးစီးသွားပြီဖြစ်ပါတယ်။

**မေး။ ။ လက်ရှိ ပြီးစီးဖွင့်လှစ်တော့မယ့်အပေါ် ဈေးရောင်းချလိုသူတွေအတွက် ဆိုင်ခန်းငှားရမ်းမှု အခြေအနေနဲ့ ဈေးစီမံကိန်းတည်ဆောက်မှု အပြီးသတ်ကာလကို သိပါရစေ။**

ဖြေ။ ။ အခုပြီးစီးသွားတဲ့ ဈေးဆိုင်ခန်း ၅၆၀၀ အနက်က ယခင် တည်းကုန်း ကုန်စိမ်းဈေးဟောင်းမှာရှိတဲ့ ဈေးရောင်းချသူတွေအတွက် ဆိုင်ခန်းပေါင်း ၂၀၀၀ ကို စာချုပ်ပါစည်းကမ်းအရ ယာယီဖယ်ထားပြီး ကျန်ရှိတဲ့ ဆိုင်ခန်းတွေကို အပြင်ကနေပြီး လာရောက်ရောင်းချမယ့်သူတွေအတွက် ဆိုင်ခန်းငှားရမ်းခွင့် ပြုခဲ့ပါတယ်။ ဆိုင်ခန်းလာရောက်လျှောက်ထားသူအတွက် ဆိုင်ခန်းပေါင်း ၂၅၀၀ ကျော်ကိုငှားရမ်းခဲ့ပြီး ဆိုင်ခန်းငှားရမ်းခဲ့တဲ့သူတွေကို ဒီဇင်ဘာ ၂၆ ရက်က ဈေးစတင်ရောင်းချခွင့် ပြုခဲ့ပါတယ်။ ဆိုင်ခန်းငှားရမ်းခကိုတွက်ချက်ပြီး အမှန်တကယ် ဈေးဆိုင်ခန်းစတင်ဖွင့်လှစ်မှုကိုတော့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ ပြုလုပ်သွားမှာဖြစ်ပါ။ သတ်မှတ်ရက်မှာ ဆိုင်ခန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် အခုလည်း တော်တော်များများက ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ဈေးစီမံကိန်းကြီး အားလုံးအပြီးသတ်ပြီးစီးမှုကိုတော့ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းလောက် မျှော်မှန်းထားပါတယ်။ အခုလည်းဆက်လက်ပြီးတော့ PHASE(1 . 1) အကောင်အထည်ဖော် တည်ဆောက်မှုအဖြစ် ရာသီပေါ်သီးနှံ အဆောက်အအုံနဲ့ နှစ်ထပ် စားသောက်ကုန်ဈေးရုံ၊ အအေးခန်းပါဝင်တဲ့ အလတ်စားပွဲရုံ၊ သားငါးနှင့် ကုန်ခြောက်မျိုးစုံ နှစ်ထပ်ဈေးရုံတွေကိုလည်း ဆက်လက်ပြီး တည်ဆောက်လျက်ရှိပါတယ်။ အမှတ်လေး ဈေးရုံဖြစ်တဲ့ ရာသီပေါ် သီးနှံဈေးရုံဆိုရင်လည်း နောက်တစ်လအတွင်းမှာ အပြီးသတ်တည်ဆောက်ပြီးစီးတော့မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီဈေးကြီးကို ဘယ်လိုဒေသတွေကနေ ကုန်စည်စီးဆင်းမှုတွေ အဓိကပြုလုပ်မှာ ဖြစ်ပါသလဲ။ လာရောက်ရောင်းဝယ်သူတွေအတွက်ကိုလည်း အဆင်ပြေအောင် ဘယ်လိုစီစဉ်ဆောင်ရွက် ပေးထားပါသလဲ သိပါရစေ။**

ဖြေ။ ။ ဒီဈေးကိုဝင်တဲ့ ကုန်ပစ္စည်းတွေကတော့ ရှမ်းပြည်ဘက်ကလာတဲ့ စားသုံးကုန်တွေ၊ ဗမာကုန်လို့ခေါ်တဲ့ နေပြည်တော်၊ ကျောက်ဆည် ၊ လယ်ဝေးဘက်က စားသောက်ကုန်တွေ၊ ပြည်၊ သဲကုန်း၊ မှော်ဘီ၊ တိုက်ကြီးနဲ့ ဧရာဝတီတိုင်းဘက်က စားသောက်ကုန်တွေ အဓိက ဝင်ရောက်ရောင်းချတာဖြစ်ပါတယ်။ ဒီဈေးကြီးမှာဆိုရင် အဆင့်မြင့် အမှိုက်သိမ်းစနစ်၊ ဈေးဧရိယာ တစ်ခုလုံးအတွက် ၂၄ နာရီ လုံခြုံရေးစနစ်တွေအပြင် ဈေးလာရောက်ရောင်း၊ ဝယ်သူတွေအတွက် ကုန်စည်တွေ အတင်အချ အလွယ်တကူပြုလုပ်နိုင်ဖို့နဲ့ ယာဉ်ရပ်နားနိုင်ဖို့အတွက် ဈေးတည်ဆောက်ပုံအရ ဈေးရုံတွေ ပတ်ပတ်လည်မှာ ယာဉ်ရပ်နားတဲ့နေရာတွေ တည်ဆောက်ထားပါတယ်။ ယာဉ်အစီးရေ ၂၀၀၀ ကျော်ရပ်နားနိုင်တဲ့ ကားပါကင်ရှိပါတယ်။ ဒါ့အပြင် ဈေးပတ်ပတ်လည်ကိုလည်း ကွန်ကရစ်လမ်းတွေ တည်ဆောက်ပေးထားပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားပါတယ်။ တောင်သူလက်လီရောင်းသူတွေအတွက်ဆိုရင်လည်း ဈေးရုံထဲအထိဝင်ရောက်ပြီး ကုန်ပစ္စည်းတွေချနိုင်တဲ့အထိ ပြုလုပ်ပေးထားပါတယ်။ ဒါ့ကြောင့် ရောင်းဝယ်သူတွေအနေနဲ့ ကုန်ပစ္စည်းသယ်ယူရတဲ့ အလုပ်သမားခကို သက်သာစေမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ လာရောက်ရောင်းချတဲ့ စားသောက်ကုန်တွေကို စားသုံးရန်သင့်၊ မသင့် စစ်ဆေးပေးသွားမှာဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်ပစ္စည်းတွေကို ဝယ်ယူစားသုံးနိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူတွေအတွက်ကိုလည်း လိုအပ်တဲ့ နည်းပညာအကူအညီ ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဈေးက ကုန်ပစ္စည်းတွေဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်များကို ရရှိစေမှာဖြစ်ပါတယ်။ ကိုယ်ပိုင် စိုက်ပျိုးထုတ်လုပ်ပြီး လာရောက်ရောင်းချတဲ့ သူတွေအတွက်လည်း ဒီဈေးကြီးမှာ ပွဲရုံတွေရှိတဲ့အပြင် ကိုယ်တိုင်လာရောက်ရောင်းချနိုင်မှာဖြစ်တဲ့အတွက် သူတို့အနေနဲ့ တန်ဖိုးမြင့်တဲ့ဈေးတွေရရှိသွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာဆိုရင် ဒီဈေးကြီးမှာ လာရောက်ရောင်းချတဲ့ ကုန်ပစ္စည်းတွေအတွက်ကိုလည်း အအေးခန်းစနစ်ကိုလည်း ရည်ရွယ်ထားပါတယ်။ အဓိကကတော့ Export လုပ်ငန်းလုပ်တဲ့သူတွေအတွက် ရည်ရွယ်ထားတာပါ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ တဖြည်းဖြည်းနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စားသောက်ကုန်ပစ္စည်းတွေအတွက် Export လုပ်နိုင်တဲ့ အလားအလာတွေ ပိုပြီးတော့ ကောင်းမွန်စေနိုင်မှာ ဖြစ်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**



CEO ဦးအောင်ကြီး



တည်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် အဆင့်မြင့် လက်ကားဈေးသစ်ကြီးကို တွေ့ရစဉ်။

တွေ့ဆုံမေးမြန်း- ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ- ဖေဇော်

# ရခိုင်ပြည်နယ်သတင်း

## 'ကိုယ့်ဒေသ တိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကူညီနိုင်မယ့် လမ်းစလေး ရလာတဲ့အချိန်မှာ ဆရာတစ်ယောက်အဖြစ်နဲ့ ဒေသအကျိုးကို ထမ်းရွက်နိုင်နေပြီဖြစ်လို့ ဂုဏ်ယူမိပါတယ်'

**မောင်တော ဒီဇင်ဘာ ၃၀**

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဘူးသီးတောင်၊ မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်အစိုးရက ဝေးလံသော ကျေးလက်ဒေသများရှိ အခြေခံပညာ ကျောင်းများတွင် ဆရာမများကို မြို့ပေါ်ကျောင်းများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ၎င်းတို့နေရာ၌ မလေးရှား၊ ထိုင်းနှင့် ဖားကန့်တို့တွင် သွားရောက် အလုပ်လုပ်ကိုင်ပြီး ပြန်ရောက်လာ၍ ကျောင်းဆရာ အလုပ်ကို စိတ်ဝင်စားသော ပညာတတ်လူငယ်များအား အသက် ၃၀ ဝန်ထမ်းခန့်ရန် ကန့်သတ်ချက်ကို ၃၅ နှစ်အထိ လျှော့ချပေးကာ ကျောင်းဆရာ အလုပ်ကို ခန့်ထားပေးခဲ့သည်။

နေ့စားလပေးအဖြစ် ခန့်ထားပေးခဲ့သော အဆိုပါ ကျောင်းဆရာများအား ပြီးခဲ့သော ဩဂုတ်လက အမြဲတမ်းဝန်ထမ်းအဖြစ် အတည်ပြုခန့်ထားပေးခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါ ကျောင်းဆရာများအား မောင်တောမြို့ အထက(၂)၌ KG နှင့် Grade 1 ၁၀ ရက်ကြာသင်တန်း သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းဆရာ အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်ရခြင်းနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထားမှုများကို စုစည်းဖော်ပြလိုက်ပါသည်။



ဆရာ ဦးသန်းရွှေ



ဆရာ ဦးဇော်ဟန်ထွန်း



ဆရာ ဦးခင်ထွန်းမောင်



ဆရာ ဦးဇေယျာချစ်မြတ်ဦး

**ဆရာ ဦးသန်းရွှေ**
**(မောင်တောမြို့နယ်**
**ဂါရာဘရွှန် မူလတန်းလွန်ကျောင်း)**

ကျွန်တော်က မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်ပြီး ပြန်လာခဲ့ပါတယ်။ မောင်တောအတွက် ပညာရေးဌာနက ကျောင်းဆရာအလုပ် ခေါ်ပါတယ်။ မိဘတွေကလည်း ကျောင်းဆရာ အလုပ်ကိုလုပ်ဖို့ တိုက်တွန်းပါတယ်။ ပထမကတော့ ကျောင်းဆရာအလုပ်ကို ခေါ်ယူတာ သိပ်မရှိပါဘူး။ အခု အလုပ်က ၃၅ နှစ်အောက်ခေါ်တာပါ။ အရင်ကတော့ ၃၀ နှစ်အောက်ခေါ်တာပါ။ အခု ၃၅ နှစ်အောက်ခေါ်လို့ ဒီအလုပ်ကို စိတ်ဝင်စားလို့ လျှောက်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ကျောင်းဆရာ အလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။

**ဆရာ ဦးဇော်ဟန်ထွန်း**
**(ဘူးသီးတောင်မြို့နယ် လက်ပံကိုင်းကျေးရွာ မူလတန်းကျောင်း)**

ဒီအလုပ်ကိုမရခင် နိုင်ငံရပ်ခြားမှာ သွားရောက် လုပ်ကိုင်ခဲ့ပါတယ်။ သူများနိုင်ငံ သွားရောက်အလုပ်လုပ်ကိုင်တဲ့အခါမှာ အစစအရာရာ အခက်အခဲတွေရှိပါတယ်။ ကိုယ့်နိုင်ငံ ကိုယ့်အစိုးရက ချမှတ်ထားတဲ့ စည်းကမ်းတွေနဲ့ ဝန်ထမ်းတွေရဲ့ နွေးထွေးမှုကို သဘောကျပါတယ်။ ဝါသနာလည်းပါတယ်ဆိုတော့ လုပ်ဖြစ်သွားတာပါ။ တခြားနိုင်ငံမှာ သူတို့သတ်မှတ်တဲ့ စည်းကမ်းတွေ လိုက်နာရတဲ့အပြင် အလိုလိုကြောက်ရွံ့နေရတယ်။ လုံလုံခြုံခြုံလည်း မရှိဘူး။ မရှိလို့သာ သူများနိုင်ငံမှာသွားလုပ်နေရတာပါ။ အသက်အန္တရာယ်လည်း စိုးရိမ်ရတယ်။ ကိုယ့်နိုင်ငံ ကိုယ့်အစိုးရရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရာလည်းရောက်၊ ဝါသနာကလည်း ပါတယ်ဆိုတော့ ဒီအလုပ်ကိုလုပ်ဖြစ်သွားတာပါ။

**ဆရာဦးခင်ထွန်းမောင်**
**(အထက်ကြွေချောင်း မူလတန်းကျောင်း ဘူးသီးတောင်မြို့နယ်)**

ကျွန်တော် သင်ရတဲ့ကလေးတွေက ခမီတိုင်းရင်းသားလေးတွေပါ။ တိုင်းရင်းသားတွေဆိုတော့ သူတို့စကားနဲ့ လွဲတာလေးတွေတော့ ရှိတာပေါ့ဗျာ။ ကြိုးစားပြီးတော့ ရွာခန့်ဆရာတွေနဲ့ ပူးပေါင်းသင်ပေးပါတယ်။ ကျွန်တော် ဒီအလုပ်မလုပ်ခင်က မလေးရှားမှာ ခုနစ်နှစ်လောက်လုပ်ဖူးပါတယ်။ ကျွန်တော်က ဘွဲ့ရပြီးသားပါ။ လုပ်ရတဲ့အလုပ်တွေက အောက်ခြေအလုပ်တွေဆိုတော့ အဆင်မပြေပါဘူး။ နိုင်ငံခြားသားလူမျိုးဆိုတော့ သူတို့က ခွဲခြားဆက်ဆံတယ်။ နှိမ်တယ်။ အောက်ခြေအလုပ်တွေပဲ လုပ်ရတယ်။

**ဆရာ ဦးဇေယျာချစ်မြတ်ဦး**

ကျွန်တော်က အခု မောင်တောမြို့နယ် အလက(ခွဲ) (မောင်နှမကျေးရွာ) ဒုတိယတန်းမှာရှိတဲ့ ကလေးတွေကို စာသင်ပြပေးနေပါတယ်။ ကျွန်တော့်မွေးရပ်မြေ ဇာတိကတော့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့ပါ။ အရင် ကျွန်တော်စာသင်ရတဲ့ ရွာကတော့ မီးလောင်တဲ့အထဲ ပါသွားပါပြီ။ အဲဒီရွာကတော့ ရခိုင်တိုင်းရင်းသားတွေ မဟုတ်ကြလို့ စာသင်ပြရာမှာ အခက်အခဲတွေ ရှိခဲ့ပါတယ်။ အခုကျောင်းမှာ ကလေးတွေကို စာသင်ရတာ အကုန် အဆင်ပြေပါတယ်။ ကျွန်တော်က အခုလို ဆရာတစ်ယောက် မဖြစ်ခင်က ရန်ကုန်မှာ ခြောက်နှစ်လောက်နေထိုင်ခဲ့ပြီး ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့ပါသေးတယ်။ အဲဒီလိုလုပ်နေရင်းက ဒီဘက်ဒေသတွေမှာ ဆရာတွေခန့်မယ်ဆိုတော့ ကျွန်တော်လျှောက်ခဲ့တာပါ။ ကိုယ့်ဒေသတိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကူညီနိုင်မယ့် လမ်းစလေး ရလာတဲ့အချိန်မှာ ကျွန်တော် ဆရာတစ်ယောက်အဖြစ်နဲ့ ဒေသအကျိုးကို ထမ်းရွက်နိုင်နေပြီဖြစ်လို့ ဂုဏ်ယူမိပါတယ်။

အဆိုပါ KG နှင့် Grade 1 သင်တန်းတွင် ဆရာ ဆရာမ ၅၃၄ ဦးအနက် ဆရာ ၄၅၂ ဦးတက်ရောက်လျက်ရှိသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

### ❐ မောင်တောဒေသမှ

ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ ပေ ၈၈၀ ရှည် ရသေ့တောင်တံတားနှင့် ဘူးသီးတောင်မြို့နယ် ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်ရှိ ပေ ၆၀၀ ရှည် စိုင်းတင်တံတားတို့ဖြစ်သည်။

အခြားသော တံတားကြီးများမှာ ဘူးသီးတောင်-ရသေ့တောင်လမ်းပေါ်၌ တည်ရှိသည်။ ထင်ရှားသော တံတားများမှာ ပေ ၉၆၀ ရှည် ပန်ဇင်းချောင်းတံတား၊ ပေ ၁၈၀ ရှိ အောင်သာချောင်းတံတားနှင့် ပေ ၁၅၀ ရှည် ရေစိုးချောင်းတံတားတို့ဖြစ်ကြသည်။ အခြားသော တံတားငယ်များလည်း ဘူးသီးတောင်-ရသေ့တောင်လမ်းကြောင်းပေါ်တွင် ရှိသေးသည်။ သို့သော် တံတားငါးစင်းသာ အဓိကဖြစ်ပြီး စိုင်းတင်တံတားနှင့် ဘူးသီးတောင်တံတားတို့ကို အမြန်ပြီးစီးအောင် အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ယင်းတံတားများ ပြီးစီးသွားပါက စစ်တွေမှ မောင်တောသို့ ကားလမ်းပေါက်သွားပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

### ✪ ရာသီကြိုခြေစမ်းပွဲမှ

GFA အသင်းအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် အီမာနျူရယ်က သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းမှာမူ နာမည်ကြီး ရတနာပုံအသင်းကို အနိုင်ကစားခဲ့သည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားအများစု ယှဉ်ပြိုင်ခဲ့ပြီး ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၆၀ တွင် ကျော်ဇေယျက သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ရာသီကြိုခြေစမ်းပွဲများတွင် နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းနှင့် Southern အသင်းတို့ပွဲမှာ ဂိုးများအပြန်အလှန်သွင်းယူခဲ့ပြီး မကွေးအသင်းအတွက်ဂိုးများကို အောင်မြင့်ထွန်းက နှစ်ဂိုး၊ စိုးမင်းအောင်နှင့် မြတ်ထွန်းသစ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကာ Southern အသင်းအတွက် ဂိုးများကို အောင်မိုးနှင့် ဒီမီထရီတို့က သွင်းယူခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

### ❖ ကျောဖုံးမှ

အနိုင်ဂိုးသုံးဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။ ဇွဲကပင်အသင်းအတွက် ဂိုးများကို ၂၂၊ ၇၉ မိနစ်တွင် စန္ဒာထွေး၊ ၄၄၊ ၈၃ မိနစ်တွင် စန်းသော်သော်၊ ၇၄ မိနစ်တွင် သန်းသန်းထွေးတို့က သွင်းယူခဲ့သည်။ ပွဲစဉ်(၁) အပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့က သုံးမှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ လက်ရှိချန်ပီယံ မြဝတီ၊ သစ္စာအားမာန်၊ YREO နှင့် အား/ကာသိပ္ပံ အသင်းတို့က တစ်မှတ်စီ၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က ရှုံးပွဲကြုံတွေ့ကာ အမှတ်မရသေးပေ။ ပွဲစဉ်(၂)ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ရထားလမ်းဖြတ်ကူးနေရာများမှ မတော်တဆမှုများ ဖြစ်ပွားနေမှု ယခင်နှစ်များကထက် ပိုမို များပြားလာ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံတစ်ဝန်း ရထားလမ်းနှင့် ကားလမ်းဆုံရာ လမ်းကူးနေရာများတွင် တရားဝင် ဖြတ်ကူးခွင့်ပြုထားသော နေရာများအပြင် တရားမဝင် ဖြတ်ကူးနေသော နေရာများမှ အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းနေမှုများကြောင့် မတော်တဆမှုများ ဖြစ်ပွားလာမှုမှာ ယခင်နှစ်များကထက် ပိုမိုများပြားလာကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရထားပြေးဆွဲမှုလမ်းတစ်လျှောက်တွင် ရထား၊ စက်ပစ္စည်းကိရိယာများကြောင့် မတော်တဆဖြစ်ကာ ထိခိုက်သေဆုံးမှု နည်းပါးလျက်ရှိသော်လည်း ရထားလမ်းတွင် ဖြတ်သန်းသွားလာမှုများကြောင့် မတော်တဆမှုများမှာ ပိုမိုဖြစ်ပွားလျက်ရှိသည်ဟု မြန်မာ့မီးရထားမှ ပြုစုထားသော စာရင်းဇယားများအရ သိရသည်။

ယင်းသို့ မတော်တဆမှုများ အဖြစ်များလာသည့်အတွက် ရထားလမ်းကူး လမ်းဆုံများတွင် စနစ်တကျ လမ်းကူးနိုင်ရေး မြန်မာ့မီးရထားမှ အများပြည်သူသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် မီဒီယာများမှတစ်ဆင့် ထိရောက်စွာဖြန့်ဖြူးနိုင်ရေး သတိပေးဆိုင်းဘုတ်များ၊ လမ်းညွှန်အမှတ်အသားများ၊ လက်ကမ်းစာစောင်များဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် တရားမဝင် လမ်းဖြတ်ကူးနေသော ရထားလမ်းကူးများကိုလည်း ဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာ ပိတ်သိမ်းသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့မီးရထားရုံးတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်း ပြောကြားခဲ့သည်။

"မတော်တဆမှုတွေ လျော့နည်းသွားအောင် စည်းကမ်းမဲ့ လမ်းဖြတ်ကူးတာတွေ လျော့နည်းသွားအောင် လုပ်ဆောင်သွားရမှာပါ၊ မတော်တဆမှုတွေကိုကြည့်ရင် ရထားကြောင့်မဟုတ်ဘဲ ပြင်ပကြောင့်၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးတာတွေ၊ တရားမဝင် ဖြတ်ကူးတဲ့နေရာတွေကနေ အမှုမဲ့အမှတ်မဲ့ ဖြတ်ကူးနေတာတွေကနေ ဖြစ်တဲ့ရာခိုင်နှုန်းက ၂၂ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ တိုးလာတာ တွေ့ရပါတယ်၊ ဒါတွေဟာ မြန်မာ့မီးရထားသွားလာနေမှုမှာ ကြီးမားတဲ့ခြိမ်းခြောက်မှုတွေလည်း ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရထားလမ်းနှင့် ကားလမ်းကူး Level Crossing များတွင် ရထားနှင့်ကား၊ ရထားနှင့် ယာဉ်အမျိုးမျိုးတို့ မတော်တဆဖြစ်ပွားခဲ့မှုများမှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၅ မှု တစ်လလျှင် ပျမ်းမျှအားဖြင့် ၂ ဒသမ ၉ မှုနှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၆၃ မှု တစ်လ ပျမ်းမျှ ၅ ဒသမ ၂၅ မှုနှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၇၀ မှု တစ်လပျမ်းမျှ ၅ ဒသမ ၈ မှုနှုန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမှု ၆၀ တစ်လပျမ်းမျှ ၅ မှုနှုန်းနှင့် ယခု ၂၀၁၇-၂၀၁၈ ခုနှစ် ရှစ်လတာကာလအတွင်း ၅၃ မှု ဖြစ်ပွားခဲ့ပြီး တစ်လပျမ်းမျှ ၆ ဒသမ ၆ မှုနှုန်း ဖြစ်ပွားခဲ့မှုရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယင်းအပြင် အဆိုပါ မတော်တဆဖြစ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုစာရင်းတွင်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၁၅ ဦး၊ သေဆုံးသူ ၁၀ ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၇၇ ဦး၊ သေဆုံးသူ ၁၂ ဦး၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၄၇ ဦး၊ သေဆုံးသူ ၁၉ ဦး၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၃၇ ဦး၊ သေဆုံးသူ ၁၁ ဦးနှင့် ယခု ၂၀၁၇-၂၀၁၈ ခုနှစ် ရှစ်လတာကာလအတွင်း ဒဏ်ရာရရှိသူ ၃၅ ဦးနှင့် သေဆုံးသူ ၁၁ ဦးရှိခဲ့ကြောင်း သိရသည်။ ယင်းအပြင် စည်းကမ်း မလိုက်နာမှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့မှုတွင် ၂၀၁၃-၂၀၁၄ ခုနှစ်က ဒဏ်ရာရရှိသူ ၇၄ ဦး၊ သေဆုံးသူ ၁၂၁ ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၈၈ ဦး၊ သေဆုံးသူ ၉၆ ဦး၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၅၇ ဦး၊ သေဆုံးသူ ၇၇ ဦး၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒဏ်ရာရရှိသူ ၇၇ ဦး၊ သေဆုံးသူ ၁၀၂ ဦးနှင့် ယခု ၂၀၁၇-၂၀၁၈ ခုနှစ် ရှစ်လတာကာလအတွင်း ဒဏ်ရာရရှိသူ ၇၀ နှင့် သေဆုံးသူ ၅၁ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။

ယင်းသို့ မတော်တဆမှုများ အဖြစ်များလာသည့်အတွက် ရထားလမ်းကူးနေရာများတွင် မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်မောင်းသင်တန်းကျောင်းများတွင်လည်း ယင်းသင်ခန်းစာများကို ထည့်သွင်းသင်ကြားသွားမည်ဟု မြန်မာ့မီးရထားမှ သိရသည်။ ယင်းအပြင် တရားမဝင်ဖြတ်ကူးနေရာများ ပိတ်သိမ်းခြင်း၊ တရားမဝင် ဖြတ်သန်းနေရာများအား ရထားစက်မောင်းများကို အသိပေးထုတ်ပြန်ပေးထားကာ အသိပေးခြင်း၊ သတိပေးနှိုးဆော်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ရပ်၊ ကြည့်၊ သွား ဆိုင်းဘုတ်များ စိုက်ထူပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့မီးရထားက ခွင့်ပြုထားသည့် တရားဝင်ဖြတ်ကူးနိုင်သည့် ဂိတ်များတွင်လည်း စနစ်တကျ လမ်းကူးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအရ ဥပဒေချိုးဖောက်မှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဟု အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ဝဝ၁**

# ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်းတွင် ၂၂ ဘီးတွဲယာဉ် ချောက်ထဲ ထိုးကျ

**ကျောက်မဲ ဒီဇင်ဘာ ၃၀**

ကျောက်မဲမြို့နယ် နောင်ပိန်နယ်မြေရဲစခန်းအပိုင် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်းတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က မန္တလေးမှ လားရှိုးသို့ ဇော်ဝင်းရှိန် ၂၉ နှစ် မောင်းနှင်လာသည့် ၂၂ ဘီးတွဲယာဉ်သည် လမ်းကွေ့ကြော၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ပေ ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

တိမ်းမှောက်သွားသောယာဉ်မှ ယာဉ်မောင်း ဇော်ဝင်းရှိန်မှာဒဏ်ရာဖြင့် သေဆုံးနေပြီးကယ်ဆယ်ရေးအဖွဲ့များက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။ အဆိုပါ တွဲယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ နောင်ပိန်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားသည်။

ဆက်လက်၍ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဂုတ်တွင်းကားလမ်း နောင်ချိုဘက်ခြမ်းရှိ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၈၃-၈၄ ကြား၌ မန္တလေးမှ မူဆယ်သို့ ချင်းကြီး ၃၇ နှစ် မောင်းနှင်လာသည့် ဆီဘောက်ဆာတွဲယာဉ်သည် လမ်းကွေ့ကြောအဆင်းတွင် ကန့်လန့်ခံသွားသဖြင့် ယာဉ်ကြောပိတ်ဆို့သွားခဲ့သည်။ ထိုသို့ယာဉ်ကြောပိတ်ဆို့သွားသဖြင့် ယာဉ်ငယ်လေးများသာ သွားလာနိုင်ပြီး ယာဉ်ကြီးများမှာ သွားလာနိုင်ခြင်းမရှိတော့ဘဲ ရပ်ဆိုင်းထားရသည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားရာသို့ ကျောက်မဲအမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်သန်းမင်းအောင်နှင့် ကျောက်မဲ၊ နောင်ချိုယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းနယ်မြေရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များရောက်ရှိ ပူးပေါင်းပြီး ယာဉ်ကြော အမြန်ပြန်ပွင့်ရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်မှုများကြောင့် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ယာဉ်လမ်းကြောပြန်ပွင့်သွားပြီး အတက်၊ အဆင်းယာဉ်များအား အလှည့်ကျစနစ်ဖြင့် ညနေပိုင်းအထိ စနစ်တကျ ထိန်းသိမ်းကြပ်မတ်စေလွှတ်ပေးခဲ့ကြောင်းသိရသည်။

**သီပေါကိုလတ်**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၅ စီး၊ သွင်းကုန် ၁၀၂၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၅၅၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀ ဒသမ ၉၅၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၂ မိုင် ငါးဖာလုံ ပန်ဖတ်ကျေးရွာအနီး၌ Toyota Canter ခြောက်ဘီးယာဉ်တစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖွဲအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၁၆ တုံး (၁ ဒသမ ၈၃၄၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၅၀၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့တို့တွင် ငွေကျပ်သိန်းပေါင်း ၃၁၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**



မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီခွဲက ဝိုင်းမော်မြို့နယ် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အွန်ခွန်အောင်(ခ) ဆိုင်းအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၈၃ ခွက်(ဘိန်းဖြူအလေးချိန် ၉၆၃ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ စက်မှုရပ်ကွက် ရပ်တုအဝိုင်း၌ နော်လီမောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၁၄ ခွက်(ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၃၅၄ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း ဘိန်းဖြူဆပ်ပြာခွက် ၂၉၇ ခွက်၊ ဘိန်းဖြူအလေးချိန် ၃ ဒသမ ၃၁၇ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၁၈၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၁) ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် နောင်ကုန်းကျေးရွာအုပ်စု ဝဲကရင်ကျေးရွာ ဖာပွန်ချောင်းဘေးလမ်းကြား၌ မော်တော်ယာဉ်နှင့်အတူ စောကျော်သိန်း (ခ)စောမီးမီးအား တွေ့ရှိရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၃၇ ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည်ရှစ်တောင့်၊ ပွိုင့် ၂၂ ကျည်တောင့် ၃၀၊ ၅ ဒသမ ၅၆ ကျည် တစ်တောင့်နှင့် လက်ပစ်ဗုံးသုံး ဖျူးစ်တစ်ခု၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၉) ဟူမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟူမ္မလင်းမြို့နယ် နောင်ဖာမူကျေးရွာအုပ်စု နားနူကျေးရွာနေ သောင်းဟန်(ခ) အိုက်ဟန်၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူဆပ်ပြာခွက် ၁၃ ခွက် (ဘိန်းဖြူအလေးချိန် ၁၅၂ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေခိုးယူသူအား ဖမ်းဆီးရမိ

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**



ကျောက်ဆည်မြို့ ကမ္ဘောဇဘဏ်မှ ပင်စင်လစာငွေထုတ်ယူပြီး ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ထားသည့် ငွေများကို ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲစုရပ်ကွက်နေ ဦးအောင်မြင့်တင်သည် ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီက ကမ္ဘောဇဘဏ်မှ ပင်စင်လစာငွေ တစ်သိန်းခုနစ်သောင်းကျပ်အား ထုတ်ယူပြီး ဆိုင်ကယ်တူးဘောက်အတွင်း ထည့်၍ နေအိမ်ပြန်လာစဉ် ဆိုင်ကယ်ရပ်ကာ ခေါက်ဆွဲကြော် ဝယ်ယူခဲ့သည်။ နေအိမ်အရောက်တွင် ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေများထုတ်ယူရာ မတွေ့ရှိတော့သဖြင့် ဒီဇင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဦးအောင်မြင့်တင်၏ ဇနီးဖြစ်သူက ငွေခိုးယူသွားသူအား အရေးယူဆောင်ရွက်ပေးနိုင်ရန် မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သည်။

ထို့နောက် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းထိုက်သည် ဘောဂဝတီရပ်ကွက် ဆယ်အိမ်မှူး ဦးဇော်လွင်ဦးနှင့် သစ်ကြီးတန်းရပ်ကွက် ရာအိမ်မှူး ဦးအုန်းလှိုင်တို့နှင့်အတူ စားသောက်ဆိုင်ဘေးရှိ စီစီတီဗွီမှတ်တမ်းများအား စစ်ဆေးကြည့်ရှုပြီး ပြစ်မှုကျူးလွန်သူအား ရှာဖွေရာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ရွှေအေး မြောင်းဦးကျေးရွာနေသူအား ကမ္ဘောဇဘဏ်ရှေ့၌ တွေ့ရှိဖမ်းဆီးနိုင်ခဲ့ပြီး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယင်းမာပင်မြို့နယ်တွင် တရားမဝင်ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

**ယင်းမာပင် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တရော်ကျင်း-ကပိုင်လမ်း ညောင်ကိုင်းကျေးရွာအုပ်စု ကွင်းစပ်ကျေးရွာ၏မြောက်ဘက် တစ်ဖာလုံခန့်အကွာတောစပ်၌ တရားမဝင် ပိတောက်ခွဲသား တင်ဆောင်ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်း၏ လမ်းညွှန်မှုဖြင့် မုံရွာခရိုင် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်ထူး ဦးဆောင်သော မုံရွာ၊ဘုတလင်၊ ကနီ၊ ယင်းမာပင်မြို့နယ်တို့မှ သစ်တောဝန်ထမ်းရှစ်ဦးနှင့် ညောင်ကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း ပူးပေါင်းပါဝင်သော မုံရွာခရိုင်စစ်ကြောင်းအဖွဲ့က ယင်းမာပင်ခရိုင်အတွင်း တရားမဝင်သစ်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ခိုးထုတ်သယ်ယူခြင်းများကို အရှိန်အဟုန်မြှင့် ရှာဖွေဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်က ယင်းမာပင်မြို့နယ် တရော်ကျင်း-ကပိုင်လမ်း ညောင်ကိုင်းကျေးရွာအုပ်စု ကွင်းစပ်ကျေးရွာ မြောက်ဘက် တစ်ဖာလုံခန့်အကွာ၌ တရားမဝင်ပိတောက်ခွဲသား ၁၂ ချောင်း (၁ ဒသမ ၅၈၇၈ တန်)တင်ဆောင်ရပ်တန့်ထားသော ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# တာချီလိတ်မြို့နယ် ဟွေလန်းကျေးရွာအနီးတွင် စိတ်ကြွဆေးပြား ၉၀၀၀ ကျော် သိမ်းဆည်းရမိ

**တာချီလိတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟွေလန်းရွာအနီး ကားလမ်းပေါ်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခန့်က နမ့်ဖုန်းကျေးရွာမှ ဟွေလန်းကျေးရွာသို့ မောင်းနှင်လာသည့်ဆိုင်ကယ်ကို မသင်္ကာသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၉၉၄၀ ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းကိုးကျေးရွာအုပ်စုအတွင်း နယ်မြေလှုပ်ရှားဆောင်ရွက်နေစဉ် ဟွေလန်းကျေးရွာအနီး ကားလမ်းမပေါ်၌ နမ့်ဖုန်းကျေးရွာမှ ဟွေလန်းကျေးရွာသို့ ယောဟန် မောင်းနှင်ပြီး နောက်မှ ကျရှားလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ ယောဟန်၏ လွယ်အိတ်အတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ ၄၉ ထုပ်၊ ဆေးပြား ၁၄၀ ပါတစ်ထုပ် စုစုပေါင်းဆေးပြား ၉၉၄၀ (တန်ဖိုးငွေကျပ် ၉၉ သိန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူနှစ်ဦးအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ဒုရဲအုပ်ကျော်ဇေယျာဝင်း ဦးစီးပါဝင်သည့် တပ်ဖွဲ့ဝင်များထံ လွှဲပြောင်းပေးပြီး ယောဟန်နှင့် ကျရှားတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ၂၀၁၇ ကို ဝေဝေဆာဆာနှုတ်ဆက်ခဲ့တဲ့ အားကစားလောက












*စက္ကန့်တွေကနေ မိနစ်၊ မိနစ်တွေကနေ နာရီ၊ ဒီလိုနဲ့ ရက်တို လအား လတို နှစ်စသဖြင့် အချိန်ကာလ ရွေ့လျားလာခဲ့ရာ ဖြတ်သန်းခဲ့ပြီးနောက်မှာ ၂၀၁၇ ဆိုတဲ့ ခုနှစ်ကြီး ကုန်ဆုံးသွားပြန်ပါပြီ။ သဘာဝအရ အသစ်ဖြစ်တည်လာရင် အဟောင်းဆိုတာကို စွန့်ပစ်ကြရတာ သဘာဝပဲ ဖြစ်ပေမယ့် ဒီအဟောင်းထဲမှာ မမေ့နိုင်စရာ အမှတ်တရတွေ၊ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေ၊ ချစ်ခြင်း မုန်းခြင်းတွေ၊ ကျရှုံးမှုတွေ အောင်မြင်မှုတွေ ဒါတွေဟာ ၃၆၅ ရက်ဆိုတဲ့ ကာလအတွင်း နောက်ဆက်တွဲအနေနဲ့ ကပ်ငြိပါလာကြပြန်ပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ် ဆိုသလို သူ့နေရာနဲ့သူ အနိမ့်အမြင့် အတက်အကျတွေကြုံတွေ့ရပြီး အားကစားလောကမှာလည်း အောင်မြင်ကြသူတွေရဲ့ အပြုံးတွေ၊ ပီတိမျက်ရည်တွေ၊ ရှုံးနိမ့်ကြသူတွေရဲ့ ကြုံးဝါးသံတွေဟာ ၂၀၁၇ ကို ဝေဝေဆာဆာ ဇာတ်သိမ်းနိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့တဲ့ အကြောင်းတရားတွေပါပဲ။*

**မေလှဲ့သင်း ရေးသားသည်**

## ထိုင်းလိဂ်ကို သွားရောက်ကစားမှုများပြားတဲ့နှစ်

ဒီနှစ်အတွင်း မြန်မာအားကစားလောကမှာ ထူးခြားချက်အချို့ဖြစ်ပေါ်ခဲ့ပြီး အဲဒီထဲကမှ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့တာကတော့ မြန်မာကစားသမားတွေ ထိုင်းလိဂ်ကို သွားရောက်အခြေချကစားမှုဟာ နိုဝင်ဘာနဲ့ ဒီဇင်ဘာ နှစ်လအတွင်း ခပ်စိပ်စိပ်ဖြစ်ခဲ့တာပါ။ ထိုင်းဘောလုံးအဖွဲ့ချုပ်ရဲ့ အာဆီယံကစားသမားတစ်ဦး မဖြစ်မနေခေါ်ယူရမယ့် စည်းမျဉ်းအသစ်ကြောင့် မြန်မာကစားသမားတွေအတွက် ပြည်ပလမ်းကြောင်း ပွင့်သွားခဲ့ပြီး ဒီနှစ်လအတွင်းမှာပဲ မြန်မာကစားသမားငါးဦးအထိ ထိုင်းလိဂ်ကို ပြောင်းရွှေ့ခဲ့ကြပါတယ်။

အောင်သူက ရတနာပုံကနေ ပလိစ်တာရို၊ ကျော်ကိုကိုက ရန်ကုန်မှ ချင်းရိုင်၊ ကျော်ဖြိုးဝေက ဆောက်သမ်းကနေ ဖူးခက်စီးတီး၊ ဝင်းလှိုင်ဦးက ဆောက်သမ်းမှ ရနောင်း၊ ကောင်းဆက်နိုင်က ရန်ကုန်မှ ဆာမက်ဆာခွန်တို့ဟာ ထိုင်းလိဂ်ကို ပြောင်းရွှေ့ခဲ့ကြတဲ့ မြန်မာကစားသမားတွေ ဖြစ်ပါတယ်။ ဒီ ငါးဦးထဲမှာမှ အောင်သူရဲ့ ပြောင်းရွှေ့မှုဟာ အရင်ဆုံးဖြစ်ခဲ့တာဖြစ်ပြီး ကျန်လေးဦးရဲ့ အပြောင်းအရွှေ့ကတော့ ဒီဇင်ဘာလအတွင်း ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

မြန်မာဘောလုံးကစားသမားတွေဟာ ပရိုစနစ်စတာ ဆယ်စုနှစ်မပြည့်ခင်မှာပဲ ခုလို ပြည်ပထွက်ကစားနိုင်ခွင့်တွေ ပိုမိုဖြစ်တည်လာတာကတော့ မြန်မာဘောလုံးလောကအတွက် အပေါင်းလက္ခဏာဆောင်ပါတယ်။ ကျော်ကိုကို၊ အောင်သူတို့ရဲ့ လစာနှုန်းထားဟာ သိန်း ၁၀၀ နီးပါးရှိတာကြောင့် ဘောလုံးကစားခြင်းဟာ ဝါသနာသက်သက်ဆိုတာထက် ငွေကြေးအရမှာ အထောက်အပံ့ဖြစ်တယ်ဆိုတာကို မြန်မာလူထုအနေနဲ့ ပိုမိုသိမြင်သဘောပေါက်လာနိုင်ဖွယ် ရှိလာပါတယ်။

## ထိုင်းအသင်းကို အနိုင်ယူပြခဲ့တဲ့ မြန်မာလူငယ်အသင်း

ဗီယက်နမ် ဖိတ်ခေါ်ဖလားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ မြန်မာယူ-၂၁ အသင်းဟာ ထိုင်းလူငယ်အသင်းကို အုပ်စုပွဲစဉ်မှာရော တတိယနေရာလုပွဲမှာပါ အနိုင်ကစားပြီး တတိယဆုကို ရယူပေးနိုင်ခဲ့ပါတယ်။ တတိယနေရာဟာ ဂုဏ်ယူလောက်စရာမဟုတ်ပေမယ့် အာဆီယံပြိုင်ပွဲတွေမှာ ထိုင်းအသင်းနဲ့တွေ့တိုင်း ရှုံးနိမ့်တယ်ဆိုတဲ့ အရိပ်မည်းကြီးကိုတော့ ချေဖျက်ပြနိုင်ခဲ့တာကတော့ ဂုဏ်ယူစရာမဟုတ်တောင် ထူးခြားချက်လို့တော့ ပြောလို့ရပါတယ်။ မြန်မာယူ-၂၁ အသင်းမှာ နာမည်ကြီးကစားသမားတွေ မပါဝင်သလို ပြင်ဆင်ချိန်လည်း နည်းပါးခဲ့ပေမယ့် ထိုက်သင့်တဲ့အောင်မြင်မှုတော့ ရရှိခဲ့တာဖြစ်ပါတယ်။ မြန်မာလူငယ်အသင်းဟာ ဗီယက်နမ်ယူ-၂၁ နဲ့ ယိုကိုဟားမားအသင်းတွေကို ရှုံးနိမ့်ခဲ့ပေမယ့် ကစားသမားတွေဟာ ပွဲချိန်ပြည့် မခိုမကပ်ဘဲ ကစားခဲ့ကြသလို ပြိုင်ဘက်ကို ဗီယက်နမ်မို့ ထိုင်းမို့ ရှိန်နေတာမျိုး မရှိတာကတော့ စိတ်ဓာတ်ပိုင်းအရ မာကျောတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကြံ့ခိုင်မှုပိုင်းအတွက် ပိုလုပ်ဖို့ လိုအပ်နေသေးသလို နည်းဗျူဟာပိုင်းနဲ့ ကစားကွက်ကို ထိန်းနိုင်ဖို့ လိုအပ်နေဆဲအနေအထားတွေကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် အစဉ်အလာဆိုးတစ်ရပ်ကို ပယ်ဖျက်ပြီး အခုလို စွမ်းနိုင်သလောက် အကောင်းဆုံးကစားပေးခဲ့တဲ့ မြန်မာယူ-၂၁ အသင်းကတော့ ဒီ ၂၀၁၇ ခုနှစ်ရဲ့ မှတ်သားစရာ ပုံရိပ်အဖြစ် ထင်ကျန်ရစ်တော့မှာ ဖြစ်ပါတယ်။

## စီရိုနယ်လ်ဒိုရဲ့နှစ်

၂၀၁၇ ခုနှစ်အတွင်း အားကစားလောကအတွင်း အကြီးအကျယ် အောင်မြင်သူတွေကို ရွေးပြပါဆိုရင် ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုဟာ ချန်လှပ်လို့ မရနိုင်သူတွေထဲက တစ်ဦးပါ။ သူ ဘာတွေစွမ်းဆောင်ပြခဲ့ပါသလဲ။ နိုင်ငံလက်ရွေးစင်အသင်းအတွက် ကမ္ဘာ့ဖလားတိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ကူညီပေးခဲ့တာကိုပဲ ပြောမလား၊ ဒါမှမဟုတ် ရီးယဲလ်နဲ့အတူ သမိုင်းသစ်အောင်ပွဲရရှိအောင် အဓိကနေရာက ပါဝင်ခဲ့တာကိုပဲ ပြောမလား ပြောစရာတွေ တစ်ပုံကြီး ဖြစ်ကျန်ရစ်အောင် စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။

ဒီအတွက် ဆုလာဘ်အနေနဲ့ ဖီဖာက ချီးမြှင့်တဲ့ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုရော ဘလွန်းဒီအောဆုကိုပါ သိမ်းပိုက်ပြီး ဘောလုံးသမိုင်းမှာ တစ်ဦးချင်း ဆုတံဆိပ်အရယူနိုင်ဆုံး ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်သွားပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ယခုနှစ်ဘောလုံးရာသီမှာ အရင်ကထက် ဂိုးသွင်းနှုန်းကျဆင်းနေခဲ့ပေမယ့် ဂျင်မီဂရေ့ဗ်ရဲ့ ဥရောပသွင်းဂိုးမှတ်တမ်း၊ ချန်ပီယံလိဂ် သွင်းဂိုးမှတ်တမ်းစံချိန်သစ်အပြင် ရီးယဲလ်အတွက် တစ်ရာသီတည်း ဆုဖလား ငါးလုံး ဆွတ်ခူးပြီး သမိုင်းဝင်အောင်မြင်မှုရယူသွားထားနိုင်သူပါ။

စီရိုနယ်လ်ဒိုအနေနဲ့ ပွဲစဉ်အချို့မှာ ဂိုးဖြုန်းတီးမှုအချို့ရှိခဲ့ပေမယ့် ဂျူဗင်တပ်နဲ့ ကစားတဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ နှစ်ဂိုးသွင်းပြီး သူဟာ အဆုံးအဖြတ်ဂိုးတွေကို သွင်းယူနိုင်တဲ့ မှော်ခြေစွမ်းပိုင်ရှင် ဖြစ်တယ်ဆိုတာ သက်သေခံနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘလွန်းဒီအောဆုချီးမြှင့်ပွဲမှာ သူပြောခဲ့တဲ့ စကားဟာ မလိုလားတဲ့သူအချို့အတွက် မျက်မုန်းကျိုးစရာဖြစ်ခဲ့ပေမယ့် သူ့လောက်ကောင်းတဲ့ကစားသမားကို မမြင်ဖူးသေးဘဲ ဒီစိတ်နဲ့ပဲ အောင်မြင်အောင်ကြိုးစားခဲ့တယ်ဆိုတဲ့ ဒီအပြောဟာ ယူတတ်မယ်ဆိုရင် အနာဂတ်လူငယ်တွေအတွက် အောင်စိတ်ကို ဖြစ်ထွန်းစေမယ့် အကျိုးရှိတဲ့စကားလို့ သတ်မှတ်နိုင်ပါတယ်။

## တစ်ကျော့ပြန် နာဒယ်လ်နဲ့ ဖက်ဒရာတို့ လွှမ်းမိုးခဲ့တဲ့ ၂၀၁၇

၂၀၁၆ ခုနှစ်က ဒဏ်ရာပြဿနာတွေနဲ့ ထွေးလုံးရစ်ပတ်နေတဲ့ နာဒယ်လ်နဲ့ ဖက်ဒရာတို့ နှစ်ဦးဟာ ၂၀၁၇ ခုနှစ်မှာတော့ မယုံနိုင်လောက်တဲ့ အောင်မြင်မှုတွေနဲ့ တစ်နှစ်တာကို အကောင်းဆုံး အသုံးချအောင်ပွဲခံနိုင်ခဲ့ကြပါတယ်။ နာဒယ်လ်က ဩစတြေးလျအိုးပင်းဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သလို ပြင်သစ်အိုးပင်းနဲ့ ယူအက်စ်အိုးပင်းတို့မှာ ဗိုလ်စွဲပြီး ၂၀၁၇ ခုနှစ်ကို ကမ္ဘာ့အဆင့်(၁)နေရာနဲ့ အောင်အောင်မြင်မြင်ကို နှုတ်ဆက်လိုက်နိုင်တာပါ။

နာဒယ်လ်ရဲ့ မိတ်ဆွေလည်းဖြစ်၊ ပြိုင်ဘက်ကောင်းလည်းဖြစ်တဲ့ ဖက်ဒရာကတော့ ဩစတြေးလျအိုးပင်းနဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းတို့မှာ ဗိုလ်စွဲပြီး ကမ္ဘာ့အဆင့်(၂)နေရာကို ရယူပြနိုင်ခဲ့ပါတယ်။ ဖက်ဒရာနဲ့ နာဒယ်လ်တို့ ဒီလို ကမ္ဘာ့ထိပ်ဆုံးအဆင့်ကို သိမ်းပိုက်ပြီး ရာသီသိမ်းနိုင် ဂရင်းစလင်းပြိုင်ပွဲကြီး လေးရပ်စလုံးကိုလည်း သူတို့နှစ်ဦးသာ တစ်ယောက်တစ်လှည့် ရယူပြနေတာဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်ကဆို အံ့အားသင့်ဖို့မကောင်းပေမယ့် အခုလို နာဒယ်လ်ကလည်း (၃၁)နှစ်ကျော်၊ ဖက်ဒရာကလည်း(၃၆)နှစ်ကျော်နေပြီဆိုတော့ အသက်(၂၈)နှစ်ကျော် ကစားသမားတွေ ရုန်းကန်ရတတ်တဲ့ တင်းနစ်လောကမှာ အတော်ကို အံ့အားသင့်စရာဖြစ်ရပ်ဖြစ်ပါတယ်။

ဖက်ဒရာဆိုရင် ဂရင်းစလင်းဖလားကို မရတာ လေးနှစ်ကျော်ကြာနေပြီဖြစ်သလို ဒဏ်ရာပြဿနာကြောင့် ရာသီတစ်ဝက်ကျော်လောက် အနားယူခဲ့ရပြီးမှ ပြန်လည်ကစားနိုင်တာ ရက်ပိုင်းအတွင်းမှာပဲ ဩစတြေးလျအိုးပင်းမှာ ဝင်ရောက်ကစားကာ ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ ဒီအောင်မြင်မှုဟာ ဂျိုကိုဗစ်နဲ့ မာရေးတို့ဒဏ်ရာရနေစဉ်အတွင်း အခွင့်အရေးယူနိုင်ခဲ့တာမျိုး မဟုတ်ဘဲ သူတို့ရဲ့ စနစ်တကျအစီအစဉ်ချထားတဲ့ အလုပ်ဇယားပုံစံကြောင့် ဖြစ်တယ်လို့ ပေါ်လ်အာနာကိုက သုံးသပ်ပါတယ်။ ဒါ့အပြင် ပေါ်လ်က ဂျိုကိုဗစ်နဲ့ မာရေးတို့ လာမယ့် ၂၀၁၈ ခုနှစ်မှာ ကြံ့ခိုင်မှုပြည့်ဝနေမယ်ဆိုရင်တောင် နာဒယ်လ်နဲ့ ဖက်ဒရာတို့ရဲ့ အကောင်းဆုံးပုံစံကို ဆက်လက်တွေ့ရဦးမယ်လို့ မှန်းချက်လည်း ထုတ်လိုက်ပါတယ်။ နာဒယ်လ်ကတော့ သူ့ရဲ့ နည်းပြအဖွဲ့ထဲမှာ နည်းပြအပြောင်းအလဲပြုလုပ်ပြီးနောက် အခုလို ပုံစံရလာတာဖြစ်သလို အသက်အရွယ်ထောက်လာတဲ့ ဖက်ဒရာကလည်း မြေစေးကွင်းပြိုင်ပွဲတွေအားလုံးကို မယှဉ်ပြိုင်ဘဲ သူ့ရဲ့ ကြံ့ခိုင်မှုကို ဆက်ထိန်းခဲ့တာဖြစ်ပါတယ်။

## နေမာရဲ့ ကမ္ဘာ့စံချိန်တင်ကြေး

၂၀၁၇ ခုနှစ်နွေဈေးကွက်မှာ တိုက်စစ်မှူး နေမာဟာ အငြင်းပွားစရာတွေ များစွာ ရှိနေတဲ့ကြားကပဲ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး သန်း ၂၀၀ နဲ့ ဘာစီလိုနာကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒီအပြောင်းအရွှေ့ဟာ အပြောင်းအရွှေ့တကယ်မဖြစ်ခင်ကပဲ သတင်းတွေ တောက်လျှောက်တက်လာခဲ့ပြီး တကယ်ဖြစ်သွားချိန်မှာလည်း ကမ္ဘာ့မီဒီယာစာမျက်နှာတွေထက် နေမာရဲ့ ပုံရိပ်ကသာ လွှမ်းမိုးကြီးစိုးခဲ့ပါတယ်။ ဒီအပြောင်းအရွှေ့ဖြစ်ပြီးနောက်မှာ နေမာရဲ့နာမည်ဟာ အရင်ကထက် ပိုပြီးတောက်ပလာပေမယ့် တစ်နေ့တစ်မျိုး မရိုးရတဲ့ သတင်းကောင်း သတင်းဆိုးတွေနဲ့အတူ ၂၀၁၇ ခုနှစ်ကို နေမာ ကိုင်လှုပ်သွားခဲ့ပါတယ်။

နေမာကို ပီအက်စ်ဂျီအသင်းက အခွင့်ထူးခံပုံစံနဲ့ကြိုဆိုခဲ့ပြီး နေမာရဲ့ လစာနှုန်းထား၊ မြင့်မားတဲ့ပြောင်းရွှေ့ကြေးတွေကြောင့် လက်ကျန် အပြောင်းအရွှေ့တွေပါ တန်ဖိုးတွေ အဆမတန်မြင့်တက်သွားခဲ့ပါတယ်။ လူငယ်တိုက်စစ်မှူး မက်ပီရဲ့ အပြောင်းအရွှေ့က ပေါင် ၁၆၅ သန်း အထိ ဈေးမြောက်ခဲ့သလို ဒမ်ဘီလီအတွက်လည်း ဘာစီလိုနာက ပေါင် ၁၃၅ သန်းအထိ ပြန်လည်အသုံးပြုခဲ့ရပါတယ်။ ဒီလို ဖြစ်ရပ်တွေကြောင့် ဘောလုံးလောကမှာ ငွေကြေးဖောင်းပွမှုတွေ ဖြစ်လာခဲ့ပြီး စီးပွားရေးဆန်လွန်းတဲ့ ချဉ်းကပ်မှုပုံစံတွေ ပိုမိုဖြစ်တည်လာတာကို တွေ့ရပါတယ်။ ။

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ အငြိမ်းစားပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီးဇေယျကျော်ထင်စိန်ရ(ငြိမ်း)-ဒေါ်အေးအေးစိုးတို့၏မြေးဦး

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ

ဗိုလ်ချုပ်ဇေယျကျော်ထင်စိုးဝင်း (ဆေးဝန်ထမ်းညွှန်ကြားရေးမှူး)-ဒုတိယဗိုလ်မှူးကြီးဒေါ်ကေသီကျော်တို့၏သားကြီး

## ဗိုလ်ကြီးကြည်သာစိုး

Ph.D. (Electronics), D.S.T.A

နှင့်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ

ဦးစန်းလွင်-ဒေါ်ရီရီခိုင်(မဏိဂုဟာ ဆန်၊ နှမ်းနှင့် ပဲမျိုးစုံပွဲရုံလုပ်ငန်း)တို့၏သမီးငယ်

## မဝင်းပပအောင်

B.A (English), Post Graduate Diploma in Law (Online Law-Y.U.D.E)

မဏိဂုဟာ Silk & Lace

တို့၏ ၃၀-၁၂-၂၀၁၇ ရက်တွင် ပြည်လမ်း၊ ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစား စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ၁၇-၁၁-၂၀၁၇ ရက်၌ ရန်ကုန်မြို့ Novotel Hotel Maxတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တိုင်းဥပဒေချုပ် ဦးဟန်ထူးအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးချုပ်ဌေးနိုင်နှင့် ဇနီး ဒေါ်ဥမ္မာမြင့်၊ ဗိုလ်မှူးချုပ်ဇော်ဝင်းမော်နှင့် ဇနီး ဒေါ်သီတာခင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အပြင်အဆင်နှင့် မှတ်တမ်းတင်ရိုက်ကူးပေးပါသော His & Her Floral Services အားလည်းကောင်း၊ ၂၅-၁၂-၂၀၁၇ ရက်တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုသားဇော် (Eros)အဖွဲ့အားလည်းကောင်း၊ ဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ နှင်းရီသန့် မြန်မာမှုတူရိယာအဖွဲ့ဝင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မပန်းပြည့်ပြည့်ပိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာခင်စန္ဒာလွင်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာခင်ထျန်းခိုင်ဆုလာဘ်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်ကျော်စွာဦး၊ ဗိုလ်ကြီးငြိမ်းချမ်းစိုး၊ မင်္ဂလာသတို့သမီးအရံ မမဥ္ဇူထွန်း၊ မခိုင်ဖြူစင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မမဥ္ဇူ (Zu Zu Collection)၊ မိတ်ကပ်ဆံပင်အလှပြင်ပေးပါသော မေဦး (Magic)နှင့်အဖွဲ့၊ Photography ကိုရဲထွဋ်နှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော ရွှေမင်းသား Gems & Jewellery၊ အခမ်းအနားပြင်ဆင်ပေးပါသော His & Her Floral Services အားလည်းကောင်း၊ မင်္ဂလာဧည့်ခံကျွေးမွေးရေးအစီအစဉ်ကို ပါဝင်ကူညီဆောင်ရွက်ပေးပါသော ဦးစိန်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ၃၀-၁၂-၂၀၁၇ ရက်တွင် Melia Hotel Yangon တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုကျော်သူလင်း၊ မင်္ဂလာသတို့သားအရံ ကိုအောင်သီဟန်၊ ကိုရဲရင့်ကျော်၊ ကိုထွန်းဝဏ္ဏ၊ ကိုတေဇာမြင့်စိန်၊ မင်္ဂလာသတို့သမီးအရံ မအေးစုစုမြတ်၊ မဆုမြတ်နိုး၊ မခိုင်ဇာမော်၊ မဆုမြတ်သဇင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ကိုပြည့်စိုးအောင်နှင့် York Tailor၊ မိတ်ကပ်ဆံပင် အလှပြင်ပေးပါသော မေဦး (Magic)နှင့်အဖွဲ့၊ Photography ကိုရဲထွဋ်နှင့်အဖွဲ့၊ တေးဂီတ DJ လင်းလင်းနှင့် မင်္ဂလာညစာစားပွဲအား စီစဉ်ပေးပါသော His & Her Floral Services အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကြည်သာစိုးနှင့်မဝင်းပပအောင်




# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာ အဖြစ် အမည်စာရင်းပါရှိသူအားလုံး သို့မဟုတ် ၎င်းတို့မှ စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) အားလုံး၏ မိတ္တူ တစ်စောင်ကို ယင်းအား ထုတ်ဝေသည့်နေ့ရက်တွင်ဖြစ်စေ၊ ယင်းနေ့ မတိုင်မီတွင်ဖြစ်စေ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ရမည်။ အဆိုပါ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ခြင်း မရှိသေးလျှင် ထိုကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) ကို ထုတ်ဝေခြင်း မပြုရ။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ နည်းလမ်းများနှင့်အညီဆောင်ရွက်ရန် လိုအပ်သော ရက်စွဲဖော်ပြခြင်း၊ လက်မှတ်ရေးထိုးခြင်းများမပါရှိသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) တစ်ခုခုကို မှတ်ပုံတင်ပေးခြင်း မပြုရ။

(ဃ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အားလုံး၏ မျက်နှာဖုံးစာမျက်နှာ အပေါ်တွင် ဤကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) ၏ မိတ္တူတစ်စောင်ကို ဤပုဒ်မတွင် ဖော်ပြပါရှိသည့် လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် တင်ပြပြီးဖြစ်ကြောင်း ဖော်ပြရမည်။

၂၀၄။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) ၏ မိတ္တူကို ပုဒ်မ ၂၀၃ ပါအတိုင်း တင်ပြဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခဲ့လျှင် ကုမ္ပဏီနှင့် ယင်းအား ထုတ်ဝေရာတွင် သိလျက်ဖြင့် ပါဝင်ခဲ့သူများတစ်ဦးဦးစီသည် ဒဏ်ကြေးငွေ ကျပ်သိန်း ၁၀၀ ကို ပေးဆောင်စေရမည်။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြရန်လိုအပ်သည့်အချက်အလက်များ**

၂၀၅။ (က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားလှယ်ကဖြစ်စေ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် ပတ်သက်သောသူကဖြစ်စေ၊ ယင်း၏ကိုယ်စားကဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်တွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၏ အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ၊ ၎င်းတို့တစ်ဦးချင်းစီ ထည့်ဝင်ထားသည့် အစုရှယ်ယာအရေအတွက်များ၊ ကုမ္ပဏီအား စတင်တည်ထောင်သူများ ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများ ပိုင်ဆိုင်သည့် အစုရှယ်ယာ (management shares) အရေအတွက် သို့မဟုတ် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို ရပိုင်ခွင့်ရွှေ့ဆိုင်းထားသော အစုရှယ်ယာ(Deferred shares) ရှိခဲ့လျှင် ယင်း၏အရေအတွက်၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပိုင်ဆိုင်သူများ၏ အကျိုးခံစားခွင့် အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ထုတ်ဝေရန်နေ့ရက် သတ်မှတ်ထားသည့် ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာအရေအတွက်နှင့် ထုတ်ဝေရန် သတ်မှတ်ထားသည့်နေ့ရက် သို့မဟုတ် အဆိုပါနေ့ရက်သတ်မှတ်ထားခြင်းမရှိပါက အကြောင်းကြားစာပေးပို့ရမည့်ကာလနှင့် ပြန်လည်ရွေးနုတ်ယူခြင်းအတွက် လိုက်နာ ဆောင်ရွက်ရမည့် နည်းလမ်းများ၊

(၂) ဒါရိုက်တာတစ်ဦးတွင် ရှိရမည့် သတ်မှတ်ချက်တစ်ရပ်အဖြစ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားရှိခဲ့ပါက အစုရှယ်ယာအရေအတွက်၊ ဒါရိုက်တာများ၏ အခကြေးငွေနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ၊

(၃) ဒါရိုက်တာများ၊ အဆိုပြုထားသော ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် အဆိုပြုထားသော အရာရှိများ၏အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ၊ အရာရှိများအား ခန့်အပ်မှုနှင့် ၎င်းတို့အား ပေးချေရမည့် အခကြေးငွေများနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ၊

(၄) ဒါရိုက်တာများက အစုရှယ်ယာများ ခွဲဝေသတ်မှတ်နိုင်ရန်အတွက် ထည့်ဝင်ရမည့် အနည်းဆုံးအစုရှယ်ယာပမာဏ၊ အစုရှယ်ယာတစ်ခုစီအတွက် လျှောက်ထားမှု၊ ခွဲဝေမှုများနှင့်စပ်လျဉ်း၍ ပေးချေရမည့် ငွေပမာဏ၊ ဒုတိယအကြိမ် သို့မဟုတ် ယင်းနောက်ပိုင်းတွင် အစုရှယ်ယာများ ကမ်းလှမ်းရောင်းချသည့်အခါ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပြုလုပ်ခဲ့သော ခွဲဝေသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ကမ်းလှမ်းသည့် အစုရှယ်ယာနှင့် ငွေကြေးပမာဏ၊ အမှန်တကယ်ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာပမာဏ၊ ထိုသို့ခွဲဝေ သတ်မှတ်ထားသည့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ပေးချေထားသည့် ငွေပမာဏ၊

(၅) လွန်ခဲ့သည့် နှစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့် ငွေသားဖြင့် သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များ၏ အရေအတွက်နှင့် တန်ဖိုးပမာဏ၊ တစ်စိတ်တစ်ဒေသသာ ပေးချေထားသည့်ကိစ္စရပ်တွင် ထိုသို့ပေးချေထားသည့် ပမာဏအပြည့်အဝ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေထားသည့် ကိစ္စရပ်တွင် ထုတ်ဝေထားသည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၆) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေခြင်းသည်အာမခံသူ (underwriter) ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ထိုအာမခံသူများ၏အမည်များ၊ အာမခံသူများသည် အာမခံထားသည့် တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုံလောက်သည့် အခြေအနေရှိကြောင်း ဒါရိုက်တာများထင်မြင်ယူဆချက်၊

(၇) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်ရန် ကမ်းလှမ်းမှု အကျိုးအမြတ်မှ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားသည့် ကုမ္ပဏီက ဝယ်ယူထားသော သို့မဟုတ် ရရှိထားသော၊ သို့မဟုတ် ဝယ်ယူရန် သို့မဟုတ် ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်အား ရောင်းချသူများ၏ အမည်များနှင့် နေရပ်လိပ်စာများ၊ ရောင်းချသူသို့ ထုတ်ပေးသည့် ငွေသားဖြင့် ပေးချေထားသည့် ပမာဏ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၊ ရောင်းချသူတစ်ဦးထက်ပိုသည့်အခါတွင်ဖြစ်စေ၊ ကုမ္ပဏီသည်တစ်ဆင့်ခံ ဝယ်ယူသူဖြစ်သည့် အခါတွင်ဖြစ်စေ ရောင်းချသူတစ်ဦးစီသို့ ပေးချေထားသည့် ပမာဏ၊ သို့ရာတွင် ရောင်းချသူများ သို့မဟုတ် ရောင်းချသူတစ်ဦးဦးသည် လုပ်ငန်းစုတစ်ရပ်ဖြစ်ခဲ့လျှင် ထိုလုပ်ငန်းစုတွင် ပါဝင်သူများအား သီးခြားရောင်းချသူများအဖြစ် သတ်မှတ်ခြင်းမပြုရ၊

(၈) ပုဒ်မခွဲငယ် (၇) တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အား ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် နှစ်နှစ်အတွင်း ရောင်းချခြင်းဖြင့် လွှဲပြောင်းသည့်အခါတွင် အဆိုပါ လွှဲပြောင်းမှုတစ်ရပ်စီ၌ ဝယ်ယူသူက ပေးချေသည့် ပမာဏ၊ အဆိုပါပစ္စည်းတစ်ရပ်ရပ်သည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် အခါတွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus) ကို ထုတ်ဝေပြီးနောက် တစ်ဆက်တည်း သုံးနှစ်အတွင်းနှစ်အလိုက် အဆိုပါစီးပွားရေးလုပ်ငန်းမှရရှိသည့် အကျိုးအမြတ်များ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုမှာ သုံးနှစ်အောက်နည်းသည့် ကာလအတွက်သာရှိပါက လက်ရှိကာလ၏ နှစ်အလိုက် ရရှိသည့် အကျိုးအမြတ်များ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်အတူ ပူးတွဲပါရှိရမည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus)ကို ထုတ်ဝေသည့်နေ့မှ ရက်ပေါင်း ၉၀ ထက် မများသည့်ကာလအတွင်း ပြုစုထားသော သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၏ လက်ကျန်ရှင်းတမ်း (balance sheet) တစ်စောင်၊

(၉) အထက်တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အတွက် ဝယ်ယူပေးချေသည့် ငွေအဖြစ် ပေးချေခဲ့သော သို့မဟုတ် ပေးချေမည်ဖြစ်သောငွေသား၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များရှိခဲ့လျှင် ယင်း၏ပမာဏ ၊ ကုန်ရောင်းကုန်ဝယ် နာမည်ကောင်း ဂုဏ်သတင်း (Goodwill) အတွက် ပေးချေမည်ဖြစ်သော ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊

(၁၀) ကုမ္ပဏီ၏ အစုရှယ်ယာ၊ ဒီဘင်ချာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ် တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ပေးချေရသည့် ကော်မရှင်ခအဖြစ်သော်လည်းကောင်း၊ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် လျှော့ငွေ (Discount) အဖြစ် သော်လည်းကောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပေးချေခဲ့လျှင် ယင်းပမာဏ သို့မဟုတ် ပေးချေရမည့် ပမာဏ၊ သို့ရာတွင် တစ်ဆင့်ခံ အာမခံသူများထံသို့ ပေးချေရမည့် ကော်မရှင်ခများကို ဖော်ပြရန်မလို၊

(၁၁) ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ကနဦးခန့်မှန်းကုန်ကျငွေပမာဏ၊

(၁၂) ကမကထပြုသူ (promoter) သို့ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပေးချေခဲ့သည့် ပမာဏ သို့မဟုတ် ပေးချေရန်သတ်မှတ်ထားသည့်ပမာဏ၊ ထိုသို့ပေးချေမှုတစ်ရပ်ရပ်အတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၁၃) ပုဒ်မ ၇ နှင့်သက်ဆိုင်သော ပစ္စည်းများရရှိရေးနှင့်စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်များအပါအဝင် အရေးကြီးသော ပဋိညာဉ်စာချုပ်အားလုံးကို ချုပ်ဆိုသည့် နေ့ရက်များနှင့် ထိုစာချုပ်များတွင် ပါဝင်သူများ၊ အရေးကြီးသော ပဋိညာဉ်စာချုပ်များ သို့မဟုတ် ယင်းတို့၏ မိတ္တူများကို စစ်ဆေးကြည့်ရှုနိုင်မည့် အချိန်နှင့်နေရာ၊ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် သာမန်ကိစ္စရပ်များအတွက် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် နေ့ရက်မတိုင်မီ နှစ်နှစ်ထက်ပိုသော ကာလအတွင်း ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ၊

(၁၄) ကုမ္ပဏီ၏ စာရင်းစစ်များရှိခဲ့ပါက ၎င်းတို့၏ အမည်များနှင့် နေရပ်လိပ်စာများ၊

(၁၅) ကုမ္ပဏီကို မြှင့်တင်ရာတွင်ဖြစ်စေ၊ ကုမ္ပဏီက ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်သော ဒါရိုက်တာအားလုံး၏ အကျိုးခံစားခွင့်ရှိခဲ့လျှင် ယင်းအခြေအနေနှင့် အတိုင်းအတာပမာဏတို့၏ ဖော်ပြချက်အပြည့်အစုံ သို့မဟုတ် အဆိုပါဒါရိုက်တာ၏ အကျိုးခံစားခွင့်သည် လုပ်ငန်းစုတစ်ခု၏ ဖက်စပ်လုပ်ကိုင်သူအဖြစ် ပါရှိခြင်းဖြစ်ခဲ့လျှင် အဆိုပါလုပ်ငန်းစု၏ အကျိုးခံစားခွင့် အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဒါရိုက်တာဖြစ်မည့်သူ သို့မဟုတ် ဒါရိုက်တာဖြစ်ရန် အရည်အချင်းပြည့်ဝသူသို့ဖြစ်စေ၊ ကုမ္ပဏီကို မြှင့်တင်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ယင်းက သို့မဟုတ် လုပ်ငန်းစုက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက်ဖြစ်စေ၊ ၎င်းတို့ကိုသော်လည်းကောင်း၊ လုပ်ငန်းစုကိုသော်လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာအားဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးချေခဲ့သော သို့မဟုတ် ပေးချေရန် သဘောတူညီခဲ့သော ပမာဏအားလုံးပါရှိသည့် ရှင်းလင်းဖော်ပြချက်၊

(၁၆) ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစား တစ်ရပ်ထက် ပိုမိုပါရှိပါက ကုမ္ပဏီ၏ အစည်းအဝေးများတွင် မဲပေးနိုင်သည့် အခွင့်အရေး၊ အစုရှယ်ယာ အမျိုးအစား အသီးသီးတွင် ဆက်စပ်ပါရှိသော မတည်ငွေရင်းနှင့် အမြတ်ဝေစုဆိုင်ရာ အခွင့်အရေးများနှင့်

(၁၇) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့် သို့မဟုတ် မဲပေးခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ အစုရှယ်ယာလွှဲပြောင်းခွင့်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ သို့မဟုတ် ဒါရိုက်တာများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များရှိခဲ့လျှင် ထိုကန့်သတ်ချက်များ၏ အခြေအနေနှင့် အတိုင်းအတာပမာဏ။


(ခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) ထုတ်ဝေခြင်း မပြုမီကပင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီက ထုတ်ဝေသည့် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ဖြစ်ခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၌ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအပြင် အောက်ပါအစီရင်ခံစာများကိုလည်း ထည့်သွင်းဖော်ပြရမည် -

(၁) လက်အောက်ခံကုမ္ပဏီများရှိခဲ့လျှင် ယင်းကုမ္ပဏီများ အပါအဝင် ကုမ္ပဏီ၏ အကျိုးအမြတ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့မှ လွန်ခဲ့သောဘဏ္ဍာရေးနှစ် သုံးနှစ်အတွက် နှစ်အလိုက် ကုမ္ပဏီ၏ စာရင်းစစ်များက တင်ပြသည့် အစီရင်ခံစာ၊ ယင်းအစီရင်ခံစာတွင် အဆိုပါ သုံးနှစ်ကာလ၏ နှစ်စဉ်ကာလတွင် ကုမ္ပဏီ၏ အစုရှယ်ယာအမျိုးအစား တစ်ရပ်ချင်းအတွက် ကုမ္ပဏီက ပေးချေခဲ့သည့် အမြတ်ဝေစုနှုန်းထားများရှိခဲ့လျှင် ယင်းတို့ကို ဖော်ပြရမည့်အပြင် အမြတ်ဝေစုများ ခွဲဝေပေးခဲ့သည့် အစုရှယ်ယာအမျိုးအစားတစ်ရပ်ချင်း၏ အကြောင်းအရာများ၊ အမြတ်ဝေစုခွဲဝေပေးခဲ့သည့် ငွေကြေးအရင်းအမြစ်များ၊ အဆိုပါနှစ်များတွင် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ရပ်အပေါ် အမြတ်ဝေစုခွဲဝေ ပေးခြင်းမပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့်သက်ဆိုင်သော အချက်အလက်၊ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်းမပြုမီသုံးလအလိုတွင် ကုန်ဆုံးသော သုံးနှစ်ကာလ သက်တမ်းတစ်ရပ်အတွင်း ဘဏ္ဍာရေးစာရင်း ပြုလုပ်ဆောင်ရွက်ထားခြင်း မရှိပါက အဆိုပါအချက်အလက် အကြောင်းအရာများနှင့်

**ဆက်လက်ဖော်ပြပါမည်။**


ကျားဝါပေ့ပေ့
မိသားစုကာတွန်းများ











# နှစ်သစ်ကူး ထူးစွလေ စိန္တေဦး ဖူးမဝေချေ

ul&ifo

လေ့တို့မည်သည် ကမ်းကိုလျစ်လျူရှုလျက် လှော်ခတ်သွားလာရိုး ထုံးစံမရှိသကဲ့သို့ပင် လူသားတို့မည်သည်မှာလည်း အချိန်ကို လျစ်လျူရှုလျက် လှုပ်ရှားသွားလာရိုး ထုံးစံမရှိဟူသော သဘောတရားကို နှလုံးသွင်း စဉ်မှာပင် ဥတုသုံးလီ ရာသီစက်ဝန်း၏ မမောနိုင်မပန်းနိုင် အခါမလပ် တရစပ်လည်ပတ်မှု၏ ပြယုဂ်ဖြစ်သော ၂၀၁၇ ပြက္ခဒိန်၏ နောက်ဆုံးနေ့ရက် ဒီဇင်ဘာ ၃၁ ရက်က ကျွန်ုပ်အား ပြုံတစ်ပြုံတစ် လုပ်နေပြန်ပါပေ့ါဟု တိုးတိုးလေး ကျွန်ုပ် ရေရွတ်မိလေ၏။

'ပုလဲဥန္နင်းပေါက်၊ ကင်းထောက်တဲ့လေပြန်၊ မင်းမြောက်ပေ့ ဟေမန်၊ မသေကျန်ကံကောင်း၊ လူမို့သာ လျလျခံတယ်၊ မြရေနံခဲရတဲ့ဆောင်း' ဟူသော စလေအညာမှ ဆရာကြီး ဦးပုည၏ 'ဆောင်းဖွဲ့' တေးထပ်တစ်ပုဒ်မှ စာသားတစ်ပိုင်းတစ်စက ကျွန်ုပ်၏ နှလုံးသားတစ်နေရာတွင် Rhythm မှန်မှန် (ဝါ) စည်းချက်ဒိုးချက်မှန်မှန် ရိုက်ခတ်လာသောအခါဝယ် နှစ်ဟောင်းလွန်မြောက် နှစ်သစ်ရောက်တော့မည့် အခါသမယက ကျွန်ုပ်တို့ကို ဆီးကြိုနေပါပေ့ါဟု တွေးမိပြန်သည်။

### စာမျက်နှာသစ်ဖွင့်လှစ်

ထိုအခိုက် နှစ်သစ်ကူးချိန် ဂရီဂေါ်ရီးယန်းပြက္ခဒိန်သစ် စာမျက်နှာသစ် ဖွင့်လှစ်ချိန်တွင် မိမိအပါအဝင် လူသားအားလုံး၏ ဘဝဖြစ်တည်မှု သဘောတရားကို ဆင်ခြင်ကြည့်မိရန် စိတ်ဇောသန်လာမှုနှင့်အတူ 'စလေ ဆရာဦးပုည' ၏ 'ဥပေက္ခာနယ်သို့' တေးထပ်တစ်ပုဒ်ကို ကျူးရင့်မိရင်း ကျွန်ုပ် ဉာဏ်ဝင်စားနေမိ၏။

"ဗဟန်းချောင် ရိပ်သိဂ်၊ နိဗ္ဗန္ဒပွားယူ၊ ဆိတ်ငြိမ်စွာ မှားမကူအောင်၊ တရားယူကျင့်သုံး၊ ကိလေသ ယုတ်ခမွေကို၊ သမုစ္ဆေကင်း ဖြတ်အဆုံး။ စက်ဩဃ ဝဋ္ဋနှောင်ဟာကို၊ လွတ်အောင်သာ ခွာရုံး၊ အရိယာကျင့်ထုံးဖြင့်၊ ဆင့်ဆင့်သုံး ဘဝနာ၊ ကသိုဏ်းချန် ဆင်မြန်းလို့၊ တင်ကမ္ဗဋ္ဌာန်း ပွားချင်တော့သာ၊ မရှုလုစ် လှူဖြစ်ဟာကို၊ ဥပေက္ခာပယ် ကန့်လို့ နယ်အပြန့် ပြည်သီဝံ၊ မြန်းဖို့စိတ် ညွန့်၊ အဝိဇ္ဇာ တဏှာဝန်ကို၊ မဟာမွန်ပယ် ကြောင်း ကွယ့်လေး။"

ဆရာကြီး ဦးပုည ရေးဖွဲ့သလိုပင် 'မသိမှု' (အဝိဇ္ဇာ) နှင့် တပ်မက်မှု (တဏှာ) တို့က ကျွန်ုပ်အပါအဝင် ပုထုဇဉ်လူသားခပင်းတို့အပေါ် ဖိစီးနိုင်စက်နေပုံကို အတွေးအမြင် မနေးထင်မိ၏။

ထိုမှဆက်၍ ၂၀၁၇ ခုနှစ်၏ နိုင်ငံတကာ 'စက်ဩဃ' ကို ဆင်ခြင်မိလေသော် ကမ္ဘာ့ဖြစ်စဉ်များက ထမင်းလုံးတစ္ဆေခြောက်သလို အာရုံနောက်စေပြန်၏။

၂၀၁၇ ခုနှစ်သို့ ဝင်ရောက်ခဲ့ချိန် နှစ်သစ်ကူး အထူးကာလက တစ်ဦးနှင့်တစ်ဦး 'ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ' (ဝါ) Happy New Year ဟူ၍ လောကဝတ်ပျူငှာ စကားအရာချိုသာစွာဖြင့် နှုတ်ခွန်းဆက်ခဲ့ကြလင့်ကစား လွန်လေပြီးသော နှစ်သက္ကရာဇ်ကို ပြန်ပြောင်းတွက်စစ်လျှင် 'နိုင်ငံတကာ စက်ဩဃ' ၏ ဖြစ်ပြန်ပျက်ပြန် လောကဓံတရားက အဆိုးဘက်သို့ အလေးသာနေသည်ဟု ကမ္ဘာ့သတင်းအမြင်မြင်ဖြင့် ကျွန်ုပ်ရှုမြင်မိပြန်၏။

'ပျော်ရွှင်သော နှစ်သစ်ဖြစ်ပါစေ' ဟု ဆုတောင်းပတ္ထနာပြုကြသည့်တိုင် တစ်နှစ်တာကာလပတ်လုံး ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုတို့ကို ချိန်ခွင်လျှာ စက်ကြည့်လျှင် ဝိုချင်လျက်လက်တို့ သတင်းစကားများကသာလျှင် ကမ္ဘာ့သတင်း စာမျက်နှာပေါ်တွင် အလေးကဲနေသည်ဟုဆိုသော် ကျွန်ုပ် လွန်အံ့မထင်နိုင်ပေ။

ဤအချက်နှင့်ပတ်သက်၍ ဩစတြေးလျ အေဘီစီ ရုပ်မြင်သံကြားဌာန၏ ၂၀၁၇ ခုနှစ် ကမ္ဘာကြီး အခြေအနေပြ သတင်းကြီးတစ်ပုဒ်တွင် ဖော်ပြထားသော ခေါင်းစည်းကသာဓကပြနေပြီး ယင်းခေါင်းစည်းကို ကျွန်ုပ်က မဝံ့မရဲ ဖတ်မိသော် ရေးဖွဲ့ထားသည်က ဤသို့ဤနှယ် . . .

"The biggest international stories of 2017: From North Korea and Yemen to ISIS and terrorism" ဟူပေ။

အထက်ပါစာသားကို မြန်မာမှုပြုရသော် ဤသို့တည်း - "၂၀၁၇ ခုနှစ်၏ အကြီးကျယ်ဆုံး နိုင်ငံတကာသတင်းဖြစ်စဉ်များ- မြောက်ကိုရီးယားနှင့် ယီမင်မှသည် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့နှင့် အကြမ်းဖက်ဝါဒ"

၂၀၁၇ ခုနှစ်ကို လွှမ်းမိုးထားသော ကမ္ဘာ့ပုံရိပ်များကို သတ္တုချကြည့်သည့်အခါ သိခိပ် (ဝါ) အကျဉ်းချုပ်ပြနိုင်သည့် အချက်များကို ကျွန်ုပ် တွေ့မြင်ရသည့်မှာကား -

(၁) ၂၀၁၇ နှစ်ဦးကာလတွင် စူပါ အရှင်သခင်ဖြစ်လာသော အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ကြီး၏ 'အမေရိကန် (အကျိုးစီးပွား)က ပထမ' မူဝါဒအရွေ့၊

(၂) ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေး စာချုပ်မှ အမေရိကန်ထွက်ခွာမှု၊

(၃) ပစိဖိတ်နှုတ်ခမ်းသတ်နိုင်ငံများ၏ မိတ်ဖက်ပြုကုန်သွယ်ရေး သဘောတူညီချက်မှ အမေရိကန် ရုပ်သိမ်းမှု၊

(၄) ဂျေရုဆလင် အဆင့်အတန်းသတ်မှတ်ချက်နှင့်ပတ်သက်၍ အမေရိကန်ကို ယင်း၏ မဟာမိတ်များက ပြစ်တင်ရှုတ်ချမှု၊

(၅) တရုတ်နိုင်ငံ 'စန်း' ထလာမှု (အရှေ့ကနေဝန်းထွက်သည့်ပမာ) (ဝါ) China on the Rise (ဒါဗို့စ် စီးပွားရေးဖိုရမ်၌ ကမ္ဘာ့စီးပွားရေးဦးသျှောင်များ၏ မလိုင်အလွှာတွင် တရုတ်နိုင်ငံ မားမားမတ်မတ် ရပ်တည်လာခြင်း)၊

(၆) မြန်မာနိုင်ငံ၏ ဒုက္ခသည်ပြဿနာ ဆီပူအိုး (မှတ်ချက်။ ။ လော်ဘီအုပ်စုများ၏ မတော်မတရားစော်ကား စွပ်စွဲသည့် စကားလုံးများလည်း ပါဝင်)၊

(၇) ယီမင်နိုင်ငံ၏ လူသားကပ်ဘေး ဆိုက်ရောက်မှု (ဆော်ဒီဦးဆောင်သော စစ်ရေးညွန့်ပေါင်းအဖွဲ့က အီရန်ထောက်ခံသော ဟူသီသူပုန်များကို တိုက်ခိုက်ရာတွင် ယီမင်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းများ ပိတ်ဆို့ခံရမှုကြောင့် နိုဝင်ဘာလတွင် အခြေအနေဆိုးရွားလာ။ လူသန်းပေါင်းများစွာမှာ အကူအညီ အပူတပြင်းလိုအပ်နေ၊ လူပေါင်း ၈ ဒသမ ၄ သန်းခန့်မှာ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရန် တာစူနေ၊)

(၈) အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်အိုင်အက်စ်) နယ်မြေများ စွန့်လွှတ်လိုက်ရသော်လည်း အထီးကျန် လွတ်မြောက်နေသူ စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုများ ရှိနေဆဲ၊

(၉) အကြမ်းဖက်တိုက်ခိုက်မှု တသီတတန်းဥရောပကိုစီးခြင်း (စတော့ဟုမ်း၌ ထရပ်ကားကို တရကြမ်း မောင်းနှင်တိုက်ခိုက်မှု၊ ပါရီ၌ ရဲအရာရှိများကို ပစ်ခတ်မှု၊ ဘာစီလိုနာနှင့် ကမ်းဘရိတ်တို့တွင် မော်တော်ယာဉ်များအသုံးပြု၍ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှု ငါးကြိမ်ကို ဗြိတိန်တွေ့ကြုံရခြင်း၊ (အကြမ်းဖက်ရန်ကြံစည်မှု ကိုးကြိမ်ရှိခဲ့ခြင်း)၊

(၁၀) အပူချိန်မြင့်တက်လာမှု၊ မုန်တိုင်းများပြင်းထန်လာမှု၊ ၂၀၁၇ ခုနှစ်သည် စံချိန်တင်အပူပြင်းဆုံး နှစ်အဖြစ်သို့ တာစူလာခြင်း၊

(၁၁) ဆော်ဒီ-အီရန် အားပြိုင်မှုကြောင့် အရှေ့အလယ်ပိုင်း ပဋိပက္ခ ပိုမိုလှုပ်ရှားလာခြင်း၊

(၁၂) တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့၌ ကျင်းပမည့် ၂၀၁၈ ခုနှစ် ဟေမန္တရာသီ အိုလံပစ်အားကစားပွဲတော် အကြိုကာလအတွင်း ရုရှားအားကစားသမားများနှင့် တားမြစ်ဆေးဝါး ဆက်နွှယ်မှုပြဿနာ၊ အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ တင်းမာမှုပြဿနာတို့ ပေါ်လာသဖြင့် အားကစားပွဲတော်ကြီး မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပရေးအတွက် သံသယထွေပြားဝေဝါးရခြင်း၊

### ဆင်ခြင်မိခြင်း

ကမ္ဘာ့သတင်းဋ္ဌီကာများ စုစည်းမှုအရ အားကောင်းလှသော အေဘီစီ ရုပ်မြင်သံကြားဌာန၏ အထက်ပါ သတင်းဆောင်းပါးကို ကျွန်ုပ်ဖတ်ရှုရအပြီး ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကတို့၏ စက်ဩဃကို ကျွန်ုပ်ဆင်ခြင်ပြီးလျှင် ပဋိစ္စသမုပ္ပါဒ် (ဝါ) ကြောင်းကျိုးဆက်တရားကို ရေးရေးထင်ထင် တွေးမြင်ကြည့်မိလေသော် လူ၏အဘိဓမ္မာသုံးပိုင်းကို သံသယကင်းကင်း အရှင်းအသိဝင်လာ၏။

ဩကာသလောကကြီး၏ မြူဓာတ်တို့ အချင်းချင်း ရောယှက်ပေါင်းစည်းကာ သက်မဲ့၊ သက်ရှိ ရုပ်အခြေခံဒြပ်စင်များ သတ္တလောကကြီးအတွင်း ဖြစ်တည်လာ၏။ သင်္ခါရလောကကြီး၏ ဖြစ်၊ ပျက်၊ အစဉ်အတွင်း လူး၍လိမ့်၍ ဝဲလှည့်ခံရလျက်ရှိကြ၏။

သတ္တလောကမှ လူ၏ ရုပ်သဘာဝသည် အပြင်ဗဟိဒ္ဓမှ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးတို့ကို လက်ခံကာ တစ်စတစ်စ ရင့်ကျက်ကြီးထွားလာကြ၏။

လူဟူသည်ကား လောကကြီးသုံးပါးအတွင်း သတ္တဗေဒနည်းအလိုအရ အသိစိတ်ဓာတ်နှင့်တကွ အဆင့်အတန်းအမြင့်ဆုံးသတ္တဝါ ပါပေတည်း။

အသိစိတ်ဓာတ်အားဖြင့် တိုးတက်မှုကို ရှာကြံကုန်ကြသော လူသတ္တဝါတို့သည် ဗီဇအားလျော်စွာ 'ကြောက်ရွံ့ခြင်း' နှင့် 'လိုချင်တပ်မက်ခြင်း' ဟူသော တရားနှစ်ပါးကိန်းအောင်းခံရသူများဖြစ်ကြ၏။

လူတို့သည် ကြောက်ရွံ့မှုကို အကြောင်းပြု၍ ကိုးကွယ်မှုများ ပြုလာကြ၏။

လိုချင်တပ်မက်ခြင်း သဘောအရ ရှာဖွေခြင်း အသီးသီးပြုကြကုန်၏။ ပစ္စုပ္ပန်ဘဝ စားဝတ်နေရေး ကုံလုံရုံဖြင့် အားမရ နောင်တမလွန်ဘဝထိတိုင် အသက်ဝိညာဉ် (နာမ်) ဓာတ်ကလေးကို အဆင့်အတန်းမြင့်သော နေရာသို့ ရောက်လိုသေး၏။

ပစ္စုပ္ပန်လက်ရှိဘဝမှာပင် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်ကြရစဉ်မှာပင် အခက်အခဲများ၊ ဘေးဒုက္ခများ တွေ့ကြုံရတတ်သေး၏။

တဏှာ (ဝါ) တပ်မက်ခြင်း (ဝါ) စွဲလမ်းခြင်း အားကောင်းနေပြီး လောဘကြီးလေလေ ရှာဖွေမှု မဆုံးနိုင်ဖြစ်လေလေ သဘောတရားမှာ ထင်ရှားလှ၏။

ကာမဂုဏ်တို့၌ မွေ့လျော်ရင်း ဥပါဒါန် အစွဲအလမ်း ကြီးလာကြ၏။

ဘဝပစ္စယာ (ကမ္မဘဝ) ဇာတိဖြစ်၏။ တစ်စတစ်စ အိုလာကြ၏ (ဇရာ)။ ထိုမှဆက်၍ သေကြရ၏။ (မရဏ)

ပစ္စုပ္ပန်ဘဝ ရုန်းကန်မှုများနှင့်အတူ စိုးရိမ်ပူပန်မှုများ (သောက)၊ ငိုကြွေးမြည်တမ်းမှုများ (ပရိဒေဝ)၊ ဆင်းရဲမှုများ (ဒုက္ခ)၊ စိတ်မချမ်းသာမှုများ (ဒေါမနဿ)၊ ပြင်းစွာပင်ပန်းခြင်း (ဥပါယာသ) တို့ လောင်မြိုက်ရ၏။

လိုချင်တပ်မက်မှု ကြီးလွန်းခြင်းတည်းဟူသော ကာမနှောင်ကြိုးကို ဖြတ်တောက်ရမည်ဆိုသည့် ရှင်တော်ဗုဒ္ဓ၏ ဘာသာရေးအဆုံးအမကို လေးနက်စွာ နှလုံးသွင်းကာ လာမည့်နှစ်သစ်၌ ထူးခြားမွန်မြတ်လှသော ကိုယ်ကျင့် အဘိဓမ္မာကို လက်ကိုင်ထား၍ မိမိ၏ဘဝ၊ မိမိ၏နိုင်ငံ၊ မိမိ၏လူမျိုး၊ မိမိ၏ ပြည်သူများအတွက် ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်မည်ဆိုသော နှစ်သစ်ကူး သန္နိဋ္ဌာန်ကို စိန္တေဦးဘုရားရှေ့မှောက်၌ ချမှတ်နိုင်လိမ့်မည်ဟု တွေးတောမိရင်း "နှစ်သစ်ကူး ထူးစွလေ စိန္တေဦး ဖူးမဝေချေ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref:*
*The biggest international stories of 2017(ABC)*



# ၂၀၁၇ ခုနှစ်နှင့် မှတ်မှတ်ရရ ဟောလိဝုဒ်သတင်းများ

အေးပြည့် - ရေးသားသည်

ယမန်နေ့မှအဆက်

## ပြန်လည်အသက်ဝင်လာတဲ့ တေလာဆွစ်




ဒီနှစ်အတွင်းမှာတော့ တေးဂီတလောကကနေရော လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တိတ်ဆိတ်နေခဲ့တဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပြန်လည်လှုပ်ရှားလာခဲ့ပြီး ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းမှာ တေလာဆွစ်ဟာ မင်းသား တွမ်စဟ်ဒဲလ်စတန်နဲ့ လမ်းခွဲခဲ့ပြီးနောက် တစ်ကိုယ်တည်းသမားတစ်ဦးအဖြစ် နေထိုင်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း ဗြိတိန်မင်းသား ဂျိုးလ်အော်ဝင်န်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးဟာ အစပိုင်းမှာ လျှို့ဝှက်တွေ့ဆုံခဲ့ကြတာကြောင့် မီဒီယာစာမျက်နှာတွေပေါ်မှာ သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့တဲ့ ပုံရိပ်တွေကို တရားဝင်တွေ့မြင်ခွင့်မရခဲ့ဘူး။ သူတို့နှစ်ဦးဟာ လန်ဒန်မှာ တွေ့ဆုံလေ့ရှိကြပြီး တေလာကလည်း လန်ဒန်မှာ အိမ်တစ်လုံးငှားရမ်းနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယနှစ်ဝက်ပိုင်းမှာတော့ တေလာဆွစ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တွေကို စတင်ထုတ်လွှင့်ပေးခဲ့ပြီး သီချင်းသစ်တွေနဲ့အတူ လူမှုကွန်ရက်မီဒီယာပေါ်ကိုလည်း ပြန်လည်တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာတော့ တေလာဆွစ်ဟာ သူ့ရဲ့ ခြောက်ခုမြောက် စတူရီယိုတေးအယ်လ်ဘမ်သစ် "Reputation"ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ် မထုတ်လွှင့်မီတစ်ရက်ခန့်အလိုမှာ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တွေ အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ပြန်လည်ဖျက်သိမ်းနိုင်ခဲ့ပြီး တေးအယ်လ်ဘမ်ထွက်ရှိလာချိန်မှာလည်း ရောင်းအားကောင်းခဲ့ပါတယ်။ "Reputation"ဟာ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာမှာ သီတင်းပတ်သုံးပတ်ကြာ ရပ်တည်နေခဲ့ပြီး ယခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော ထိပ်တန်းတေးအယ်လ်ဘမ်တစ်ခုအဖြစ်လည်း ရပ်တည်နေပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတော်တော်များများဟာ ချစ်သူ ဂျိုးလ်အော်ဝင်န်အကြောင်း ရေးသားထားတဲ့ တေးသီချင်းတွေဖြစ်တယ်လို့ဆိုနိုင်ပြီး ယခင် တေလာဆွစ်ကို ပြန်လည်တွေ့မြင်ခံစားရစေနိုင်မယ့် အချစ်သီချင်းချိုချိုလေးတွေလည်း ပါဝင်နေတာ တွေ့ရပါတယ်။

## ချက်စတာဘန်နင်တန် သေကြောင်းကြံမှု



တေးဂီတလောကအတွက် အံ့အားသင့်ဖွယ် နောက်ထပ်သတင်းတစ်ခုကတော့ တေးသံရှင် ချက်စတာဘန်နင်တန် ရုတ်တရက်ကွယ်လွန်ခဲ့တဲ့ သတင်းဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာတော့ ရော့ခ်ကြယ်ပွင့်ဟာ အသက်(၄၁)နှစ်အရွယ်သာရှိသေးတာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချကာ သေကြောင်းကြံခဲ့တာဖြစ်ပါတယ်။ ဒီသတင်းကိုတော့ ဟောလိဝုဒ်မီဒီယာတွေအပြင် ကမ္ဘာတစ်ဝန်းက မီဒီယာစာမျက်နှာတွေပေါ်မှာ တွေ့ခဲ့ရပြီး ပြီးခဲ့တဲ့ ဇူလိုင် ၂၂ ရက်မှာ သေဆုံးခဲ့တာဖြစ်ပါတယ်။ သူသေဆုံးခဲ့တဲ့နေ့ဟာ သူ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးဖြစ်တဲ့ ခရစ်ရဲ့ (၅၃)နှစ်ပြည့် မွေးနေ့လည်းဖြစ်ပါတယ်။ ခရစ်ကလည်း ပြီးခဲ့တဲ့ ဇွန်လအတွင်း ကြိုးဆွဲချသေဆုံးခဲ့တာဖြစ်ပါတယ်။ ချက်စတာ ကွယ်လွန်ချိန်မှာတော့ ကလေးခြောက်ဦး ကျန်နေခဲ့တာ ဖြစ်ပါတယ်။

## အချစ်ဟောင်းတွေ ပြန်လည်ပေါင်းစည်း



ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ပရိသတ်တွေကို အံ့အားသင့်စေခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျင်စတင်ဘီဘာတို့ရဲ့ နောက်တစ်ကြိမ် အချစ်ခရီးပြန်လည်စတင်ခဲ့တဲ့သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ အစပိုင်းမှာ သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေအဖြစ်သာ ပြန်လည်တွေ့ဆုံခြင်းဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့တာကိုတွေ့ရပြီး နောက်ပိုင်းမှာတော့ နှစ်ဦးအကြားက ဆက်ဆံရေးဟာ ပိုမိုလေးနက်လာကာ သူတို့နှစ်ဦးကိုလည်း မကြာခဏဆိုသလို အတူတွဲကာ တွေ့ခဲ့ရပါတယ်။ နောက်ဆုံးအနေနဲ့ တွေ့ခဲ့ရတာကတော့ ယခုလလယ်ပိုင်းမှာ ကယ်လီဖိုးနီးယားမှာရှိတဲ့ လေဆိပ်တစ်ခုမှာ ကိုယ်ပိုင်လေယာဉ်တစ်စင်းပေါ်ကနေ အတူဆင်းသက်လာတာကိုတွေ့ခဲ့ရပြီး ဆိုင်တစ်ဆိုင်မှာ ချိန်းဆိုတွေ့ဆုံခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုနှစ်ဦးအကြားမှာ ခိုင်မာတဲ့ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပြီးတဲ့နောက် ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့မိသားစုတွေနဲ့ ဂျက်စတင်ဘီဘာအကြား ဆက်ဆံရေးပြေလည်စေဖို့ ကြိုးပမ်းခဲ့ရာမှာတော့ မိသားစုပြဿနာတွေဖြစ်ခဲ့ရပါတယ်။ သူတို့နှစ်ဦး ယခင်လက်တွဲခဲ့စဉ်ကလည်း မိသားစုနဲ့ ဂျက်စတင်ဘီဘာရဲ့ဆက်ဆံရေးဟာ အဆင်မပြေဖြစ်ခဲ့တာပါ။ ဒါကြောင့် သူတို့နှစ်ဦး ပြန်လည်ပေါင်းစည်းခဲ့တာနဲ့ ပတ်သက်တဲ့သတင်းတွေဟာ လတ်တလောအချိန်အထိ မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူနေတာ တွေ့ရပါတယ်။ ဒါ့အပြင် ယခုနှစ်အတွင်းမှာ ဆယ်လီနာဂိုမက်ဇ် အနေနဲ့ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့တဲ့ သတင်းဟာလည်း မီဒီယာတွေကို လွှမ်းမိုးနိုင်ခဲ့တာ တွေ့ရပါတယ်။

## ဟာဗေးဝိန်းစတိန်းကို အနုပညာရှင်များစွာက စွပ်စွဲခဲ့မှု



ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ ဟာဗေးဝိန်းစတိန်းကို အနုပညာရှင်ပေါင်းများစွာက သူတို့အပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတွေရှိခဲ့ကြောင်း ဝိုင်းဝန်းစွပ်စွဲခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုစွပ်စွဲခဲ့ကြတဲ့ သူတွေထဲမှာ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတွေလည်း ပါဝင်နေပြီး ပြီးခဲ့တဲ့ အောက်တိုဘာနဲ့ နိုဝင်ဘာလအတွင်းမှာ ယင်းသတင်းတွေဟာ မီဒီယာစာမျက်နှာတွေပေါ်မှာ နေ့စဉ်လိုလို ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီ၊ အက်ရှ်လေဂျက်ဒ်တို့လို နာမည်ကျော်မင်းသမီးများစွာနဲ့ အနုပညာရှင် ဒါဇင်ပေါင်းများစွာက ဝိန်းစတိန်းကို စွပ်စွဲခဲ့ကြပြီး သူ့ရဲ့အပြုအမူကို လက်မခံနိုင်ကြောင်း ဟောလိဝုဒ်ကြယ်ပွင့်အချို့က လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ သူကတော့ အသက်အရွယ်အားဖြင့် လက်ရှိမှာ ၆၀ နဲ့ ၇၀ ကြားကို ရောက်ရှိလာခဲ့ပြီဖြစ်ကာ သူ့ရဲ့အပြုအမူတွေဟာ ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအဖြစ်အပျက်တွေကြောင့် ဝိန်းစတိန်းကုမ္ပဏီဘုတ်အဖွဲ့က သူ့ကိုဖယ်ရှားခဲ့ကာ ဇနီးဖြစ်သူကလည်း စွန့်ခွာသွားခဲ့ပါတယ်။ လက်ရှိမှာတော့ သူဟာ စုံစမ်းစစ်ဆေးမှုတွေကို ခံနေရတာ ဖြစ်ပါတယ်။

## ဂျန်ဂျီဟွန်း ဒုတိယမြောက်သားလေးကို လာမယ့်လကုန်မှာ မွေးဖွားမည်



တောင်ကိုရီးယား နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျန်ဂျီဟွန်းဟာ သူ့ရဲ့ဒုတိယမြောက်ရင်သွေးလေးကို လာမယ့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှာ မွေးဖွားမယ်လို့ မျှော်လင့်ရကြောင်း လတ်တလောမှာ သူ့ရဲ့ အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဂျန်ဟာ သူ့ရဲ့ပထမဆုံးရင်သွေးလေးကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မွေးဖွားခဲ့ပြီး ဒုတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ ဇွန်လအတွင်း ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပါတယ်။ ပထမဆုံးရင်သွေးလေးဟာ သားယောကျ်ားလေးဖြစ်ပြီး ဒုတိယမြောက်ရင်သွေးလေးကလည်း သားလေးပဲဖြစ်တာကြောင့် ဂျန်ဟာ မကြာမီမှာ သားနှစ်ယောက်ရဲ့မိခင်ဖြစ်လာတော့မှာပါ။ ဂျန်ဂျီဟွန်းဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပါတယ်။

## ဆိုးရွားလာတဲ့ ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သောရက်ဇ်တို့ရဲ့ ဆက်ဆံရေး

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်နဲ့ ဂျက်စတင်သောရက်ဇ်တို့နှစ်ဦးအကြားက ဆက်ဆံရေးဟာ လတ်တလောမှာ ပိုမိုဆိုးရွားလာခဲ့ပြီဖြစ်ပါတယ်။ အိမ်ထောင်သက် နှစ်နှစ်ကျော်ကြာခဲ့ပြီးနောက်မှာတော့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ အဆုံးသတ်ဖို့ စိုင်းပြင်းလာခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ တရားဝင်ကွာရှင်းဖို့အတွက်ပင် ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းတွေထွက်နေတာဖြစ်တယ်လို့ အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အကြိမ်ကြိမ်ရန်ဖြစ်ခဲ့ကြပြီးတဲ့နောက် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်မှာတော့ သူတို့ရဲ့နေအိမ်မှာ အကြီးအကျယ်စကားများခဲ့ရာကနေ နောက်ဆုံးမှာတော့ ကွာရှင်းဖို့အတွက် ဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ သိရပါတယ်။ နာမည်ကျော်ကြယ်ပွင့်စုံတွဲဟာ အကြီးအကျယ်စကားများခဲ့ကြပြီးတဲ့နောက် ဂျက်စတင်ဟာ ညသန်းခေါင်မှာ ဟိုတယ်တစ်ခုကို ထွက်သွားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် ဂျက်စတင်ဟာ ပါတီပွဲတွေကိုတက်ရောက်ခဲ့ပြီး အဲဒီပွဲတွေအနက် အများစုမှာ ဂျနီဖာအတူလိုက်ပါခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ ဂျက်စတင်နဲ့တွဲနေကြောင်း အမည်ထွက်လာတဲ့ အနုပညာရှင်တွေထဲမှာတော့ ဒီနှစ်မှာ အော်စကာဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ မင်းသမီး အမ်မာစတုန်းလည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈)ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်းနှင့် ပွဲလည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၃၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ၄နံ(၄)ဖက် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ် ( ၂၄၅ )၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

**39th ANNIVERSARY**

www.eagleautoworks.com

EAGLE AUTO WORKS
EAGLE (SINCE - 1979)
ALIGNMENT & AUTO SERVICES

အမှတ်(၅၃၄/ဒအေ)၊ ကျောင်းကြီးရပ်ကွက်၊ ရတနာဆီဆိုင်ရှေ့
အမှတ် (၃)လမ်းမကြီး၊ မင်္ဂလာဒုံ။ Ph : 09-254456575
Express Bus - (၁၂) ဘီးကား၊ ကားသေး

**EAGLE (KABA-AYE)**

EAGLE (KABA-AYE)
EAGLE
ALIGNMENT & AUTO WORKSHOP

အမှတ် (၉၄၂)၊ သုဓမ္မာဘီလမ်း၊
ကမ္ဘာအေး၊ မရမ်းကုန်း။
Ph : 09 - 73240030


## မြတ်တံခွန်စာသင်တိုက်
## သိမ်၊ကျောင်း၊ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန် ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| (၁) သိမ် | (၅၀၀)သိန်း |
| (၂) အာစီကြမ်းခင်း(၁)လွှာ | (၃၇၀)သိန်း |
| (၃) ၁၀-ပေ (၁)ခန်း | (၁၀)သိန်း |
| (၄) လှေကား(၁)စင်း | (၅)သိန်း |
| (၅) တိုင်(၁)လုံး | (၃)သိန်း |
| (၆) ပြတင်းတံခါး | (၃)သိန်း |
| (၇) ကျောက်ပြားအခင်း(၁)ကျင်း | (၁)သိန်း (၅)သောင်း |


**အရှင်တေဇဝန္တ**
**ကျောင်းဖြစ်မြောက်ရေးအဖွဲ့**
**မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**
**(ရွှေဂုံတိုင်ကမ္ဘောဇဘဏ်) A/C No.00730104201919401**


# စိန်ပင်လယ် (Diamond Sea)

## အာမခံ ပလက်တီနမ် နှင့် စိန်ရွှေရတနာဆိုင်

**2018 New Year အကြိုနှင့် ကားကံစမ်းမဲဖွင့်လှစ်ခြင်း အထူးဈေးရောင်းပွဲတော်**

(1.1.2018 ) မှ (4.1.2018 ) လွှတ်လပ်ရေးနေ့အထိ ( 4 )ရက်တိုင်တိုင် စိန်ထည် လက်ဝတ်ရတနာများကို ထူးခြားသော အထူးလျှော့ဈေး (20% မှ 30%)အထိ (750)ပလက်တီနမ် ဒီဇိုင်းအသစ်အဆန်းများကို (5% မှ 10%)ထိ ထူးခြားသော အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားပါမည်။ ငွေကျပ် ဆယ်သိန်းအထက် ပထမဦးဆုံး ဝယ်ယူသူ (၁၀)ဦးကို ရွှေဆွဲပြားများ လက်ဆောင်ပေးမည့်အပြင် ချက်ချင်းဝယ် ချက်ချင်းပေါက် ဗလာမပါကံစမ်းမဲများလည်း ဖောက်ပေးပါမည်။



❶ Junction Square Centre မြေညီထပ်၊ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား။ ဖုန်း - ၀၉ ၄၂၀၀၅၀၉၅၆
❷ Junction City Yangon ယခင်ဗိုလ်ချုပ်ဈေးသစ်၊ အပေါ်ထပ် ဖုန်း - ၀၉ ၂၅၀၁၇၀၆၆၄
❸ ဂမုန်းပွင့်Shopping Centre(စံရိပ်ငြိမ်) လှည်းတန်းမီးပွိုင့်အနီး။ ဖုန်း - ၀၉ ၇၇၃၆၉၂၆၂၇

**MBA**
BBA . EMBA . PhD
- Master of Business Administration
- 18 Months (3 Semesters)
- 11 Subjects + 1 Project Paper
- Weekend Classes (Once in every 6 weeks Only)
- Awarded by Asia e University, Malaysia, recognized by 35 ACD Countries
- Education Loan from CB BANK Available

START YOUR MBA JOURNEY TODAY FROM AS LOW AS MMK300,000!
ENROL NOW TILL 6th January 2018
09254045687 / 09977656540 / 0166700...
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.mm

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
**T.V (ရန်ကုန်)**
ကားမောင်း-စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340

**မင်္ဂလာပါ**
Box
08-450042704
08-250095116
08-420096296

**နှစ်ဆယ်ရာစု**
**အာကာသရှူးဝမ်းမှုသမိုင်း**
**သန်းဝင်းလှိုင်**
ထွက်ပြီ

Since 1996
**ဖူလဲ**
နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း
အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
(၈)တန်းအဆုံးထိ ... သင်ပေးပြီး ...
(၉)တန်းအထူး – ... (၁၀)တန်းအဝါ ... သင်ပေးပါသည်။





**aymutqldumif**

ကျွန်မ မနန်းမွေးခမ်း[၁၃/ကတန(နိုင်)၀၈၈၁၆၄] ကိုင်ဆောင်သူ၏ ပတ်စပို့အမှတ်-MC-476903 စာအုပ်မှာ ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၉၉၆၉၉


**သီဟာလင်း**
(10',14',16',18',22')
01-570307
09-5112729
09-5126394

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ
(ဦးရွှေဘော်-မြန်မာ့မီးရထား၊ ငွေစာရင်းဌာန)-
ဒေါ်ခင်သိန်းဝင်း (ပြင်သစ်ဘာသာဆည့်လမ်းညွှန်)တို့၏သားကြီး
**မောင်အောင်ထွန်းဦး**
**B.A(Philosophy)**
**Sailing Stone Travel Services**
နှင့်
ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်နေ ဦးဝင်းမြင့်
(ပြည်တွင်းရေကြောင်း၊ ဟိုတယ်ခရီး)(ငြိမ်း)-ဒေါ်ခင်သန်းမြင့်
(မဟာဗီဇကဆေးဆိုင်)တို့၏ သမီးလတ်
**မယမင်းမေဝါ(ခ)သဲသဲ**
**B.A(German),Diploma in Management Accounting**
**German Licensed Tour Guide**

တို့သည်နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၃၀-၁၂-၂၀၁၇ရက် (စနေနေ့)တွင် မင်းကွန်းတိပိဋကနိကာယကျောင်းတော်၌ မင်္ဂလာညှော်ခံပွဲ ကျင်းပပြုလုပ်ပြီးစီးပြီဖြစ်၍ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**မောင်အောင်ထွန်းဦး-မယမင်းမေဝါ**

## (၄၅)နှစ်မြောက် နီလာရတု မင်္ဂလာဆုတောင်း

ချိန်ခါကြာညောင်း ရာသီပြောင်းလဲ၊ ချစ်ခြင်းမပြောင်း တိုး၍ပေါင်းသည်၊ နွေးထွေးမေတ္တာ၊ အကြင်နာ၊ ကရုဏာမိုးရွာသွန်းဖြိုးသည့် အနန္တကျေးဇူးရှင်ဖေဖေနှင့် မေမေတို့၏ ယနေ့တွင်ကျရောက် နှစ်(၄၅)မြောက်နီလာရတု မင်္ဂလာရက်မြတ်မှသည်-ချစ်သား၊ ချစ်သမီး၊ ချစ်မြေးအားလုံးဆုတောင်းမေတ္တာပို့သခြွေသည်-ကျေးဇူးအရှင်မြတ်မိခင်နှင့်ဖခင်တို့ နှစ်ဦးသက်ရှည်ကျန်းမာစိတ်ချမ်းသာ၍ အလှူရေစက်လက်နှင့် မကွာစိတ်သွားတိုင်းကိုယ်ပါ လှူဒါန်းနိုင်ကြပါစေ။ မြတ်စွာဘုရား၏ တရားတော်များကိုနာယူမှတ်သား ကျင့်ကြံပွားများအားထုတ်ရသော ကုသိုလ်ကြောင့် ငြိမ်းချမ်းအေးမြသော တရားအသိထူးများကို ဤဘဝဤခန္ဓာတွင် ရရှိပိုင်ဆိုင်နိုင်သောကိုယ်ဖြစ်ကြပါစေ။ သားသမီးများမှ မြေးတို့တိုင်အောင် မိဘတာဝန်ကျေပွန်လွန်းသော ဖေဖေမေမေတို့ နှစ်ဦးနောင်လာမည့် ရတုများအဆက်ဆက်တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း သုခအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားသမီးများ**

**သားကြီး - မင်းစိုးမြတ်ကျော် (1st Engineer, Lizstar Shipping Co.,Ltd)**
**သမီးကြီး - မိသီတာကျော် (အထက (၇) မင်္ဂလာဒုံမြို့နယ်)**
**သားလတ် - မင်းရဲထွန်းကျော်- မတင်ပပလင်း (အလက (၈) တောင်ဒဂုံမြို့နယ်)**
**သမီးလတ် - မိစန္ဒာကျော် (အမက (၄) မြောက်ဥက္ကလာပမြို့နယ်)**
**သမီးထွေး - ကိုစိုးမိုးဝင်း (2nd Mate (F.G), SH Shipping Co.,Ltd)-မမိသိင်္ဂီကျော်**
**သားထွေး - မင်းနန္ဒကျော် (A/B, Lizstar Shipping Co.,Ltd)**

**ချစ်မြေးများ**
**မအိအိန္ဒာကျော်၊ မအိမ့်ပြည့်စုံကျော်၊ မကေစင်သန့်**

ကျေးဇူးဆပ်ပါမည်။
IN 5168 ယာဉ်ဝိတက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
095158803

CAR RENTAL
ALPHARD,HIACE
09-5191361,09-765191361

A.1
Education Centre
Ph : 09 5125882, 09 252210320, 09 451808977

Success ကိုယ်ပိုင်အထက်တန်းကျောင်း(တောင်ဥက္ကလာ)(မှတ်ပုံတင်အမှတ် ကကက-၁၃/၀၄/၁၇၆)
The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း(မြောက်ဒဂုံ)(မှတ်ပုံတင်အမှတ် ကကက-၁၃/၁၁/၁၈၄)
15th Jan, 2018မှစ၍
နေ့တက်(နှင့်)အဆောင်မြင့်ဘော်ဒါ
၉ တန်း/၁၀ တန်း တန်းခွဲသစ်များ
March လဆန်းမှစ၍
Success
The Great Success
Success




TNC
GNC BRANDED
Citymart

စိတ်ကူးချိုချိုစာအုပ်ဆိုင်များ
နှစ်သစ်ကြို စာအုပ်ဈေးရောင်းပွဲ
စိတ်ကူးချိုချိုစာအုပ်များတစ်ဦးချင်း ၂၀% ကိုယ်စားလှယ် ၃၀%
Book Plaza

Home
2017
MIRROR
T&G SKIRTING
Latest Skirting Accessories
09-79 700 70 71
09-79 700 70 81



GDC Modern Co.,Ltd.
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၄။ Singapore BCA
၅။ Design နှင့် Budge
Series (၅)မျိုးနှင့် Tempered Door , Partition များ။
တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။
System,
Minimalist Design "E Series" Sliding Window
Frame
Ph: 09-960188922, 09-964321988, 01-558228
Email: gdc.purchase@gmail.com

## နှစ်ဦးစီပွားရေးသနှာပညာမိတ်ဆက်သင်တန်း

ဆရာကြီးဦးမျိုးမြင့်ထွန်း၏ ဝိပဿနာပညာမိတ်ဆက်သင်တန်းကို ဗုဒ္ဓဓမ္မစာပေ သင်တန်းဆောင် (၁၅ အခန်းတွဲ) အနောက်ဘက် ဗိုလ်တထောင်စေတီရင်ပြင်တော်တွင် ၅-၁-၂၀၁၈ (သောကြာနေ့)မှ ၁၁-၁-၂၀၁၈ (ကြာသပတေးနေ့) ထိ နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီထိ သင်ကြားပို့ချမည်ဖြစ်ပါသည်။ မည်သူမဆို တက်ရောက်သင်ကြားနိုင်ပါသည်။

စုံစမ်းရန် - ဒေါ်ကြည်ကြည်ဝင်း (၀၉ ၅၀၂၀၇၈၉)
ကိုကျော်နိုင် (၀၉ ၄၃၁၀၈၃၁၄)



အမှတ် (၁) မင်္ဂလာဆောင်ဆွမ်း
(သင်္ကန်းထပ်ကလေးဆောင်)

ဂေါပကအဖွဲ့က ... ဆောင်ရွက်ခွင့် ... (CF-000690) ...

မြို့နယ်ဆရာတော်များ



ဖိတ်ကြားလွှာ
## နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)

(၂၈)ကြိမ်မြောက်နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ နတ်မောက်နယ်ဖွား သံဃာတော်များမှူးတော်မူ၍ သက်ကြီးဝါကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေး၊ အသင်းအဆောက်အဦးအတွက် အလှူငွေပေးအပ်ပွဲ၊ တက္ကသိုလ် ဝင်တန်းအောင် သားသမီးများ ဂုဏ်ပြုပွဲ အခမ်းအနား ကိုအောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (အသင်းဝင်များလိုင်စင်ကတ်ပုံ (၁)ပုံစီယူလာပါရန်)

ကျင်းပမည့်ရက် ။ ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ နံနက်(၈:၃၀)အချိန်
ကျင်းပမည့်နေရာ ။ သာဓုပရိယတ္တိစာသင်တိုက်(မှော်ဘီအတွင်း)
နတ်စင်လမ်းနှင့်ကမ်းနားလမ်းထောင့် ။ ကြည့်မြင်တိုင်မြို့နယ်။
လူကြီးလိုပါက — ဦးအောင်သန်း (၀၁-၅၇၂၄၄၉)
ဦးအောင်သန်းထွန်း(၀၉ ၂၅၄၃၀၉၅၂၁)၊ ဦးထွန်းညွန့်(၀၉-၂၅၀၆၇၁၇၉၈)
ထံသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
အလုပ်အမှုဆောင်အဖွဲ့






DG
## DAGON CENTRE II

ရန်ကုန်မြို့၏အချက်အချာကျပြီး
Shopping Mall, Cinema,
KBZ, YOMA, AGD, AYA
Residential, Office, Shopping Mall

**Dagon Center II**
**Mixed-Use Condo** မှ






လူနေထိုင်ခွင့် BCC ရရှိပြီးသော ကွန်ဒိုအခန်းများအား
- Standard Decoration
- (1200 Sqft - 1778 Sqft)

**5% TO 10% Discount**

Office Adress- 262/264,Pyay Road,Dagon Center I, Block A
7th Floor,Myay Ni Gone, San Chaung Township,Yangon.

Hot Line Ph No: 09-952233457, 09-952233458,01-503516-9






## ထွက်ပြီ...

ဖြန့်ချိရေး - ဇွန်မှဉ်စာအုပ်တိုက်



**AA** အဝိုင်းကားဝင်ငှား
09-43158300, 09-254051326
09-782793551



**GW**
0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
09401505569



ဆိုင်ခန်းငှားမည်
လမ်းမဘေး
လမ်းမြေ (30) ပေ
09 799285868
09 260593388



**ရွှေနှင်းဆီ**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်း
မြို့တွင်း/နယ်ဝေး
09 770639155
09 773733163



**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721



## San brotherhood

"စစ်ဆေးစစ်းသပ်(အခမဲ့)"
**Air-Con**, ...
Servicing ...

**Air-Con** ...
တပ်ဆင်ပြီး **1HP-245000**

တပ်ဆင်ပြီးဈေးနှုန်း
(၃ နှစ်အာမခံ)

Brand (Compressor)
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲများသို့ဆက်သွယ်ရန်"

FMI City 709373,09-5084831,3682445(Ext)1421
01-704101 , 09-5002738, 09-450023810
3681854, 706193, 09-73116475
01-704649,09-73066836,09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383,09-73251535
CMG 01-703684,09-43130068
Victoria 01-704467,09-73217035
01-709114, 09-5019316




... (LC-1096) ... (LC-1096) ... (LC-1215) ...



ပြည်ပကျောင်းများမှ James Cook University ၏ ဘွဲ့ဒီဂရီများကို Singapore Campus တွင်
တက်ရောက်လိုသူကျောင်းသူ/သားများအတွက် James Cook University Singapore ၏
"ပညာရေးဆွေးနွေးပွဲ"

JAMES COOK UNIVERSITY
SINGAPORE


### Free Education Seminar

| Date | Time | Venue |
|---|---|---|
| 6.1.2018 (Saturday) | 2 pm - 4 pm | Pinya Room, 3rd Floor (Sule Shangri-La Hotel) |

- IGCSE Pre University Foundation (၁) ...
- HND James Cook University ...
- MBA, MIT, MPA, Ph.D Joint Master ...
- Campus ...

AT&S
International Education Services
/eduGlobalVillage

ရုံးချုပ် (ရန်ကုန်) - ... ၀၁-၅၂၀၂၂၅၊ ၀၉-၇၉၉၅၉၅၉၄၉
ရုံးခွဲ (ရန်ကုန်) - ... ၀၉-၅၀၆၂၁၇၁၊ ၀၉-၇၇၇၂၂၇၂၂၅

အကြီးကျယ် အခမ်းနားဆုံး

ကံထူး နှစ်သစ်ကူး

အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး

**MPT ၏ ဒုတိယအကြိမ်မြောက် ကံထူးရှင်များပေါ်ထွက်လို့လာပါပြီ**

**Toyota Vios ကားသစ် ကံထူးရှင်**



**မသန္တာစိုး**
၀၉ ၂၆၀ ၇၀၃ XXX
သရက်ကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**iPhone X ကံထူးရှင်များ**



**ဦးဝရသာမိ**
၀၉ ၄၄၅၀ ၇၅ XXX
ညောင်ပင်ကြီးကျောင်းတိုက်၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

**ကိုမြင့်ဆန်း**
၀၉ ၄၅၂၅ ၀၂ XXX
တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်။

**ကိုထွန်းအေး**
၀၉ ၄၂၀၂ ၉၇ XXX
ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

**တပ်ကြပ် ထွေးမောင်**
၀၉ ၂၅၆ ၄၅ XXX
တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

**မဝင်းဝင်းငွေး**
၀၉ ၂၅၄၀ ၅၆ XXX
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မဝင်းဝင်းနိုင်**
၀၉ ၄၂၂ ၁၅၈ XXX
ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**မသရဖိဦး**
၀၉ ၄၄၀၀ ၅၅ XXX
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

# ပြီမ်းချမ်းပါစေမြန်မာပြည်(HAPPY NEW YEAR TO ALL 2018)





ဦးတင်မောင်ထွေး နတ်ရေကန် မြန်မာပြည် အမည်ဖြင့် နိုင်ငံအကျိုးပြုဆောင်းပါးတိုလေးများ FACEBOOK PAGES မှ ရေးသားတင်ပြခဲ့ရာ၌ တားပိတ်ဆို့မှုနှင့် ကုန်ဈေးနှုန်းကျဆင်းရေး၊ လူတိုင်း အလုပ်အကိုင်၊ အိမ်တိုင်းအလုပ်အကိုင်လုပ်ကိုင်နိုင်ရေး စသည့် ဆောင်းပါးတိုလေးများရေးသားတင်ပြခဲ့ရာ၊ ကြည့်ရှုသူ တစ်သန်းကျော်ရှိပါကြောင်း အသိပေးအပ်ပါသည်။ × × × ။ နတ်ရေကန်နှစ်သစ်ကူး လက်ဆောင်အဖြစ် ရွှယ်စုံဗီဒီယာ၊ စာဆိုတော်နေ့၊ မြေလျှင်နှင့် တောင်တက်အသင်း၊ အသုံးလုံး၊ ဇိုလ်းဘလူးစ် ဘောလုံးပြေးခုန်ပစ် ချန်ပီယံများ နှင့်အတူ ရုပ်ရှင် ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဂီတဥက္ကဋ္ဌ ဦးတင်ဦးလေးတို့ အဖွဲ့မှ တစ်ဆင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ အဆိုတော်များ၊ နတ်ရေကန်စင်တာ ဓါတ်ပုံပြတိုက်တွင် ချိတ်ဆွဲပြသထားသည့် ရှုမငြီးဖွယ်ရာကျက်သရေဆောင်၊ (၁၈''×၂၄'') အရွယ်ဓါတ်ပုံ ကြီး (၇၀)ခန့်ကို ဂုဏ်ပြု ပေးပို့ထားပါသည်။ အနုပညာရှင်များ သွားရောက်ယူစေလိုပါသည်။ (ဆက်လက်၍ပေးပို့ပါမည်) ဦးတင်မောင်ထွေး–နတ်ရေကန်မြန်မာပြည်။





၂၀၁၈ – ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG – Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

အဆင့်မြင့်ဘော်ဒါ – ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ Air-con
DAY CAMP – SPECIAL CAMP
မူလတန်း၊ အလယ်တန်း – English 4 - skills ... Kids invent သော Extracurricular Activities များပါဝင်သည်။
■ Limited Class size
■ Air-con

Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526

Victoria Hospital

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း အထူးကုပါမောက္ခဆရာဝန်ကြီးက
၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

- ... Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- ... (Cochelar Implant)

ဇန်နဝါရီလ (၁၂) ရက် နေ့တွင် ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပါသည်။
ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ပါသဖြင့်
ဇန်နဝါရီလ (၁၀) ရက် နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန် | Hunt Line - 01 9666141
Hot Lines - 09 783666 141~144 } Ext - 7065




PREMIER®
WELLNESS
Full Cream
Milk Powder
မင်္ဂလာရှိသောနှစ်သစ်မှာ
သင့်အိမ်မက်တွေအတွက် အားဖြည့်လိုက်ပါ . . .


Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Merry Christmas &
Happy New Year
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
ခန္ဓာထန်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်-ဂျီ' ထိုးသောက်ကြပါစို့ ...

CAREER CORE INSTITUTE
SQA



• တက္ကသိုလ်ဝင်စာမေးပွဲ (သို့) IGCSE (O Level) အောင်မြင်ပြီးသူတိုင်း SQA (Scottish Qualification Authority) မှပေးအပ်သော HND in Engineering (Civil, Electronic) နှင့် HND in Business ကို စတင်တက်ရောက်နိုင်သည်။
• HND အတွက် ၂နှစ်ခွဲသင်ယူရမည်ဖြစ်သည်။ သင်ယူပြီးပါက ပြည်ပသို့ သွားရောက်သင်ယူလိုသူများအတွက်လည်း SQA နှင့်ချိတ်ဆက်ထားသော UK, USA, Australia, Canada နှင့် Singapore ရှိ နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် Year 2 (သို့) 3 ကို တက်ရောက်ပြီး B.Eng(Hons), B.A(Hons), BBA(Hons), BBM ဘွဲ့များကို ရယူနိုင်ပါသည်။
• နိုင်ငံတကာ တက္ကသိုလ်ကြီးများ ဆက်လက်တက်ရောက်ရာတွင် အဆင်ပြေစေရန် English (4 Skills) အတန်းကို Free(အခမဲ့) သင်ယူရမည်ဖြစ်သည်။
• ၂၀၁၈ ဇန်နဝါရီလ ...
HND IN ENGINEERING (CIVIL, ELECTRONIC) & BUSINESS
JANUARY INTAKE
ENROLL NOW
(+95)9-450-33-5500, (+95)9-770-33-5500
No.28, Aung Zay Ya Street, Kyauk Kone, Yankin Township, Yangon, Myanmar.
office@cci-edu.com | facebook.com/CareerCoreInstitute | www.cci-edu.com

STANDARD
your affordable quality
SG Eco laminate floor
New Designs



12 mm-၁ ကျင်း
134,000 Ks
Showroom : အမှတ် B1-012, ...
Hotline: 09 4555 444 30, 09 4555 444 03

အလွန်ရှားပါးအဖိုးတန် မှိုမျိုးစိတ်တစ်မျိုးဖြစ်သည့်အပြင် ဖြည့်စွက်အာဟာရအဖြစ်သာမက ဆေးဝါးအဖြစ်ပါအသုံးဝင်သော...



ဆေးဖက်ဝင်ပိုးဆေးနွယ်ရှင်
ဒေါက်တာခင်မောင်လွင် (FAME)
မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ တောင်များတွင် သဘာဝအလျောက် ဖြစ်ပေါ်လာသော "ပိုးဆေးနွယ်ရှင်" (ဒေသအခေါ် "ဒီယတိး") ၏ ...
Ks 5,000
Ph: 09-965 559 860, 01-3682 199, 3685 083, 3685 609

## နစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော်တင်မောင်စိုး[၉/မနတ(နိုင်)၁၀၅၇၆၅]နှင့် ကျွန်မ မဇော်ဦး[၁၂/တကန(နိုင်)၁၄၁၂၅၇]တို့သည် ၂၆-၁၂-၂၀၁၇ ရက်၌ ဗဟန်းတရားရုံး ဒုမြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

တင်မောင်စိုး

လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်
ရန်ကုန်-မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
ပိတ္တူလာယာဉ်ရပ်နားစခန်း
09-773173300, 09-785505018

သန်းရာဇာ (ဗျူဒိုး)
SPS Travel

ငှားမည်
09-26099086
09-5222265

အောင်မင်္ဂလာ
အိမ်ခြံမြေ/ရှေ့ရုံးပိုင်
မြို့ခွဲ/နယ်မြေ
09428773300
09428773355

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရှေ့လုပ်ငန်း
10', 14', 15' ...
Ph:09-450454771
09-450454772
09-450454773

အားသစ်
အိမ်ခြံမြေအကျိုးဆောင်
(၄)မြို့နယ်
09 456595585
09 780541718
09 402394600

ရွှေညီကို
အိမ်ခြံမြေအကျိုးဆောင်
ဝယ်လိုသည်။
09 -402116144

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ဖုန်းပါဝင်ယူထားနိုင်သည်။
LCCI
အမှတ်(၂၀)၊ ... 
ဖုန်း- 09 -776349905, 978578325, 01-371741, 240824

"Better English For a Smarter Life"
ဦးရဲကျော်လတ်
M.A(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
09-73175231, 09-5057138

ဆရာသန်းနိုင်
IELTS
Ph: 09 5136158,
09 965136158
Intermediate Level ရှိသူများအတွက်
Exam Preparation ...
Cambridge 1-12 စာအုပ်များဖြင့်သင်မည်။
... Foundation ...

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တာယာအရွယ်စုံ (၃၆) မျိုး | (၄၀၅၇)စုံ |
| (ခ) | ဘက်ထရီအရွယ်စုံ (၁၂) မျိုး | (၁၁၆၁)လုံး |
| (ဂ) | Landfill Compactor | (၁)စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၁-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၁-၂၀၁၈ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များအတွက် ဖုန်းအမှတ်- ၀၉-၄၉၃၄၂၆၅၀နှင့် ၀၉-၅၁၇၄၇၀၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

မြေရောင်းမည်
... ဦးဝိစာရလမ်းမပေါ်
(၄၀ × ၆၀) ... ဈေး (၃၂၀၀ သိန်း)
... 
(၄၀ × ၆၀) ... ဈေး (၂၄၀၀ သိန်း)
အလျှော့အတင်းရှိပါသည်။
Ph:09 254060977

ရွှေမန်းတောင်
အကြောပြေလိမ်းဆေးဆီ
Analgesic Balm



TMR007115(0619)

# မောင်တောဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် မြစ်ကူးတံတားများ တည်ဆောက်နေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေမြို့မှ မောင်တောသို့ တိုက်ရိုက်မော်တော်ကားဖြင့် သွားလာနိုင်ရန် ၄၉ မိုင်ရှည်သော မော်တော်ကားလမ်းကွန်ရက်ကို ဖောက်လုပ်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် လမ်းကြောင်းပေါ်ရှိ မြစ်ကူးတံတားကြီး ငါးစင်းကိုလည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

"ကျွန်တော်တို့ တံတားဦးစီးဌာနအနေနဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပေါ်မှာ ရှိတဲ့ အဓိကကျန်ရှိနေတဲ့ တံတားကြီးငါးစင်း တည်ဆောက်နေတာဟာ လာမယ့် မတ် ၃၁ ရက်မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်၊ မတ်လအကုန်မှာ ဒီတံတားတွေ ဖွင့်လှစ်နိုင်အောင် ကြိုးစား ဆောင်ရွက်နေပါတယ်၊ ဒီတံတားကြီးတွေ ဆောက်လုပ်ပေးလိုက်တဲ့အတွက် စစ်တွေကနေ မောင်တောကို ကားနဲ့ သွားလာနိုင်တော့မှာ ဖြစ်ပါတယ်"ဟု တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ပြောသည်။

အဆိုပါ လမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တံတားကြီးများ တည်ဆောက်လျက်ရှိရာ အဓိကကျန်ရှိနေသော တံတားကြီးနှစ်စင်းမှာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒



ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်ရှိ ပေ ၆၀၀ ရှည် စိုင်းတင်တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။



ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်နေစဉ်။

## ရာသီကြိုခြေစမ်းပွဲတွင် ရှမ်းယူနိုက်တက်၊ ဇွဲကပင်၊ မကွေးနှင့် ဟံသာဝတီအသင်းတို့ အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၁၈ ရာသီအတွက် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ခြေစမ်းပွဲများတွင် ရှမ်းယူနိုက်တက်အသင်းက GFA အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက Southern အသင်းကို လေးဂိုး-နှစ်ဂိုး၊ ဇွဲကပင်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် GFA အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမားများ အပါအဝင် အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ နိုင်ငံခြားသားတိုက်စစ်မှူးနှစ်ဦးဖြစ်သော ခရစ္စတိုဖာ (၂ မိနစ်)၊ ပက်ထရစ် (၆၆ မိနစ်)တို့၏ သွင်းဂိုးများဖြင့် ရှမ်းယူနိုက်တက်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❂

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တရုတ်ပြည်မကြီးမှ ရွေ့လျားလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် လေထုမငြိမ်သက်မှုဖြစ်ကာ ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ လာမည့်နှစ် ဇန်နဝါရီ ၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ မိုးထစ်ချုန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများကို ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

## KBZ Bank Women's League တွင် ဇွဲကပင်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးနေ့အဖြစ် ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဇွဲကပင်အသင်းက ငါးဂိုးပြတ်ဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ဝါရင့်ကွင်းလယ်ကစားသမား သန်းသန်းထွေး ဦးဆောင်လာသည့် ဇွဲကပင်အသင်းသည် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ပွဲစကတည်းက ပိုဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာပင် စန္ဒာထွေး၊ စန်းသော်သော်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင်လည်း ရရှိသည့်အခွင့်အရေးများကို အသုံးချနိုင်ခဲ့၍

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖







မျိုးဆက်သစ်ရင်ပြင်

မြားမှုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၃၁၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# နှလုံးသား ဆန့်ကျင်ကြသူများ

## အိုင်ခေမီ



"မင်းအမေက လူသတ်သမားကွ၊ ခုထိ ထောင်ထဲမှာ"

"ငါ့မိဘတွေက နင်နဲ့သဘောမတူဘူး"

"မင်းအမေကို ထောင်ဝင်စာသွားမတွေ့ဘူးလား"

"ငါ့မိဘတွေက မင်းနဲ့ပေါင်းတာ မကြိုက်ဘူး"

နားထဲအထပ်ထပ် ကြားယောင်လာသော စကားလုံးများကြောင့် ဖေဒါ၏ရင်၌ ခံပြင်းစိတ်များ မြင့်တက်လာကာ နှုတ်ခမ်းမှ တောက်တစ်ချက် ပြင်းပြင်းခေါက်မိသွား၏။ ဒီကိစ္စ ဘွားမေနှင့် ပြတ်ပြတ်သားသားရှင်းရမည်။ ခံပြင်းစိတ်များ ဒေါသအဟုန်များ သိလိုဇောများဖြင့် ဖေဒါအိမ်သို့ပြန်ခဲ့သည်။

ဖေဒါ အိမ်တံခါးမကြီးကို ခပ်ကြမ်းကြမ်း တွန်းဖွင့်လိုက်၍ အသံကို မြှင့်ကာ. . .

"ဘွားမေ-ဘွားမေ-ဘွားမေ"

ဘွားမေ မီးဖိုချောင်မှ ထွက်လာပြီးနောက် . . .

"မြေးလေး အော်ကြီးဟစ်ကျယ်နဲ့ကျောင်းပြန်လာပြီလား၊ ဗိုက်ဆာနေပြီလား၊ ဘွားမေပြင်လိုက်မယ်လေ"

ထို့နောက် ဘွားမေသည် အဲကွန်းခလုတ်ကိုဖွင့်၍ မီးဖိုးချောင်ဘက်လှည့်ကာ "မိကြည်ရေ နင့်အစ်ကိုလေးအတွက် အအေးယူခဲ့ပါဟေ့" ဖေဒါခေါင်းကိုဖြည်းညင်းစွာခါ၍ သက်ပြင်းရှည်ကြီးချလိုက်၏။ ထို့နောက် ဘွားမေ၏ လက်ကိုဆုပ်ကိုင်ကာ . .

"ဘွားမေ သားကို အမှန်အတိုင်းပြောပါ၊ ဘွားမေ သားမေမေ ထောင်ထဲမှာ အသက်ရှင်လျက်ရှိနေသေးတယ်ဆို ဟုတ်လား၊ သားပထမနှစ်ရောက်နေပြီ ဘယ်အချိန်ထိသားကို လျှို့ဝှက်ထားမှာလဲ ဘွားမေ၊ သားကိုချစ်တယ်ဆို အမှန်အတိုင်းပြောပါ ဘွားမေ"ဘွားမေသည် ဖေဒါ ၏ ခေါင်းလေးကို ဖွဖွလေးပွတ်ကာ. . .

"ဘွားမေ မြေးကို မညာတော့ပါဘူး၊ ဟုတ်တယ်မြေးလေး၊ မြေးလေးရဲ့ အမေထောင်ထဲမှာရှိတယ်၊ လူသတ်မှု ဆေးမှုနဲ့ ထောင်ကျနေတာ"မျက်ရည်ဝေ့ဝဲ မျက်ဝန်းများနှင့် ဖေဒါသည် ဘွားမေအားကြည့်ကာ . .

"ဘွားမေ မေမေက ဘယ်သူ့ကို သတ်တာလဲ၊ ဆေးမှုဆိုတာကရော ဘယ်လိုလဲ"ဘွားမေသည် ဖေဒါ၏ မျက်ဝန်းအိမ်မှမျက်ရည်စလေးများကိုသုတ်ပေး၍ "မြေးလေး ဘွားမေ သိသလောက်ပြောပြမယ်၊ မြေးရဲ့မေမေ သတ်တာက သူအရမ်းချစ်တဲ့ သူ့ငယ်ချစ်ဦး၊ ဆေးမှုက သူခရီးတစ်ခုသွားရင်း သူ့အိတ်ထဲမှာ WY ဆေးပြားတွေမိတာ၊ ဘွားမေသိတာ အဲဒါအကုန်ပါပဲ၊ ဒီထက်ဘာမှကို မသိတာပါ"

ဖေဒါသည် ဘွားမေကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ မေမေ ဘာကြောင့် လူသတ်တာလဲ၊ ဆေးပြားအရောင်းအဝယ် တကယ်လုပ်ခဲ့သလားဆိုသည်ကို ဖော်ထုတ်ရန် ဖေဒါဆုံးဖြတ်ချက် ချလိုက်သည်။

သိတတ်စအရွယ်ကတည်းက ဖေဖေနှင့် မေမေ လူ့လောကထဲမှာ မရှိတော့ဘူးဆိုသည့် အသိဖြင့် ရှင်သန်လာခဲ့သည်မှာ ပထမနှစ်ကျောင်းသားဖြစ်ချိန်ထိပင်၊ မေမေ အသက်ရှင်မှန်း သိလိုက်ရသည်မှာ ရက်ပိုင်းမျှပင်ရှိသေး၏။ သို့သော် မေမေကထောင်ထဲမှာ၊ ဖေဒါ သက်ပြင်းရှည်ကြီးတစ်ခုချလိုက်ပြီး ကျောင်းဝင်ပေါက်ကြီးအား မျက်တောင်မခတ်တမ်း စိုက်ကြည့်နေ၏။ နှစ်ရက်တိတိ စုံစမ်းခဲ့သမျှ ဒီနေ့ အကောင်အထည်ပေါ်တော့မည်၊ ဖေဒါ ရင်ခုန်သံတို့မြန်နေသည်။ အမေထောင်ကျနေသည်ဟူသော စကားစတင်ပြောသည့် ကျောင်းသားကို စောင့်နေခြင်းဖြစ်၏။

ဖြူဖပ်ဖြူရော် ကန္တဲ့ကလျနှင့် လျှောက်လာသော ကျောင်းသားတစ်ယောက်ကို မြင်သည်နှင့် ဖေဒါထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ထိုကျောင်းသားရှေ့ရပ်ကာ"မင်းခန့်ညီ မင်းကိုနည်းနည်းမေးစရာရှိလို့"

"ဟုတ် မေးပါ အစ်ကို"

"ဒီကျောင်းဝင်းထဲမှာ ငါ့အမေ ထောင်ကျနေတယ် ဆိုတဲ့စကားက မင်းဆီက ပထမဆုံး ထွက်လာတာပဲ၊ ဒီတော့ကွာ ငါ့အမေနဲ့ ပတ်သက်ပြီး မင်းသိထားတာရှိနေမှာ အသေအချာပဲ၊ ငါ့ကို ကျေးဇူးပြုပြီးပြောပြပါကွာ"

"အစ်ကို ကျွန်တော်လည်းမသိဘူး၊ ဟိုးတစ်နေ့က အန်တီ ကျွန်တော့်ကို ကျောင်းလာကြိုရင်း အစ်ကို့ကိုတွေ့ပြီး အစ်ကို့နာမည်နဲ့ အစ်ကို့ မိဘနာမည်တွေမေးလို့ ကျွန်တော်စုံစမ်းပြီး ပြောပြလိုက်တယ်၊ အဲဒီတော့ အန်တီကပြောတယ်၊ အစ်ကို့အမေထောင်ထဲမှာ ရှိနေတယ်တဲ့"

ဖေဒါလေပူများကို မှုတ်ထုတ်လိုက်ပြီးနောက် "မင်းအန်တီနဲ့ငါတွေ့ချင်တယ် ညီလေးရာ၊ ငါ့အမေအကြောင်းမေးချင်လို့ပါ၊ ငါငယ်ငယ်ကတည်းက အမေဆုံးသွားပြီဆိုတဲ့ အသိနဲ့ ဒီအချိန်ထိနေလာခဲ့ရတာ ကူညီပါကွာ"

"ရပါတယ် အစ်ကို၊ ဒီညနေ အန်တီကျောင်းလာကြိုရင် ကျောင်းထိပ်က ကော်ဖီဆိုင်မှာ တွေ့ဖို့ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

"ကျေးဇူးပဲ ညီလေးရာ"

ထို့နောက် ဖေဒါစာသင်ဆောင်ဘက် ထွက်လာခဲ့သည်။ အချိန်တွေနှေးသလားထင်မိ၏။ ကျောင်းဆင်းချိန်ကိုသာ အမြန်ဆုံးရောက်ချင်နေမိသည်။ စာသင်ခန်းထဲမှာ လူကရှိနေပေမယ့် စိတ်ကမရှိ။ ထို့ကြောင့် ဖေဒါ စာသင်ခန်းထဲမှ ထွက်လာပြီးနောက် ကျောင်းထိပ်ကော်ဖီဆိုင်သို့ထွက်လာခဲ့သည်။ ကော်ဖီတစ်ခွက်မှာရင်း နာရီကိုသာကြည့်နေမိ၏။

နာရီလက်တံများကို လက်နှင့်သာ ပြေးလှည့်ပစ်ချင်နေမိသည်။ နာရီလက်တံများ နံပါတ်များစွာ ဖြတ်သန်းသွားပြီးချိန်မှ မင်းခန့်တို့ တူအရီးနှစ်ယောက် ကော်ဖီဆိုင်အတွင်းသို့ ရောက်လာ၏။ ဖေဒါ မိမိကိုယ်ကိုမိတ်ဆက်လိုက်ပြီးနောက် "အန်တီ သားမေမေအကြောင်း သိချင်တယ်အန်တီရယ်၊ ဖြစ်နိုင်ရင်သားကို ပြောပြပေးပါလား၊ ဘာမှအားမနာပါနဲ့ အန်တီသိသလို အမှန်အတိုင်းပြောပြပါအန်တီ"

"အင်း အန်တီ့နာမည်က ချိုလွင်ပါ၊ မပြောချင်ပေမယ့် ပြောရတော့မယ်၊ သားလည်း အရွယ်ရောက်နေပြီပဲ၊ အန်တီပြောပြပါ့မယ်"

"ဟုတ် အန်တီကျေးဇူးတင်ပါတယ်၊ မေမေ့အကြောင်း ပြောတယ်ဆိုပြီး အားမနာပါနဲ့အန်တီ"

ဒေါ်ချိုလွင်သည် ကော်ဖီတစ်ငုံ သောက်လိုက်သည်။ ထို့နောက် ကော်ဖီဆိုင်ပြတင်းပေါက်မှ အပြင်ကိုငေးကြည့်နေ၏။ ဒေါ်ချိုလွင်၏ မျက်ဝန်းများထဲတွင် အလွမ်းရိပ်များ ထင်ဟပ်နေသည်ကို ဖေဒါသတိပြုမိလိုက်သည်။ အတန်ကြာမှ ဒေါ်ချိုလွင်သည် သက်ပြင်းချကာ. . ."ဒီလိုသား. . . သားဖေဖေနဲ့ သားမေမေက နယ်မြို့လေး တစ်မြို့ကပဲ၊ သားဖေဖေနဲ့သားမေမေက ချစ်လို့ယူခဲ့ကြတာ မဟုတ်ဘူး၊ လူကြီးတွေ အတင်းစီစဉ်ခဲ့ကြတာ၊ သားဖေဖေဆီမှာ ငယ်ချစ်ဦးရှိသလို သားမေမေ ဆီမှာလည်း သူအရမ်းချစ် တန်ဖိုးထားတဲ့ ငယ်ချစ်ဦးရှိတယ်၊ ဒါပေမယ့် မိဘတွေအကွက်ကျကျ အတင်းစီမံမှုကြောင့် သူတို့ကိုယ်စီ ချစ်သူနဲ့ ကွေကွင်းခဲ့ရတယ်၊ ဒီလိုနဲ့ သားဖေဖေနဲ့ သားမေမေ တခြားမြို့ကို ပြောင်းသွားကြတယ်၊ နောက်ပိုင်း သတင်းကြားတာကတော့ သူတို့ လင်မယားနှစ်ယောက် သားတစ်ယောက်ထွန်းကားပြီး သိပ်မကြာခင် သားဖေဖေ ရောဂါတစ်ခုနဲ့ ဆုံးသွားတယ်"

ဒေါ်ချိုလွင်သည် စကားကို ခေတ္တရပ်၍ ကော်ဖီတစ်ငုံ သောက်လိုက်၏။ မျက်ဝန်းထဲတွင် မျက်ရည်စက်များ တွဲခိုနေ၏။ "သားဖေဖေဆုံးပြီး နှစ်နှစ်လောက်အကြာမှာ သတင်းတစ်ခု ထပ်ကြားတယ်၊ သားမေမေ လူသတ်မှု၊ ဆေးမှုနဲ့ ထောင်ကျနေတယ်လို့ ကြားရတာပါပဲ ဘယ်လိုတွေဖြစ်လဲဆိုတာ အန်တီမသိဘူး"

ဖေဒါသည် လက်နှစ်ဖက်နှင့် မျက်နှာကို ပွတ်ချလိုက်၏၊ မျက်ရည်စများကို ခိုးသုတ်လိုက်ခြင်းပင်ဖြစ်သည်၊ ဖေဒါသည် မိမိကိုယ်ကို ထိန်းရင်း . . .

"အန်တီ မေမေက ဘယ်သူ့ကိုသတ်လိုက်တာလဲ၊ အန်တီသိလားဟင်"

"အင်း သားမေမေက သူ့ရဲ့ငယ်ချစ်ဦးကို မသေမချင်း ဓားနဲ့ ထိုးသတ်တယ်လို့ကြားတာပဲသား" ဖေဒါ မျက်ဝန်းအိမ်တွင် မျက်ရည်စများ ဝေ့တက်လာ၏။ ဖေဒါသည် မျက်ဝန်းတွင် တွဲခိုနေသော မျက်ရည်စလေးများကို မသိမသာ သုတ်လိုက်ပြီးနောက်. . .

"မေမေ့အကြောင်းတွေ အစအဆုံး သိတဲ့လူ ရှိလား အန်တီ"

ဒေါ်ချိုလွင်သည်ခေတ္တမျှစဉ်းစား၍ "ဒီမြို့မှာ သားစုံစမ်းလို့ရနိုင်မယ့် လူတစ်ယောက်တော့ရှိတယ်၊ သားမေမေ သတ်လိုက်တဲ့ သူ့ငယ်ချစ်ဟောင်းရဲ့အမေ ဒေါ်သစ်နွယ်ပါပဲ" ဖေဒါ မျက်မှောင်ကြုတ်၍ "ဒေါ်သစ်နွယ်က ဘယ်မှာနေလဲ အန်တီ"

"ကန်သာယာ ရပ်ကွက်မှာနေတယ်၊ ဒေါ်သစ်နွယ် နာမည်တစ်ယောက်တည်းရှိတယ်" ဖေဒါမျက်လုံးပြူးသွား၏၊ နှလုံးခုန်သံများ ဝုန်းဒိုင်းကြဲသွားသည်။ "ကဲသား အန်တီတို့လည်း နောက်ကျနေပြီ၊ ပြန်လိုက်ဦးမယ်နော်"

"ဟုတ် အန်တီ၊ ကျေးဇူးတင်ပါတယ်၊ အန်တီက ဖေဖေ မေမေတို့ရဲ့ သူငယ်ချင်းလား"

ဒေါ်ချိုလွင်သည် မျက်လွှာလေးချ၍ "အန်တီက သားဖေဖေရဲ့ ငယ်ချစ်ဟောင်းပါ" ပြောပြောဆိုဆို ထွက်သွားသော တူအရီးနှစ်ယောက်ကို ကြည့်၍ ဖေဒါပါးစပ်အဟောင်းသားဖြစ်ကျန်ခဲ့သည်။ အိမ်ကို ပြန်မှဖြစ်မည်၊ ဖေဒါသည် ကော်ဖီဆိုင်မှ ထွက်လာခဲ့သည်၊ ခြေလှမ်းတွေက တုံ့နှေးနေ၏။

အိမ်အပြန်လမ်းတစ်လျှောက် အတွေးတွေက စိုးမိုးနေ၏။ မိမိသိတတ်စ အရွယ်ကတည်းက ဘွားမေရင်ခွင်ထဲမှာ ကြီးပြင်းခဲ့ရသည်။ ဘွားမေသည်မိမိအား အစစ အရာရာ လိုလေသေး မရှိအောင်ထား၏။ မိမိ မျက်နှာတစ်ချက်အညိုးမခံ၊ လိုချင်တာကို မဖြစ်ဖြစ်အောင်ဖန်တီးပေးခဲ့သည်။ မိမိနေမကောင်းဖြစ်လျှင် မအိပ်မစားအနားမှမခွာ ပြုစုတတ်သော ဘွားမေက ဒေါ်သစ်နွယ်တဲ့လား။ အတွေးများမျောလွင့်ရင်းနှင့် အိမ်ပေါက်ဝ ရောက်လာခဲ့သည်။

ဖေဒါ တံခါးအား အသာအယာ တွန်းဖွင့်လိုက်သည်။ ဧည့်ခန်းထဲတွင် ဘွားမေ ထိုင်နေ၏။ ဖေဒါသည် ဘွားမေဘေးတွင် လေးတွဲ့စွာ ဝင်ထိုင်လိုက်၏၊ ဘွားမေသည် ပျာပျာသလဲ ဖေဒါ၏ နဖူးအားလက်နှင့်စမ်း၍ "မြေးလေး နေမကောင်းဘူးလား၊ ဆရာဝန် ခေါ်လိုက်မယ်လေနော် မြေးလေး"

ဖေဒါ ဘွားမေအား သိုင်းဖက်၍ "ဘွားမေကို သားအရမ်းချစ်တယ် ဘွားမေရယ်" မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာသည်။ "မြေးလေးကိုလည်း ဘွားမေ အရမ်းချစ်ပါတယ် မြေးလေးရယ်" ဖေဒါသည် မျက်ရည်စများနှင့် ဘွားမေကိုကြည့်ကာ "ဘွားမေ သားကဘွားမေရဲ့ မြေးအရင်း မဟုတ်ဘူးဆို၊ သားမေမေ သတ်လိုက်တာ ဘွားမေရဲ့သားဆို ဟုတ်လား ဘွားမေ၊ သားကို ဘာမှလျှို့ဝှက်မထားပါတော့နဲ့ ဘွားမေရယ်နော်"ဘွားမေသည် သက်ပြင်းချကာ"သားက သိနေပြီပဲ၊ ဘွားမေ လျှို့ဝှက်မထားတော့ပါဘူး။ ဘွားမေရဲ့သားနဲ့ မြေးရဲ့မေမေက အရမ်းချစ်ကြတဲ့ ငယ်ချစ်ဟောင်းတွေပါ၊ မြေးရဲ့ဖေဖေဆုံးပြီး တစ်နှစ်အကြာမှာ မြေးရဲ့မေမေနဲ့ ဘွားမေရဲ့သား ပြန်ဆုံကြတယ်၊ အဲဒီအချိန်မှာ ဘွားမေရဲ့သားက မူးရူးပြီး အသည်းကွဲကောင်းတုန်း၊ ပိုဆိုးတာက ဆေးပါစွဲနေတာ၊ ဘွားမေရဲ့သားက မြေးရဲ့မေမေကို လက်ခံနိုင်ပေမယ့် မြေးလေးကိုတော့ လက်မခံနိုင်ဘူး၊ မြေးလေးနဲ့ ပတ်သက်ပြီး သူတို့တွေစကားများ ရန်ဖြစ်ကြတယ်၊ တစ်နေ့ ဘွားမေသားက သူ့အပေါင်းအသင်းတွေနဲ့ မြေးလေးကို အစဖျောက်ဖို့ တိုင်ပင်နေတာ ဘွားမေကြားလို့ ဘွားမေ မြေးလေးကို ခေါ်ပြီးမြို့ကထွက်ခဲ့တယ်" ဘွားမေ မျက်ရည်များဝေ့လာ၏။ ဘွားမေ၏ အသံများ တုန်နေသည်။ ဘွားမေရင်ထဲ ခံစားနေရမှန်း ဖေဒါသိလိုက်၏။ "နောက်ပိုင်း သတင်းကြားတာက ဘွားမေရဲ့သားက မြေးရဲ့မေမေကို တခြားနိုင်ငံကို အပြီးသွားဖို့ ခေါ်တယ်၊ မြေးမေမေက မလိုက်နိုင်ဘူး၊ သားကို မထားခဲ့နိုင်ဘူးပြောတော့ မြေးမေမေကို ချုပ်ထားတယ်၊ ထွက်ပြေးရင် သားအမိနှစ်ယောက်လုံး လိုက်သတ်မယ် ခြိမ်းခြောက်တယ်၊ မြေးမေမေက ဘွားမေရဲ့သားကိုသတ်ပြီး သူ့ရဲ့ အဝတ်အိတ်ကိုယူ မြေးနဲ့ဘွားမေဆီကိုထွက်လာခဲ့တယ်၊ ဖြစ်ချင်တော့ ဘွားမေရဲ့သားက သူရောင်းဝယ်သုံးနေတဲ့ ဆေးပြားတွေကို မြေးမေမေရဲ့အိတ်ထဲမှာ ထည့်ထားခဲ့တယ်၊ မြေးမေမေကို ကားပေါ်မှာ ဆေးတွေနဲ့ လက်ပူးလက်ကြပ် မိရာကနေ လူသတ်မှုပါပေါ်တော့တာပါပဲ၊ မြေးမေမေ အချုပ်ထဲရှိချိန် ဘွားမေသွားတွေ့တုန်း ဒီအကြောင်းတွေ ပြောပြတာပါပဲ၊ နောက်လည်း ဘယ်တော့မှ မလာဖို့နဲ့ မြေးကိုဖေဒါလို့အမည်ပေးပြီး သူသေပြီလို့ပဲ မြေးကိုပြောခိုင်းတယ်၊ အမှန်တော့ ဘွားမေရဲ့သားကို ဘွားမေ မဆုံးမနိုင်ခဲ့တာပါ"

ဘွားမေ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ဖေဒါသည် ဘွားမေပါးပြင်ပေါ်မှ မျက်ရည်စများကိုသုတ်ပေးလိုက်၏။

"ဘွားမေ မငိုနဲ့နော် သားရှိတယ်၊ ဘွားမေ မေမေက ဘယ်ထောင်မှာလဲဟင်" ဘွားမေသည် မျက်ရည်စများကို လက်နှင့်သုတ်လိုက်ပြီး

"ရှမ်းပြည်နယ်ဘက်က ထောင်မှာ မြေးလေး"

"ဘွားမေ မေမေ့ကိုသွားတွေ့ကြမယ်နော်" ဘွားမေသည် ခေါင်းညိတ်ပြလေသည်။ ဖေဒါနှင့် ဘွားမေ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ထားကြသည်။ နှလုံးသားမှ ငိုရှိုက်သံကို အပြန်အလှန် ခံစားမိနေ၏။

သားသမီးအတွက် နှလုံးသားကို ရက်စက်စွာ အဆုံးစီရင်သူ၊ မိခင်နှင့် အမှန်တရားအတွက် နှလုံးသားကိုဆန့်ကျင် မေတ္တာမပျက်သော ဘွားမေ၏ နှလုံးသားအား ဖေဒါရင်ထဲမှ နက်ရှိုင်းစွာ ဦးညွှတ်မိလေတော့သည်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# အဝေးသင်

## ဟိန်းဇော်မြင့်(တောင်တွင်းကြီး)

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်တုန်းက အမှတ်ကောင်းကောင်းဖြင့် မအောင်ခဲ့သောကြောင့် အမှတ်ကောင်းမှ တက်နိုင်သော Day ကို မတက်နိုင်ဘဲ Distance ကိုသာ တက်ရောက်ခဲ့ရပါသည်။ (အမှတ်ကောင်းပြီး အခြေအနေ အကြောင်းကြောင်းကြောင့် Day မတက်ဖြစ်သည့် လူတွေလည်း တစ်ပုံကြီးပါ) Distance တက်ရပြန်တော့လည်း ကိုယ်ဝါသနာပါသည့် မြန်မာစာမေဂျာကို မယူရဲဘဲ အလုပ်လျှောက်လျှင် လွယ်အောင်ဆိုပြီး စီးပွားရေးမေဂျာကိုသာ ယူခဲ့ရပါသည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ပြီးစအချိန် တက္ကသိုလ်မြေကို စတင်ထိတွေ့ခွင့်ရတော့ နည်းနည်းတော့ မြောက်ကြွမြောက်ကြွဖြစ်ခဲ့မိတာ အမှန်ဖြစ်ပါသည်။ ကြီးကျယ်ခမ်းနားသည့် တက္ကသိုလ်ကြီးကို မြင်ရ၊ နယ်ပေါင်းစုံ လူပေါင်းများစွာဖြင့် ပြောဆိုဆက်ဆံရသဖြင့် အတွေ့အကြုံ တော်တော်လေးရရှိခဲ့ပါသည်။

သို့သော်လည်း ကျောင်းတက်ရသည့် တစ်လခွဲလေးအတွင်းမှာ တက္ကသိုလ်မြေကို တရားဝင်ခြေချခွင့်ရသည့်ရက်တွေမှာ အနီးကပ် ၁၀ ရက်တက်ချိန်နှင့် စာမေးပွဲဖြေချိန်တွေပဲ ဖြစ်ပါသည်။ ကျန်သည့်ရက်များမှာ ကျောင်းတက်စရာ မလိုသလို သင်ကြားပေးမည့် ဆရာလည်း မရှိပါ။ ထို့ကြောင့် အဝေးသင်အောင်ချင်လျှင် အပြင်ကျူရှင်တွေပဲ အားကိုးရပါသည်။ အပြင်ကျူရှင်မှာ စာလာသင်ပေးသည့် ဆရာတွေကတော့ တက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသည့် ဆရာတွေပါသလို အပြင်ကျူရှင်သင်နေသည့် ဆရာတွေလည်း ပါပါသည်။ ကျောင်းသားတွေကလည်း ပိုက်ဆံပေးပြီး သင်ရလို့လားမသိ။ ကျူရှင်မှာ သေချာသင်ယူလိုစိတ်ရှိပေမယ့်လည်း ကျောင်းမှာအနီးကပ် ၁၀ ရက်တက်ပြီး သင်ကြားရတာကိုတော့ဖြင့် သေချာမမှတ်သားကြ။

ကျွန်တော်ပထမနှစ် အနီးကပ် ၁၀ ရက် တက်ခဲ့ရသည့် အတွေ့အကြုံကို မှတ်မိပါသေးသည်။ ပထမအချိန် ဆရာဝင်လာတော့ ထုံးစံအတိုင်း အားလုံး မတ်တတ်ရပ်နှုတ်ဆက်ကြသည်။ ဆရာက ထိုင်ဆိုတော့ ထိုင်ကြပါသည်။ ဆရာက စာသင်မယ် စာအုပ်ထုတ်ဆိုပြီး white board ပေါ်မှာ စာရေးခြစ်နေပေမယ့်လည်း ကျောင်းသားတော်တော်များများက ကိုယ်လုပ်ချင်ရာ လုပ်နေကြတာပါ။ စည်းမရှိ ကမ်းမရှိ ကွမ်းစားပြီး ကွမ်းတွေထွေးလိုထွေး၊ ဆေးလိပ် ခိုးသောက်လိုလောက်၊ အခန်းထဲဝင်လိုက် ထွက်လိုက် လုပ်လိုလုပ် လုပ်ချင်တိုင်း လုပ်နေတာပါ။ ရှေ့မှာ သင်နေသည့် ဆရာကိုမှ အားမနာ။ နိဝါတမရှိ၊ ဂါရဝမရှိ။ စာသင်ခန်းနှင့်မတူဘဲ ဇရပ်နှင့်တူပါသည်။ အချို့စိတ်ဆတ်သည့် ဆရာတွေက "မင်းတို့ စာမသင်ချင်ရင် အခန်းထဲကထွက်"လို ခပ်ကြမ်းကြမ်းကိုင်မှ ဆူဆူပူပူ မလုပ်ဝံ့တာပါ။ အချို့ဆရာတွေက ရွဲ့ပြီး ဘာစာမှမသင်တော့သလို ကျောင်းသားတွေကို တစ်ချိန်လုံးထိုင်ကြည့်နေပြီး အချိန်ပြည့်လျှင် လက်မှတ်ထိုးခိုင်းကာ ထထွက်သွားတာပါပဲ။ ဒါဟာ ပထမနှစ်တက်တုန်းက အတွေ့အကြုံဖြစ်ပြီး နောက်ဆုံးနှစ်ရောက်တော့လည်း သိပ်မထူးမခြားပါပဲ။

ထိုသို့ ပြောလိုက်သဖြင့် အဝေးသင်ကျောင်းသားတွေကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာတွေလို့ အထင်ခံရမှာ ကြောက်ရပါသေးသည်။ မဟုတ်ရပါဘူး။ ဘာကြောင့်လဲဆိုရင် အဝေးသင်တက်နေသူ တော်တော်များများက အလုပ်ကိုယ်စီလုပ်ကာ ကိုယ့်ကျောင်းစရိတ် ကိုယ့်ဘာသာရှာတက်နေသူတွေဖြစ်သည်။ တစ်ဖက်တစ်လမ်းကနေ မိဘကို ကူညီပံ့ပိုးပေးနေကြသည့် လူလိမ္မာ အများစုပါ။ ဘာကြောင့် တက္ကသိုလ်ရောက်မှ ပြောင်းလဲသွားရတာလဲဆိုလျှင် ဆရာတွေနှင့် အမြဲထိတွေ့ဆက်ဆံနေရတာ မဟုတ်သည်ကတစ်ကြောင်း၊ အနီးကပ်တက်ရသည့် ၁၀ ရက်အတွင်းမှာလည်း စာသင်ဖို့ထက် လက်မှတ်ထိုးဖို့က အဓိကဖြစ်နေတာကြောင့် ပါပါသည်။ ပထမရက်မှာ ၁၀ ရက်စာ လက်မှတ်အပြည့်ထိုး၊ နောက်ဆုံးရက်မှာ လက်မှတ်မထိုးရသေးသည့်ဘာသာ ကျန်ရစ်မှာကြောက်လို့ လက်မှတ်လာထိုး၊ ကြားထဲမှာ ရှစ်ရက်လောက်ပျောက်နေသည်။

နောက်ပြီး အနီးကပ် ၁၀ ရက် အပြည့်အဝတက်ပြီး သင်ယူရင်လည်း အဝေးသင်အောင်ဖို့က မလွယ်လှပါ။ တစ်ရက်ကို တစ်ဘာသာ အပြတ်သင်တယ်ဆိုရင်တောင် ခုနစ်ရက်နေမှ ခုနစ်ဘာသာ ပြတ်မှာပါ။ ဘယ်မှာလဲ စာကျက်ချိန်။ အနီးကပ်တက်ပြီး တစ်ပတ်လောက်နေလျှင် စာမေးပွဲဖြေရပြီမဟုတ်လား။ သည်တော့ အပြင်ကျူရှင်တွေပဲ အားကိုးကာ ကျောင်းမှာ အနီးကပ်တက်တယ်ဆိုတာ စာသင်ဖို့ထက် လက်မှတ်ထိုးဖို့က အဓိကဖြစ်သွားပါသည်။

အပြင်ကျူရှင်သင်တာတွေကိုလည်း ကြည့်ပါ။ ဘယ်အခန်းက ဘယ်နှပုဒ်ပါမယ်၊ ဘယ်ဟာလေးတွေတော့ကြည့်ထား စသည်ဖြင့် စာမေးပွဲမှာပါမယ့်ဟာလောက်ကိုပဲ ရွေးပြီး သင်ကြားပေးတာပါ။ သည်လို့မှ မသင်ပေးရင်လည်း အောင်ဖို့ကမလွယ်။ Day သမားတွေ တစ်နှစ်ပတ်လုံး သင်ကြားရသည့်ဟာကို Distance တွေကို တစ်လခွဲလေးနှင့် သင်ပေးရမယ်ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ (assignments တင်တုန်းက လေ့လာထားလို့ မပြောပါနှင့်ကျောင်းသားအယောက် ၁၀၀ မှာ ၈၀ လောက်က မလေ့လာကြပါဘူး။ မလေ့လာနိုင်တာပါလို့ပြောလျှင် လွန်မည်မထင်ပါ)အိုင်းစတိုင်းလောက် ဉာဏ်ရည်ရှိရင်တော့ တစ်မျိုးပေါ့လေ။ ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေ ဖြစ်နေဦးမှာပါပဲ။

နောက်ပြီး အဝေးသင်လာတက်သည့် လူများ၏ရည်ရွယ်ချက်ကလည်း ကိုယ်ယူထားသည့် ဘာသာရပ်ပေါ်မှာ အကျွမ်းတဝင်ရှိဖို့ထက် ဘွဲ့ရဖို့ကို အဓိကထားပါသည်။ ဘွဲ့ရလျှင်ဖြင့် ဘယ်အစိုးရအလုပ်ခေါ်ရင် ဝင်လျှောက်မယ်၊ ဘယ်ကုမ္ပဏီမှာ လစာကောင်းရင် ဝင်တိုးမယ်၊ အလုပ်ရှိသည့် လူကျလည်း ဘွဲ့ရမှ လုပ်သားဘဝကနေ စာရေးခန့်မှာ၊ ပညာရေးကောလိပ်တက်ပြီး ကျောင်းဆရာလေးကလည်း ဘွဲ့ရမှ ရာထူးတိုးမှာ စသည်ဖြင့် ဘွဲ့ရဖို့ကိုပဲ အရေးထားတာပါ။ ကိုယ်သင်ယူထားသည့် ဘာသာရပ်အပေါ်၌ တကယ် နှိုက်နှိုက်ချွတ်ချွတ်တက်ပြီး အသက်မွေးဝမ်းကျောင်းနိုင်သည့်လူ ဘယ်နှယောက်ရှိသလဲဆိုတာ လက်ချိုးရေလို့ရနိုင်ပါသည်။ ဖြစ်နေပုံက စီးပွားရေးသမားက စစ်ထဲဝင်လိုဝင်၊ ဥပဒေသမားက စာရင်းစစ်လုပ်လိုလုပ်၊ ပထဝီသမားက ဆေးရုံမှာ အလုပ်လျှောက်လိုလျှောက် စသည်ဖြင့် အမြီးမောက် မတည့်တာကို ပြောချင်တာပါ။

နောက်တစ်ချက်က အဝေးသင်တက်နေစဉ် ကာလတစ်လျှောက် တက္ကသိုလ်စာကြည့်တိုက်ကြီးက ဖွင့်တယ်လို့မရှိဘဲ ပိတ်မြဲပိတ်ထားသည်။ စာကြည့်တိုက်ထဲမှာ ဘာစာအုပ်ရှိလို့ရှိမှန်းတောင် မသိရပါ။ သို့ပေမယ့်လည်း စာကြည့်တိုက်ရှေ့မှာ လူအမြဲစည်ပါသည်။ ဘာကြောင့်လဲဆိုလျှင် တက္ကသိုလ်စာကြည့်တိုက်ကြီးက အပြင်ပန်းကကြည့်လျှင် ခမ်းနားထည်ဝါလွန်းလှသဖြင့် စာကြည့်တိုက်ကို နောက်ခံရှုခင်းအဖြစ်ထားကာ ဓာတ်ပုံရိုက်သောကြောင့်ပင်ဖြစ်သည်။ အတွင်းထဲက စာအုပ်တွေကိုပါ ဖတ်ခွင့်ရမည်ဆိုလျှင် ပိုပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံလာနိုင်ပါသည်။ တကယ်တော့ စာကြည့်တိုက်ဆိုတာ စာအုပ်တွေကို ပိတ်လှောင်ထားရမည့်နေရာမှ မဟုတ်တာ။ အဝေးသင်သမားတွေ ကံဆိုးပါ၏။ Day သမားတွေတော့ ဖတ်ခွင့်ရလိမ့်မည်ဟုထင်ပါသည်။

တွေးကြည့်လျှင် တော်တော်လေးမှ အချိုးမပြေတာပါ။ သည်ထက်ကောင်းမွန်သည့် ပညာရေးစနစ်တစ်ခုကို အစိုးရအနေဖြင့် ဖန်တီးပေးသင့်ပါသည်။ ဘာကြောင့်လဲဆိုလျှင် မြန်မာနိုင်ငံတွင် Day တက်သည့်လူဦးရေထက် Distance တက်သည့် လူဦးရေက ပို၍များမည်ထင်ပါသည်။ ဒါမှမဟုတ်ရင်လည်း Distance တက်ရသည့် အချိန်တစ်လခွဲလေးကို Dayသမားတွေလို စနေ၊ တနင်္ဂနွေပဲ ပိတ်ပေးပြီး တက္ကသိုလ်ကဆရာတွေကပဲ သင်ကြားပေးမည်ဆိုလျှင် Distance သမားတွေ အပြင်ကျူရှင်တွေမှာ ကြေးကြီးကြီးပေး တက်စရာ မလိုတော့ပေ။ အနီးကပ်လေး ၁၀ ရက်တက် စာမေးပွဲဖြေချိန်လေးပဲ စာသင်ခန်းထဲမှာ ရှိနေတာထက်စာလျှင် တက္ကသိုလ်မြေကို ပိုမိုခြေချခွင့်ရှိလာမှာပါ။ တက္ကသိုလ်မှာ သင်သည့်ဆရာတွေများလည်း လေးစားမှုရှိလာပြီး စည်းကမ်းလိုက်နာသည့် ကျောင်းသားများ ဖြစ်လာနိုင်ပါသည်။ တက္ကသိုလ်မှာ သင်ရသည့် ဆရာများအနေဖြင့်လည်း Day တွေလည်းသင်၊ Distance တွေပါ သင်ရလို့ "သေမှာပေါ့" လို့ ညည်းညူမယ်ဆိုလျှင် Distance ကာလများမှာ လစာကို နှစ်ဆ(သို့မဟုတ်) သုံးဆလောက် တိုးပေးလျှင် အဆင်ပြေနိုင်လောက်လားမသိ။

ကျွန်တော် စဉ်းစားကြည့်မိပါသည်။ နောင်တစ်ချိန် သားသမီးများရလာ၍ "အဖေ တက္ကသိုလ်တက်ပြီး ပညာသင်ခဲ့တာ ဘယ်လိုလဲ "ဟုမေးလာခဲ့လျှင်

"အဖေတို့ ကျောင်းတက်တုန်းက အနီးကပ်လေး ၁၀ ရက်တက်ရတာတောင် အပြည့်မတက်ဘဲ နှစ်ရက်လောက်တက် စာမေးပွဲဖြေပြီး ဘွဲ့ရတာ" လို့တော့ ဖြေလို့မဖြစ်။ တက္ကသိုလ်ကို တစ်မျိုးထင်သွားလျှင်မကောင်း။ သည်တော့ ကိုယ်ဖတ်ဖူးသည့် ဆရာတက္ကသိုလ် ဘုန်းနိုင်၊ ဆရာ ဇဝန၊ ဆရာ မင်းလူ စာအုပ်တွေသာ ရှာဖတ်လို့ပြောရမည် ထင်ပါသည်။

ကျွန်တော် သည်လိုရေးလို့ အဝေးသင်တက်နေသည့်လူတွေ သုံးစားမရဘူး၊ အဝေးသင်ဘွဲ့အလကားပါလို့ ဆိုလိုခြင်းမဟုတ်ပါ။ အစိုးရအနေဖြင့် အဝေးသင်ကျောင်းသားတွေအတွက် သည်ထက်ကောင်းမွန်သည့် ပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်လျှင် ကောင်းမှာပဲဆိုသည့် စိတ်ဖြင့်ရေးခြင်းပါ။ ဘယ်သူမှ ထိခိုက်နစ်နာစေလိုသော စိတ်ဆန္ဒမပါပါကြောင်း. . . . . ။ ။

ဆောင်းပါး

# အဆင့်မြင့်ဗုံး

## ကြယ်မင်းပိုင်

စာဖတ်သူရဲ့ထံမှာ ဗုံးတစ်လုံး ရှိနေနိုင်ပါတယ်။ အဲဒီဗုံးဟာ ဝုန်းခနဲ ပေါက်ကွဲတတ်တဲ့ သာမန်ဗုံးမျိုးတော့ မဟုတ်ပါဘူး။ တဖြည်းဖြည်းနဲ့ တစ်စတစ်စ ပျက်စီးစေတဲ့ အဆင့်မြင့်တဲ့ ဗုံးတစ်လုံးဖြစ်တယ်။ အဲဒီဗုံးကြောင့် ပျက်စီးခဲ့ရတဲ့ မိသားစုတစ်စုအကြောင်း တကယ့်အဖြစ်အပျက်လေးတစ်ခုရှိခဲ့ပါတယ်။ အဖြစ်အပျက်ကလေးက ကြေကွဲစရာကောင်းသလို သင်ခန်းစာယူစရာလည်း ကောင်းလှပါတယ်။

ကျွန်တော်တို့ရွာမှာ ကိုဖိုးလှဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူ့မှာဇနီးနဲ့အတူ သားကလေးတစ်ယောက်၊ သမီးကလေးတစ်ယောက် ရှိတယ်။ သားလေးက လေးတန်းအရွယ်၊ သမီးလေးက ကိုးတန်းတက်နေတဲ့ အရွယ်ဖြစ်တယ်။ ကိုဖိုးလှဟာ ဇနီးဖြစ်သူနဲ့အတူ လယ်ယာလုပ်ငန်းကို ကြိုးစားလုပ်ကိုင်ပြီး ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ထားသူတစ်ယောက်ပါ။ သူတို့မိသားစုလေးဟာ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြတယ်။

မြန်မာနိုင်ငံမှာ ဖုန်းတွေခေတ်စားလာပြီး လူတိုင်းနီးပါး ဖုန်းဝယ်ကိုင်ကြတော့ ကိုဖိုးလှလည်း မြို့ကိုတက်ပြီး ဖုန်းတစ်လုံးဝယ်လိုက်တယ်။ ဖုန်းဝယ်ပြီး ပြန်လာတော့ အားရဝမ်းသာဖြစ်နေတဲ့ ကိုဖိုးလှရဲ့မျက်နှာမှာ ပြုံးလို့ရွှင်လို့။ အိမ်ရောက်ရောက်ချင်း ဇနီးဖြစ်သူနဲ့ သားသမီးတွေကို ဖုန်းဆက်ပြလိုက်သေးတယ်။

ဖုန်းဝယ်ပြီးခါစမှာ ကိုဖိုးလှတစ်ယောက် ဖုန်းကို ကျွမ်းကျွမ်းကျင်ကျင် မသုံးတတ်သေးပါဘူး။ facebook လည်းမသိ။ viber လည်း မသိ။ သီချင်းလေးနားထောင်လိုက်၊ video လေးကြည့်လိုက်၊ ဆွေမျိုးတွေဆီ ဖုန်းဆက်လိုက်နဲ့ အဆင်ပြေနေတယ်။ သားနဲ့သမီးကလည်း ဖုန်းကလေးကိုကြည့်ပြီး သဘောကျနေကြသလို ဇနီးဖြစ်သူကလည်း တပြုံးပြုံးနဲ့ပေါ့။ ဒါဟာ မုန်တိုင်းမလာခင် ရှေ့တော်ပြေး လေပြည်လေညင်းလေး တိုက်ခတ်နေခြင်းဖြစ်တယ်ဆိုတာကို သူတို့မသိခဲ့ကြဘူး။

ဒီလိုနဲ့ ဖုန်းကိုင်တာ ခြောက်လလောက်ကြာတော့ ကိုဖိုးလှတစ်ယောက် ဖုန်းကလိတတ်လာတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့ရဲ့ ဂုဏ်ကျေးဇူးကြောင့် viber ဆိုတာ ဘာလဲသိပြီ။ facebook ကိုလည်း အတော်လေး သုံးတတ်ပြီ။ အဲဒီအခါ အရင်လို ဇနီးမယား၊ သမီးသားတို့နဲ့အတူ သီချင်းနားမထောင်တော့။ video မကြည့်တော့။ တစ်ယောက်တည်းသာ ကလိပြီး တစ်ယောက်တည်းသာ ခွီနေတော့တယ်။ အားတဲ့အချိန်တိုင်း လိုင်းဖွင့်ကာ ဖုန်းကိုသာ ပွတ်နေတော့တယ်။

အဲဒီနောက်ပိုင်းမှာ အိမ်မှာအနေများတဲ့ ကိုဖိုးလှဟာ ဆိုင်ကယ်တစ်စီးနဲ့ ခဏခဏ ခရီးထွက်တတ်လာတယ်။ လယ်ယာလုပ်ငန်းမှာလည်း စိတ်ဝင်စားဟန်မပြတော့ဘဲ ပြီးစလွယ်သာ လုပ်တော့တယ်။ လယ်ထဲသွားရမယ့်အချိန်မှာ ရွာထိပ်က ကုက္ကိုပင်အောက်မှာ ထိုင်ချင်ထိုင်နေတတ်တယ်။ လက်ထဲမှာ ဖုန်းတစ်လုံးနဲ့ပေါ့။ ဘယ်အချိန်မှာဖြစ်ဖြစ် ကိုဖိုးလှကို ကြည့်လိုက်ရင် ဖုန်းပွတ်နေတာကိုသာ မြင်ကြရတော့တယ်။

နောက်ထပ် အချိန်ခြောက်လလောက် ကြာသွားတယ်။ တစ်နေ့မှာတော့ ကိုဖိုးလှရဲ့မိုက်မဲမှုဟာ ဘူးပေါ်သလို ပေါ်လာခဲ့တယ်။ ကိုဖိုးလှရဲ့သတင်းဟာ ရွာထဲမှာ ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ပြီ။ အဖြစ်ကတော့ ကိုဖိုးလှမှာ အငယ်မယား ရှိနေတယ်တဲ့။ အငယ်မယားလို့ဆိုပေမယ့် အတည်ယူဖို့မဟုတ်ဘဲ အပျော်ကြံခဲ့ခြင်း ဖြစ်တယ်လို့ဆိုတယ်။ ဒါပေမယ့် မယားငယ်ကအကွက်ချပြီး အပိုင်ကြံလိုက်တဲ့အတွက် ကိုဖိုးလှ ပြေးလို့မလွတ်တော့ပါ။ လည်လွန်းတဲ့ဘီးချိုးနင်းမိဆိုသလို ဖြစ်ခဲ့လေပြီ။ သူတို့မိသားစုကလေးကို ကံကြမ္မာဆိုးဝင်ခဲ့လေပြီ။ သြော် - ကံဆိုတာလည်း အလုပ်ပဲ မဟုတ်ပါလား။

အခုအချိန်မှာ ကိုဖိုးလှတို့ မိသားစုကလေးမှာ ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းခဲ့လေပြီ။ မရှုံးရုံတမယ် ကြေကွဲခံစားခဲ့ရတဲ့ ဇနီးဖြစ်သူမှာ ပိန်လှီပြီး အရိုးပေါ်အရေတင် ဖြစ်နေလေတယ်။ စိတ်ထောင်းတော့ ကိုယ်ကြေဆိုတဲ့ ဆိုရိုးစကားလိုပဲ သူ့ခမျာ ဘယ်လောက်တောင် စိတ်ပင်ပန်း ဆင်းရဲခဲ့ရှာမလဲ။ ဒီတော့မစားနိုင် မသောက်နိုင် တမှိုင်မှိုင်နဲ့ ကျန်းမာရေးလည်း ချို့ယွင်းခဲ့လေပြီ။ အပျိုဖော်ဝင်စ သမီးကလေးနှင့် အသိမကြွယ်သေးတဲ့ သားငယ်ကလေးတို့မှာလည်း လူ့လောကအလယ်မှာ သိမ်ငယ်စွာနဲ့ ဘဝခရီးကို စိတ်ပင်ပန်းစွာ လျှောက်နေကြရရှာတယ်။ ကိုဖိုးလှကတော့ မယားနှစ်ယောက်ကြား ဗျာများရင်း သူ့မိုက်ပြစ်အတွက် နောင်တရနေလေမလား မသိ။

ဒီအဖြစ်အပျက်ကလေးနဲ့ ပတ်သက်ပြီး ကျွန်တော် စဉ်းစားကြည့်မိတယ်။ ကိုဖိုးလှဟာ ဖုန်းထဲကတစ်ဆင့် ဖောက်ပြန်ခဲ့တာ ဖြစ်တဲ့အတွက် တရားခံက ဖုန်းဖြစ်တယ်လို့ ပြောလို့ရနိုင်ပါမလား။ မရနိုင်ဘူးလို့ ထင်ပါတယ်။ လူတိုင်းနီးပါး ဖုန်းသုံးကြပေမယ့် လူတိုင်း ကိုဖိုးလှလို အဖြစ်မျိုးမကြုံပါ။ တကယ်တော့ လူတစ်ယောက်ရဲ့ မူလစိတ်အရင်းခံသာ အဓိကဖြစ်တယ်။ ဒါပေမယ့် လူတို့ရဲ့စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တတ်တယ် မဟုတ်ပါလား။ အဲဒီအခါမှာ ဖုန်းဆိုတာ မကောင်းမှုကို ပြုဖြစ်အောင် လမ်းခင်းပေးတဲ့ တံတားသဖွယ် ဖြစ်လာတော့တယ်။ သတိတရားနဲ့ မဆင်ခြင်နိုင်သူတို့မှာ ဒုက္ခရောက်ကြရတော့တယ်။

ဖုန်းတွေ ပေါ်လာတဲ့အတွက် ကောင်းကျိုးတွေ အများကြီး ရှိပါတယ်။ သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး ဆိုသလိုပါပဲ။ အကျိုးရှိအောင် သုံးမယ်ဆိုရင် များစွာအကျိုးရှိပါတယ်။ တလွဲသုံးကြမယ် ဆိုရင်တော့ ဆိုးကျိုးတွေအများကြီး ဖြစ်လာနိုင်တယ်။ ဖုန်းကို မှန်ကန်စွာ အသုံးမပြုဘူးဆိုရင် မိမိတို့ရဲ့ အချိန်တွေကို အကျိုးမဲ့ ကုန်ဆုံးစေတဲ့၊ တိုးတက်မှုကို ဖျက်ဆီးနိုင်တဲ့၊ မိမိရည်မှန်းချက်နဲ့အတူ မိမိဘဝကိုပါ တစ်စစီ ပျက်စီးသွားစေနိုင်တဲ့ ဗုံးတစ်လုံးသဖွယ် အန္တရာယ်ရှိလှပါတယ်။

ကိုဖိုးလှဟာ ဖုန်းတစ်လုံး ဝယ်ခဲ့တယ်။ ဒါပေမယ့် ပျော်ရွှင်အေးချမ်းနေတဲ့ သူတို့မိသားစုကို ပြိုကွဲပျက်စီးသွားစေတဲ့ ဗုံးတစ်လုံး ဖြစ်ခဲ့ပါတယ်။ အခု ကျွန်တော့် လက်ထဲမှာ ဖုန်းတစ်လုံးရှိတယ်။ စာဖတ်သူရဲ့ လက်ထဲမှာလည်း ဖုန်းတစ်လုံးရှိနေနိုင်ပါတယ်။ ကျွန်တော်တို့ လက်ထဲမှာရှိနေတာ ဖုန်းလား ဗုံးလား ဆိုတာတော့ ကျွန်တော်တို့ အပေါ်မှာပဲ မူတည်ပါတယ်။ ။

ဝတ္ထုတို

# ကျွန်မဘဝရဲ့ အတ္ထုပ္ပတ္တိ

■ ရင်နွေငြိမ်း



ဒူဝေဝေ ကြေးစည်သံနဲ့အတူ ငိုသူကငို အော်သူက အော်နဲ့ စည်ကားနေတဲ့ ကျွန်မရဲ့ ရုပ်အလောင်း လှပနေတဲ့ ခေါင်းရှေ့မှာ ပန်းခြင်းလေးတွေက ဝေဝေဆာဆာ။ ဒီဘဝတော့ တစ်ဘဝစာ ဝဋ်ကျွတ်သွားပြီပေါ့။

ကျွန်မအကြောင်းကိုပြောရရင် အတိတ်ကံနည်းတဲ့ ဘဝမှာ အူဝဲ လို့ အော်ငိုတတ်တဲ့အရွယ်ထဲက အမေက မရဏဆိုတဲ့သေလမ်းကို အစောကြီး ထွက်ခွာသွားခဲ့တာ။ လူမမယ် အစ်မနှစ်ယောက်နဲ့ ရေခဲတုံးလို အေးစက်တဲ့ အဖေ။

ကျွန်မဘဝ ထာဝရအေးအေးချမ်းချမ်း ဘေးသင်းစေဖို့ နာမည်ကို "မအေးသန်း"လို့ပေးခဲ့တယ်။ အများခေါ်တဲ့ မအေးပေါ့။ ပညတ်သွားရာ ဓာတ်သက်ပါနေလို့လားမသိဘူး။ မအေး မိအေး အေးအေး ဘယ်တော့မှ မအေးရတဲ့ ဘဝပါ။

ကျွန်မတို့ဇာတိက မအူပင်ဇာတိလေ။ ကျွန်မဒေါ်ဒေါ် ပြောတာကတော့ ကျွန်မကလည်း မွေးကာစလေး အစ်မနှစ်ယောက်ကလည်း လူမမယ် ဘာမျှမလုပ်တတ်တာနဲ့ အမေ့ညီမ ဒေါ်ဒေါ်က အဖေ့ဆီကနေ ညီမသုံးယောက် စလုံးကို ရန်ကုန်ကို ခေါ်ခဲ့တာတဲ့။

ဒေါ်ဒေါ်က ဈေးသည်ဆိုတော့ ကျွန်မတို့ ညီအစ်မ သုံးယောက်လည်းမသင်ပဲ အမြင်နဲ့တတ်တဲ့ ဈေးသည်ဆိုတဲ့ဘွဲ့က ရခဲ့တယ်လေ။ သုံးယောက်ထဲမှာ ကျွန်မက ဈေးလက်အကောင်းဆုံးလို့ ဒေါ်ဒေါ်ကပြောတယ်။

အရွယ်လေးကနုနယ် ရုပ်လေးလှပတော့ ကျွန်မကို ပိုးပန်းသူတွေများ မျက်စိနောက်လောက်အောင်ပါ။ ဘဝကံကနည်း ပညာကမတတ်တဲ့ ကျွန်မဘဝမှာ ရုပ်ရည်ကချောမော ပညာတတ်တဲ့သူ့ကို ကျွန်မသဘောကျမိတယ်။ သူက ငါးဒိုင်ပိုင်ရှင် သူဌေးရဲ့သား "ကိုကိုမြင့်" ငါးဝယ်ရင်း အကြည့်ချင်းဆုံ ရင်ခုန်။ ဒိုင်တစ်ခါသွားခါနီးတိုင်း ပြင်လိုက်ရတဲ့အလှ မကြာပါဘူး။ ချစ်သူဖြစ်ခိုးရာလိုက်ပြေးခဲ့တာပါပဲ။ စဉ်းစားဉာဏ်မရှိတာလည်း ပါတာပေါ့။

"ဩော်" ပြောဖို့ မေ့နေတယ်။ အခု ကျွန်မရဲ့အလောင်းရှေ့မှာ ငိုနေတာ ကျွန်မရဲ့ ဒုတိယအိမ်ထောင်လေ။ ပညာမတတ်ပေမယ့် အရောင်းအဝယ်မှာ တတ်လွယ်တဲ့ ကျွန်မကို ကိုကိုမြင့် မိဘတွေက သဘောကျကြတယ်။ မမအေး မမအေး အေးအေးဆိုတာ ဘဝတူ ငါးသည်မတွေရဲ့ အလယ်မှာ ကျွန်မတော့ အနူတောမှာ လူချောပါပဲ။ ငွေကလည်း ရှာသလောက်ရနေတဲ့အချိန်ဆိုတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ခဲ့ဘူး။ စီးပွားရေးကလည်း ဒီရေအလားပါပဲ။ ကိုကိုမြင့်ကို ကျောင်းဆက်တက်စေပြီး ငွေကိုရှေ့ကနေ အသည်းအသန် ကျွန်မရှာခဲ့တယ်။

ကျွန်မဆီမှာ ငါးအကြွေးဝယ်တဲ့သူတွေဆီကို ကိုကိုမြင့်ကို အကြွေးသွားတောင်းစေခဲ့တယ်။ အဲဒီမှာ ကိုကိုမြင့် တစ်ယောက် ထားထားဆိုတဲ့ မိန်းမနဲ့ဖောက်ပြန်နေတာ ကျွန်မမသိဘူး။

တွေ့တဲ့သူတွေက စကားကို လှပအောင်ပြောပြီး ကျွန်မနားကို ရောက်စေခဲ့တယ်။ ဘယ်သူပြောတာမှ ကျွန်မမယုံခဲ့ဘူး။ နောက်ဆုံးအစ်မအရင်းက လာပြောတာတောင် ကျွန်မလက်မခံခဲ့ဘူး။ ယုံခဲ့မိတာကိုး။

နောက်ပိုင်း လူပြောများလာတော့ "ကိုကို" အေးသတင်းတွေ ကြားနေတာ အမှန်ပဲလားဟု မေးလိုက်တော့ တွေဝေခြင်းမရှိ ကိုကိုမြင့် ပြန်ဖြေလေသည်။

အေးရယ် ကိုကိုက အဲလိုလူစားမျိုးလား။ အေး အသိဆုံးပါ ကိုကို့မိန်းမကလွဲလို့ ဘယ်သူကိုမှ စိတ်မဝင်စားပါဘူးကွာ။ ကျောင်းစာတစ်ဖက်နဲ့ ကိုကို့မိန်းမကို အချစ်ဆုံးပါ။ ဘေးပြောတာထက် ကိုကိုပြောတာကို ယုံပါအေးရယ်ဟု လေပြည်လေးနဲ့ပြောတာ။ ငတုံး ကျွန်မက ကျေနပ်သွားခဲ့သည်။ ငါ့အပေါ် သူဒီလောက်ချစ်တာ မလုပ်ပါဘူးဟု ယုံခဲ့မိသည်။

အဲလိုအယုံကောင်းလို့ ကိုကိုမြင့်ရဲ့ ပိရိမှုတွေက ထားထားကလေးရမှ ကိုကိုမြင့် ညာထားသမျှ ဘူးပေါ်သလိုပေါ်လာတော့တာပဲ။ ရက်စက်လိုက်တာ လုပ်ရက်လိုက်တာ။ ကျွန်မမှာ သူ့ကိုယုံလိုက်ရတာ။ ရှေ့ကနေ ရှာလိုက်ရတဲ့စီးပွား။ ယုံမိလို့ မျက်လုံးစုံလုံးကန်းတော့မှာ အမှောင်ကမ္ဘာထဲ ရောက်သွားသလိုပါပဲရှင်။

ကိုကိုမြင့် မိဘတွေက ကျွန်မကို အပြစ်ပြောကြတယ်လေ။ အထိန်းသိမ်း မကောင်းလို့တဲ့ရှင်။ သူနဲ့ကွဲပြီး လမ်းမတော်ဈေးထဲမှာ ငါးပြန်ရောင်းခဲ့တယ်။ အပြောချိုလက်ပိုတဲ့ကျွန်မ သိပ်မကြာပါဘူး။ လမ်းမတော်ဈေးထဲမှာ မိအေးငါးဆိုင်ဆို မသိသူမရှိသလောက်ပါပဲ။ ဘာကိုရောင်းရောင်း စေတနာထည့်ရောင်းလို့ ပြောခဲ့ဖူးတဲ့ ဒေါ်ဒေါ့်စကားကို လိုက်နာမိတာ ကျွန်မအတွက် ဈေးရောင်းကောင်းခဲ့သည်။ စီးပွားရေးကလည်း ပြန်လို့ အဆင်ပြေခဲ့သည်။

အဲဒီမှာ ကိုဗညားဆိုတဲ့လူနဲ့ ကျွန်မတွေ့ခဲ့သည်။ အေးရယ် အေးဘဝကို မောင်ကယ်ပါရစေတဲ့။ ခဲမှန်ဖူးတဲ့ စာသူငယ်လို ကျွန်မကြောက်မိတယ်။ ဒါပေမယ့် အကြင်နာပိုတဲ့ သူ့စေတနာက ကျွန်မရင်မှာ ကြည်နူးမိတာ အမှန်ပါ။ သူနဲ့ အသွားအလာကများလားတော့ တစ်ခုလပ်ဆိုတဲ့ ကျွန်မတစ်ယောက် ပတ်ဝန်းကျင်ကို ဂရုစိုက်လာမိတယ်။

လူပျို လူလွတ်ဖြစ်တဲ့ သူနဲ့ကျွန်မ ဘဝတစ်ခုကို ထူထောင်ခဲ့တယ်။ ကိုဗညားက အပြောကို ချိုနေအောင်ပြောတတ်သူ။ ဒါပေမယ့် ကျွန်မကံမကောင်းခဲ့ပါဘူး။ သူက လူပျိုပါဆိုပြီး ကျွန်မဘဝထဲ ဝင်လာခဲ့ပေမယ့် မင်းသားခေါင်းက ကြာကြာမဆောင်းထားနိုင်ခဲ့ပါဘူး။ အိမ်ထောင်ကျပြီး ငါးလလောက်ကြာတော့ ကိုဗညားတစ်ယောက် ညဘက်ဆို မအိပ်ဘူး။ ဘာဖြစ်လို့လဲမေးတော့ မဖြေဘူး။ အေးစိတ်ညစ်မှာဆိုးလို့ မောင်မပြောရစေနဲ့ဟု ပြောလေသည်။

လူဆိုတဲ့သဘောက မပြောရင် ပိုသိချင်ကြတော့ ရအောင်ချော့မေးလိုက်သည်။ သူက လူပျိုမဟုတ်ကြောင်း ကလေးနှစ်ယောက်ရှိတယ်တဲ့။ "ဘုရား" ကျွန်မခေါင်းကို မိုးကြိုးပစ်လိုက်သလိုပါပဲ။ ကျွန်မ ပထမအိမ်ထောင်နဲ့တောင် ကလေးမရခဲ့ဘူး။ သူက ကလေးနှစ်ယောက်အဖေဖြစ်နေတာကို ဘာကြောင့် လိမ်ညာခဲ့တာလဲ။ ရှင် အတော်ရက်စက်သူပဲဟု အော်ဟစ်ငိုကာ ထုရိုက်လိုက်သည်။ ပါးပြင်က မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း အခု ရှင့်မိန်းမကောဟု မေးလိုက်တော့ သူနဲ့က ကွာရှင်းပြီးသားပါ။ ကလေးတွေက အစ်မတွေနဲ့ ထားထားရတယ်။ အခု သူတို့ကို မောင်ခေါ်ထားချင်တယ်အေးရယ်ဟု စကားလုံးအနုအလှ လေပြည်တွေနဲ့ ကျွန်မကို ချော့ပါလေတော့သည်။ ဒါပေမယ့် အေး စိတ်ညစ်မှာ မောင်မလိုဘူး အေးရယ်ဟု မျက်ရည်ပါကျပြလေတော့ နောက်ဆုံး ကျွန်မအရှုံးပေးကာ လက်မြှောက်လိုက်ရလေသည်။

သွားခေါ်ပေါ့။ သူ့ကိုချစ်မိမှ သူ့သားသမီးကိုလည်း ကြည်ဖြူရတော့မှာပေါ့။ အကြီးမလေးက လေးနှစ်။ အငယ်ကောင်လေး နှစ်နှစ်။ သေးမလွတ်၊ ချေးမလွတ်နဲ့ ကျွန်မဘယ်လိုများထိန်းကျောင်းရပ့ါမလဲ။ ကိုဗညား မနေ့က ဆုမဲရလာတဲ့ထဲက ငွေငါးသောင်းပျောက်နေတယ်။ ရှင်ယူမိသေးလားဟု မေးလိုက်တော့ မယူပါဘူးကွာ။ သေချာရှာကြည့်ပါဦးဟု ပြောလေသည်။

မဟုတ်သေးဘူးနော် ဒီအိမ်မှာ ရှင်နဲ့ ကလေးနှစ်ယောက်ပဲ ကျန်ခဲ့တာလေဟု ပြောသောအခါ မယူပါဘူးဆိုကွာဟု ခပ်တိုတိုခပ်ပြတ်ပြတ်ပြောသော ကိုဗညားကို ကြည့်ရင်း စိတ်ထဲမှာ သိနေသလို ခံစားမိလေသည်။

သိပ်မကြာပါဘူး။ ကိုဗညားတစ်ယောက် ကျွန်မဈေးသွားနေတဲ့အချိန် ဖဲသွားသွားရိုက်နေတယ်ဆိုတဲ့ သတင်း ကြားရပါလေရော။

"ရှင်နော် ဖဲရိုက်နေတာ ကျွန်မသိတယ်"

"နောက်မှ မအေးကို အပြစ်မပြောနဲ့"ဟု ဒေါသမပါ အေးဆေးစွာ ပြောလိုက်သည်။

အချော့တစ်မျိုး အခြောက်တစ်ဖန် ပြောပေမယ့် ကိုဗညားကတော့ ပြန်မပြော နားမထောင်တဲ့လူစား။ ကိုဗညား ရှင်ကလေ လွယ်အိတ်လိုလူစားမျိုး။ ရှေ့က မသွားသလို နောက်ကလည်း အေးဆေးမလိုက်ဘူး။ ဘေးတိုက်လိုက်လာပြီး ကျွန်မကို နည်းမျိုးစုံနဲ့ ဒုက္ခပေးနေတာဟု ပြောလိုက်သည်။

အသက်အရွယ်လေးရလာတော့ သူတစ်ပါး အသက်တွေကို မသတ်ချင်တော့တာ အမှန်ပါ။ ဈေးသာရောင်းနေရတာ ခေါင်းကမူးချင်သလိုဖြစ်နေလို့ ဈေးဗန်းထဲ ငါးခူတွေကို ကြည့်ရင်း "အင်း နင်တို့ကိုလည်း ငါမသတ်ချင်တော့ပါဘူးဟယ်" ဟု ရေရွတ်ကာ တစ်ကောင်ချင်းစီယူပြီး ကုပ်ကနေ ချိုးနေမိ၏။

အရင်းထဲကနေ လစ်ရင်လစ်သလို ခိုးနေတဲ့ အိမ်တွင်းသူခိုးရှိနေမှတော့ ဈေးရင်းပြုတ်တာ ဘာဆန်းလဲဟု ကျွန်မအော်ဟစ်ဆူဆဲလိုက်သည်။ မင်းစကားကို ကြည့်ပြောငါမယူဘူးဟု ငြင်းနေသော လင်ဖြစ်သူကို ကြည့်လိုက်ပြီး "အေး ရှင်မခိုးရင် ဒီက မိအေးလား ဒီအိမ်မှာ ကလေးနှစ်ယောက်ရယ် လူကြီးနှစ်ယောက် ရယ်ပဲရှိတာ၊ စဉ်းစားကြည့်ပါ ကိုဗညား၊ အခု သူများဆီက နေ့ပြန်တိုးနဲ့ ဆွဲရင်းနေရတာနော်၊ နည်းနည်းတော့ လူလိုသိပါ"ဟု ပြောလိုက်တော့ ကိုဗညားတစ်ယောက် ခြေသံပြင်းပြင်းနဲ့ထွက်သွားရင်း အိမ်ရှေ့က ရေအိုးကို ခြေထောက်ဖြင့် ကန်သွားလေသည်။

နောက်ပိုင်း ဗညားတစ်ယောက် အရက်သေစာပါ သောက်တတ်လာခဲ့သည်။ လူမှန်းမသိအောင် မူးလာရင် ကျွန်မနဲ့ အော်ကြီးဟစ်ကျယ် လူကြားမကောင်းတဲ့ အဆဲအဆိုတွေပါ ပါလာတော့သည်။

ကျွန်မတို့ မိန်းမသားဘဝတွေက အိမ်ထောင်ရေးကံ အရေးကြီးဆုံးလို့ ကျွန်မထင်မိတယ်။ ပထမအိမ်ထောင်နဲ့တုန်းက ဖောက်ပြန်တာခံရတယ်။ ဒုတိယ အိမ်ထောင်ကျတော့ အသောက်အစား၊ လောင်းကစား နှစ်ခုစလုံးက မလွတ်ပြန်ဘူး။

ငါ လူဖြစ်လာထဲက ဘယ်သူ့ကိုမှ မကောင်းစိတ်မမွေးခဲ့ပါဘူး။ ဒါပေမယ့် ငါဘာကြောင့် ဒီလို လူတွေနဲ့လာတွေ့ရတာလဲဟု ဝမ်းနည်းစွာတွေးနေမိတယ်။ အတိုးနဲ့ချေးလာတဲ့ ငွေတွေကို ဘယ်လိုရှင်းရပ့ါမလဲဟုတွေးရင်း ရင်ဘက်ထဲက အောင့်လာခဲ့သည်။

ခုနောက်ပိုင်း ဗိုက်ကအောင့်တာ စိပ်လာတော့ အောင့်လိုက်ရင် အသည်းဘက်ခြမ်းက မာမာကြီးနဲ့ အသက်ရှူလို့မရအောင် အောင့်နေတော့သည်။

နီးရာဆေးခန်းကို သွားပြတော့ အန်တီ အသည်းကို ဓာတ်မှန်ရိုက်ပါတဲ့လေ။

ခြေလက်တွေကောင်းတုန်းက ရှာလိုက်သုံးလိုက်နဲ့ တုံးလုံးစာ မတ်တတ်စာ ဆိုတာ တွေးတောမိပေမယ့် စုလို့မရအောင် ငွေယိုပေါက်တွေ ယိုနေတော့ ဆေးရုံဆေးခန်းဆိုတာကို ဝေးဝေးရှောင်နေမိခဲ့တယ်။

"ဟဲ့ ဗညား ငါ့တို့ညီမ သေတော့မယ်၊ ဆေးရုံကို နင်ပို့ဖို့ စိတ်မကူးဘူးလား"ဟု အစ်မတွေက ဆူဆဲပြောလေတော့သည်။

"အစ်မတို့ညီမက ဆေးရုံမှာသေမယ့်အစား အိမ်မှာပဲ သေမယ်တဲ့လေ၊ ကျွန်တော်ပြောတာပဲ ကျွန်တော့်စကားကို နားမှမထောင်တာ"ဟု အာလေး လျှာလေးအသံနဲ့ ပြန်ပြောလေ၏။

ငါ့ညီမ နင့်အသက်ထက် ဘာမှ တန်ဖိုးမရှိဘူး။ လာ ဆေးရုံသွားမယ်ဟုပြောကာ လိုအပ်တာတွေထည့်ပြီး အစ်မအကြီးဆုံး ငှားလာတဲ့ကားနဲ့ ရန်ကုန်ဆေးရုံကြီးကို ကျွန်မရောက်ခဲ့သည်။ စိတ်ထဲမှာ ဖြစ်ပေါ်နေတာ ဝမ်းနည်းနေသလို ခံစားမိလေသည်။ မိမိအိမ်လေးကို ပြန်လာရပ့ါမလား သေခြင်းတရားနဲ့ရင်ဆိုင်တော့မလားဟု ဝမ်းနည်းစွာ ဗိုက်ကိုလက်ဖြင့်ဖိထားရင် မျက်ရည်တွေက ကျလာလေတော့သည်။

ဆေးရုံက ဆေးစစ်ချက်အရ ကျွန်မအသည်းမှာ အနာဖြစ်နေတာတဲ့။ အစ်မတွေ တိုးတိုးပြောနေသောစကားသံက ကျွန်မနားထဲမှာ အလွန်ကျယ်လောင်လွန်းလှပါတယ်။

ညီမလေး သနားပါတယ်။ ရောဂါက လွန်နေပြီတဲ့လေ။ ကျွန်မလက်မှာ ဆေးတွေသွင်းထားတဲ့ အရှိန်က လူကိုမှိန်းနေစေခဲ့တယ်။ အအောင့်သက်သာအောင် ဆေးတွေသွင်းထားလို့ မျက်ခွံတွေ လေးလံနေပေမယ့် ကျွန်မစိတ်ဝိညာဉ်က ကျွန်မ ခုတင်ရှေ့နားက ကောင်မလေးဘေးကို ရောက်သွားတယ်။

သမီး ဘာလို့ ငိုနေတာလဲဟု ကျွန်မ မေးလိုက်တော့ ရှေ့တည့်တည့်ကို လက်ညှိုးထိုးပြရင်း သမီး အဲဒီကို သွားရတော့မှာတဲ့။ သူမပြသောနေရာကို ကြည့်လိုက်တော့လည်း ဘာမှမတွေ့ပါ။

သမီး ဘာကိုမြင်လို့လဲဟု ထပ်မေးလိုက်တော့ အဲဒီမှာ လူတွေကို အိုးထဲထည့်လှော်နေတာ အန်တီမတွေ့ဘူးလားတဲ့။ အဲဒီကို ကျွန်မသွားရတော့မှာ ကျွန်မကြောက်တယ်ဟု ပြောရင်း ကျွန်မဆီပြေးလာတော့ သည်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ ခုတင်ပေါ် အပြေးတက်လိုက်လေ၏။

ညီမလေး မိအေး သတိရလာပြီလားဟု ဘေးနားက အသံတွေကြောင့် ကြောက်တဲ့စိတ်တွေက ခုထိ မပျောက်သေးပါ။ တော်သေးတယ် ညီမရယ် သတိမေ့နေတာ နှစ်ရက်ပြည့်ပြီဟု အစ်မလတ်က ပြောသောအခါ ကျွန်မ မေ့နေတာပါလား။ ဒါဆို ရှေ့ခုတင်ကိုကြည့်ရင်း ဟိုခုတင်က ကလေးမလေး ဆေးရုံက ဆင်းသွားပြီလားအစ်မဟု မေးလိုက်မိသည်။

အင်း ဆုံးသွားရှာပြီ မနေ့ကပဲ သနားပါတယ်။

ဘုရား ဒါဆို ဒီကောင်မလေး သွားမယ့် လမ်းက ကျွန်မ အလွန်ကြောက်သွားမိသည်။ ကုသိုလ်ဆိုတာ ဘာမှ မပါတဲ့ ကျွန်မကရော ဘယ်ဘုံဘဝကို ရောက်မှာလဲ။ သေခြင်းတရားနဲ့ ကျွန်မ ရင်ဆိုင်နေတဲ့ အချိန်မှာ ကိုဗညားတစ်ယောက် ဘာတွေလုပ်နေသလဲ။ အားလုံးစားဖို့ သူတစ်ပါးအသက်ကို အလွယ်တကူ သတ်ခဲ့မိတဲ့ ကျွန်မ ငါးခူတွေကို ခေါင်းကစလို့ ချိုးသတ်မိတဲ့ ကျွန်မ အိမ်ရှေ့ဆွမ်းလာရပ်လို့မှ မလောင်းနိုင်ခဲ့သော ကျွန်မကကော ဘယ်သွားရမှာလဲ။ မျက်ရည်တွေသာကျရင်း အသက်ကို လုနေမိသည်။ ညီမလေး သတိထားလေဟု ငိုသံပါနဲ့ပြောသော အစ်မကြီးရဲ့ စကားသံက နားထဲ မဝင်တဝင်။ ဘုရားကိုအာရုံပြုထား ညီမလေးဟု အစ်မလတ်စကားကို ပီသစွာကြားလိုက်ရတော့ လက်ကို မနိုင်တနိုင် မြှောက်လိုက်ပြီး ဘုရားကို အာရုံပြုဖို့ လက်အတင် ကျွန်မ မည်းမှောင်တဲ့ တောအုပ်ထဲ ရောက်သွားပါလေတော့သည်။ ။

ကြေးမုံ
အထူးကဏ္ဍ

ဝတ္ထုတို

# ပဲကြီးလှော် တစ်ဆယ်သား

ကိုးငယ်မင်း(လယ်ဝေး)

**အခန်း ၁**

“ဆိုင်ကယ် ကယ်ရီအားလား”

သူ နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီ ထိုးလုမည်။ ‘ကို ဆယ့်နှစ်မထိုးမီ ဆိုင်မှာ ရောက်နေပါစေနော်’နားထဲ ပြန်လည်ကြားယောင်မိ၏။

“မအားတော့ဘူး ညီ”

သူ ဘာမှမတွေဝေတော့ဘဲ အပြတ်အသတ် ငြင်းဆန်လိုက်သည်။ ပန်းနု ချိန်းထားသည့်ဆိုင်သို့ အချိန်မီ ထွက်ခွာလာခဲ့သည်။

အပြင်က နေအလွန်ပူသည်။ ပန်းနု ချိန်းထားသည့် နေရာကဝေးသည်။ သို့သော် နှလုံးသား၏ အလိုဆန္ဒ တစ်ခုက ပြင်းထန်နေခဲ့ပြီမို့ ဝေးသည်ဟုပင် မထင်တော့။ နှလုံးသားတစ်ခုက ဝေးသောခရီးကို နီးစပ်လာအောင် ဖန်တီးစေနိုင်၏။

စားသောက်ဆိုင်အတွင်းသို့အဝင် အဲကွန်းလေက အေးစိမ့်စိမ့်။ နေပူထဲမှလာခဲ့ရပြီး ချွေးတရွှဲရွှဲဖြစ်နေသည်ကို ချွေးတိတ်စေသည်။ ဆိုင်အတွင်း ဖျန်းထားသည့် အမွှေးရနံ့က ခပ်သင်းသင်း။ သပ်ရပ်စွာ စီရီထားသော ထိုင်ခုံများ၊ အခင်းအကျင်းများ။ အဆင့်မြင့် စားသောက်ဆိုင်မှန်း မပြောလည်း အခင်းအကျင်း အပြင်အဆင်များကို ကြည့်လျှင် သိနိုင်သည်။

စားပွဲခုံပေါ် ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုးကောင်လေးက ကိုင်းကိုင်းညွတ်ညွတ် ရောက်လာပြီး. . .

“ဘာများ သုံးဆောင်ပါမလဲဗျ”

သူ ခေါင်းခါလိုက်ရင်း. . .

“ရေသန့်တစ်ဘူး ချပါ၊ ပြီးမှ ထပ်မှာမယ်”

သူ့အင်္ကျီကို ပြန်နမ်းကြည့်မိသည်။ နေပူစပ်ခါး ဆိုင်ကယ်ကယ်ရီဆွဲလာခဲ့ရသည်မို့ ချွေးနံ့က အင်္ကျီတွင် စွဲကပ်နေလေပြီ။ သူ၏ နံစော်နေသော ချွေးအနံ့အသက်ကို ပန်းနု နှာခေါင်းရှုံ့သွားမည်ကို စိုးရိမ်လာ၏။

စုပြုံထည့်ထားသည့် အိတ်ကပ်ထဲမှ ပိုက်ဆံတို့ကို ထုတ်၍ တစ်ရွက်ချင်း စီလိုက်သည်။

ယနေ့ ဆိုင်ကယ်ကယ်ရီ သိပ်မလိုက်ရသေးပါ။ ပိုက်ဆံရှင်းလျှင် လောက်ပါ့မလား အတွေးတို့က ရင်ကို ဒိတ်ခနဲ ပြေးဆောင့်သည်။

“ဘာမှ မမှာထားဘူးလား”

အနောက်မှ ဖောက်ထွက်လာသည့် ပန်းနု အသံကြောင့် သူနောက်လှည့်ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

ဝိတ်တာလေးကို လက်ကာပြကာ လှမ်းခေါ်လိုက်၏။ ပန်းနု မှာကြားရန် မီနူးလေးထိုးပေးလိုက်သည်။

ပန်းနု မျက်နှာကလေးကို သူ တစိမ့်စိမ့် ငေးကြည့်နေမိသည်မှ ကြည့်၍မဝနိုင်။ ပန်းနုသည် နာမည်နှင့်လိုက်အောင် မျက်နှာလေးက ပန်းနုရောင် ယှက်ပြေးနေသည်။ ညို့ငင်ဖွယ်ကောင်းလှသည့် မျက်ဝန်းနက်တစ်စုံက သူ့နှလုံးသားကို ရစ်နှောင်ဖွဲ့လျက်။

ပန်းနုနှင့် သူ ချစ်သူသက်တမ်းမှာ လေးနှစ်ကျော်ခန့်ပင်ရှိခဲ့ပြီ။ သူ ပန်းနုကို ပိုင်ဆိုင်ချင်လှပြီ။ ရှုမဝသည့် ပန်းနုအလှတွေကို တခြားပုရိသတို့ အကြည့်မခံနိုင်ပါ။ ပန်းနုကို သူ စိတ်မချတော့။

“ကို မှာလေ. . .” အတွေးစတို့ လွင့်ပြယ်သွားရ၏။ သူ ရှက်အမ်းအမ်းနှင့် ပြုံးရယ်ရင်း. . .

“ထမင်းဖြူတစ်ပွဲဆို ရပြီ” စာပွဲထိုးလေး မီနူးကတ်ကို ယူကာ လှည့်ထွက်သွားတော့. . .

“ကို ဘာတွေတွေးပြီး ပြုံးနေတာလဲ”

“ပန်းနုကို ကိုယ် လက်ထပ်ချင်လှပြီ၊ စိတ်မချတော့ဘူးကွာ. . .”

ပန်းနုသည် ပြုံးတော့မလိုလိုနှင့် မျက်မှောင်ကျုံ့၍ ကြည့်လေသည်။

ဖြူနုသွယ်လျနေသော ပန်းနု လက်ကလေးကို မရဲတရဲ ကိုင်လိုက်သည်။ ထိုအထိအတွေ့တစ်ခုကို အစက လက်ခံသယောင်ယောင်နှင့် ငြင်းဆန်ချင်သည့် အနေအထားသို့ ချက်ချင်းကူးပြောင်းသွား၏။ သူမ တစ်ခုခုကိုတွေးပြီး စိတ်အလိုမကျသည့် အသွင်အပြင်။ ဆုပ်ကိုင်ထားသည့် သူ့လက်ကို ဖယ်ခါလေသည်။

“ပိုက်ဆံစုမိပြီလား”

သူ ပြန်ဖြေရခက်သွားစေသည့် စကားတစ်ခွန်း။ လတ်ဆတ်ချိုမြိန်လှသော အတွေးတို့ကို ရိုက်ချိုးပစ်စေသည့် မေးခွန်းတစ်ခု။ ပန်းနုကို သူ အားနာစွာ ပြန်ကြည့်မိသည်။

“ကိုနော်. . . ပန်းနုကို ဟင်းရွက်ကန်စွန်းလို သဘောထားမယ်မကြံနဲ့၊ ပန်းနုကို လက်ထပ်မယ်ဆိုရင် ပန်းနု ဖြစ်စေချင်တဲ့အတိုင်းကို လုပ်ပေးရမှာနော်၊ ကို ကတိလည်း ပေးထားတယ်နော်. . . မမေ့နဲ့”

သူ အရှက်ပြေ ပြုံးရယ် ခေါင်းညိတ်ရုံမှလွဲ၍ အခြား မတတ်နိုင်သေးပါ။ စုထားသည့် ငွေကလည်း ပြည့်သေးမည်မထင်။

သူ ပန်းနုကို ပိုင်ဆိုင်ချင်လှပြီ။ သို့သော် ပန်းနုကို ကတိတစ်ခုပေးထားသည်မို့ ထိုကတိကိုလည်း တည်ချင်သည်။ ပန်းနုကို စိတ်ချမ်းသာစေချင်သည်။ ပန်းနု အလိုကျ ဖြစ်စေချင်သည်။

**အခန်း ၂**

လည်တံရှည်နေရသည့် ပြက္ခဒိန်များကို စုတ်ဖြဲပစ်ချင်သည်။ သူ့ရည်ရွယ်ချက်များ ပြည့်ချင်လှပြီ။

အုတ်ဖုတ်စုဘူးအိုးလေးထဲကို ပိုက်ဆံထည့်လိုက်၏။ လက်ထဲမှာ ကျန်သည့်ပိုက်ဆံကို ရေတွက်မိသည်။

အိမ်ရှေ့ကွပ်ပျစ်တွင် ရေနွေးကြမ်းသောက်ကာ ထိုင်နေသော အမေ။

အမေ့အနားအရောက် အိတ်ကပ်ထဲမှ ဈေးဖိုးပိုက်ဆံ ထုတ်ပေးလိုက်၏။ အမေက တစ်စေ့နှစ်စေ့သာ ကျန်တော့သည့် ပဲကြီးလှော်သုပ်ကို ခြစ်ကုတ်စားရင်း. . .

“မနက်ဖြန် ဘာဟင်းချက်ပေးရမလဲ”

“အဆင်ပြေတာသာ ချက်လိုက်ပါ အမေ”

သူ့လေသံက ခပ်ပျော့ပျော့သာ ထွက်လာသည်။ ပေးထားသည့် ဈေးဖိုးငွေနှင့် အသားဟင်းလေး စားချင်သည်ဟု ပြော၍မရ။ မနက်ဖြန် ဟင်းပွဲတွင် ခံတွင်းမတွေ့သည့် အသီးအရွက်ကြော်များနှင့်သာ နှစ်ပါးသွားရနိုင်သည်ကို ကြိုတင်မြင်ယောင်ခဲ့လေပြီ။

အသားဟင်းလေးပါမှ စားတတ်သည့် အကျင့်များ ယခုချိန်ဝယ် ကွယ်ပျောက်နိုင်စွမ်းရှိခဲ့ပြီ။

ဆိုင်ကယ် ကယ်ရီဆွဲရသမျှ ပိုက်ဆံထဲမှ စုဘူးထဲ ထည့်ရမည့် ပမာဏထက် ပို၍များလျှင် ဟင်းကောင်း စားရလိမ့်မည်။

“စုဘူးထဲ ပိုက်ဆံထည့်ပြီးပြီလား”

သူ မချိုမချဉ်အပြုံးနှင့် အမေ့ကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ သူ ပိုက်ဆံစုရသော ရည်ရွယ်ချက်ကို အမေ သိသည်။

သူ၏ ရှက်ပြုံးတစ်ပွင့်နှင့် ခေါင်းညိတ်ပုံကိုကြည့်ကာ အမေက နှစ်ခြိုက်စွာ ရယ်သည်။

“ဟာ. . . အမေကလည်းဗျာ၊ ဘာလို့ ရယ်နေတာလဲ”

သူ ရှက်အမ်းအမ်းနှင့် ခေါင်းကုတ်ကာ အိမ်ထဲ ဝင်ပြေးလာခဲ့သည်။ အမေကတော့ ကွပ်ပျစ်တွင် ရယ်၍ ကျန်ခဲ့၏။

**အခန်း ၃**

“စုတယ် စုတယ်နဲ့ ဘယ်နားသွားစုနေတာလဲ. . . ဟုတ်ရဲ့လား၊ ပန်းနုကို လှည့်စားနေတာလား”

မကျေနပ်မှုတို့ သူ့ဆီ ပုံကျလာတော့သည်။ ပြည့်ပါတော့မယ်ဟု နှစ်သိမ့်ခဲ့ရသည်မှာ ရက်ရှည် ကြာညောင်းခဲ့ပြီ။ သည်တစ်ခါတော့ ပြည့်လောက်ပြီဟု တွေးလိုက်မိသည်။

ပန်းနု နှုတ်ခမ်းကလေး စူအောင့်နေပြီ။ ချော့ရတော့မည့် အနေအထား။

“ကိုယ်စုထားတာ ဒီတစ်ခါတော့ ပြည့်လောက်ပြီ ပန်နုလေးရဲ့”

ပန်းနု ပါးကလေးကို ချစ်စနိုးနှင့် ဖျစ်ညှစ်လိုက်မိသည်။

သူ့စကားကြောင့် ပန်းနု မျက်နှာကလေး ချက်ချင်း ရွှင်ပျသွား၏။ လွန်စွာချစ်ဖို့ကောင်းသော အရုပ်မလေး ပန်းနု။ စိတ်ရှိသရွေ့ ပါးကလေးကို ဖျစ်ညှစ် နမ်းရှိုက်ပစ်ချင်မိသည်။

“တကယ်နော်”

ပန်းနု ပြုံးပျော်နေသည်ကိုကြည့်၍ အပြုံးများ ကူးစက်သွားရသည်။ ပန်းနု မကြာမီ ပိုင်ဆိုင်ချင်လှပြီ။ သူ့ရင်ခွင်ထဲ ထာဝရ ထွေးပွေ့ထားချင်မိ၏။

**အခန်း ၄**

ရင်တမမနှင့် အုတ်ဖုတ်စုဘူးလေးကို ဖောက်လိုက်သည်။ မှန်းထားသည့် ငွေပမာဏ ပြည့်ပါ့မလား စိုးရိမ်ရ၏။

“တစ်သက်လုံး အမှတ်တရဖြစ်အောင် မင်္ဂလာလက်စွပ်တော့ ဝယ်ကို ဝယ်ရမယ်နော်”

ပန်းနု စကားသံတို့ ကြားယောင်မိသည်။ မင်္ဂလာလက်စွပ်ဝယ်မည့်ကိစ္စကိုတော့ အမေ့ကို ပြောမပြထားခဲ့ပေ။ မင်္ဂလာဆောင်ဖို့အတွက် ငွေစုနေသည်သာ အမေသိသည်။ ခေါက်လိပ်နေသော ပိုက်ဆံများကို ဖြန့်၍စီလိုက်သည်။

“ဟူး. . .”

မှန်းထားသည့် ငွေပမာဏပြည့်၍ သက်ပြင်းပူကြီး တစ်လုံးတစ်ခဲ ချမိ၏။ “စိန်လက်စွပ်မှနော်”ဟူသော ပန်းနု၏ မှတ်ချက်တစ်ခုက မသေးငယ်လှသော ငွေပမာဏသို့ တစ်ဟုန်ထိုး မြင့်တက်သွားစေသည်။ သို့သော် စိန်ပွင့် သေးသေးလေးနှင့် လုပ်မည်ဆိုလျှင် လက်ရှိ ချိန်တွက်ထားသော ငွေပမာဏနှင့် လုံလောက်နိုင်မည်။ စိန်လက်စွပ်ကိစ္စကို အမေသိလျှင် ကန့်ကွက်တားဆီးနိုင်သည်။ မင်္ဂလာလက်စွပ်ဝယ်မည်ဟု ဆိုတုန်းကပင် “မင်္ဂလာဆောင်မှာပဲ လက်စွပ်က အဓိက မဟုတ်ပါဘူး သားရယ်၊ ခုံခုံထည်ထည် မင်္ဂလာဆောင်နိုင်ရင် တော်လောက်ရောပေါ့၊ လက်စွပ်အတွက် ငွေအကုန်ခံမယ့်အစား သားတို့ အရင်းအနှီးလေး တစ်ခုလုပ်ပြီး စီးပွားရေး လုပ်စားလို့ရပါတယ် သားရယ်”ဟု ကန့်ကွက်ဖူးသည်။ မင်္ဂလာလက်စွပ်မှာ စိန်လက်စွပ်နှင့် လုပ်မည်ကို အမေသိသွားခဲ့လျှင်မူ ပို၍ မကန့်ကွက်နိုင်ဘူးဟု မပြောနိုင်။

အမေ ပြောသည့်စကားကို သူ လက်ခံနိုင်သော်လည်း ပန်းနု မျက်နှာကလေး ညှိုးငယ်သွားမည်ကိုလည်း မလိုလားချေ။ တစ်သက်မှာ တစ်ခါသာ အမှတ်တရအဖြစ် ထင်ကျန်မည်ဖြစ်သော မင်္ဂလာလက်စွပ်ကိစ္စကိုတော့ ပန်းနုဆန္ဒအတိုင်း လုပ်ပေးချင်မိ၏။

မင်္ဂလာလက်စွပ်အတွက် သတ်သတ် ပိုက်ဆံတစ်ပုံ ပုံလိုက်သည်။

“သားရေ. . .”

အိမ်ပေါ်တက်လာသည့် အမေ့ခြေသံ။ မင်္ဂလာလက်စွပ်အတွက် သတ်သတ်ပုံထားသည့်ငွေကို သူ လှစ်ခနဲ အလျင်မီ ပေါင်အောက်ကို ခုထိုင်လိုက်သည်။

“စုဘူးခွဲလိုက်ပြီလား၊ ဘယ်လောက်ရလဲ၊ ပြည့်ရဲ့လား”

အမေက သူ့အနားသို့ ဝင်ထိုင်သည်။ သူ မလှုပ်မယှက် ငြိမ်နေလိုက်၏။ ပေါင်အောက်တွင် ခုထိုင်ထားသည့် ပိုက်ဆံအုပ်ကို အမေမြင်လို့မဖြစ်ပါ။ မြင်လျှင် လက်စွပ်ဝယ်ဖို့ကိစ္စများ ပါလာနိုင်သည်။

သူ စီထားသည့် ပိုက်ဆံများကို ရေတွက်ပေးအပြီး. . .

“ဟော. . . ဒီလောက်ဆို ပြည့်လောက်ပါပြီ၊ ငါ့သား ဆန္ဒပြည့်ပြီပေါ့. . . အမလေး ဝမ်းသာစရာပဲ”

အမေက လှိုက်လှိုက်လှဲလှဲ ပြုံးပျော်၍ ဆိုလေသည်။

သူထ၍ မရသေးပါ။ ပေါင်အောက်တွင် ခုထိုင်ထားသော ပိုက်ဆံကို အမေ မြင်သွားနိုင်သည်။

“အမေ ထဘီဝယ်ဝတ်ဖို့”

သူပေးသည့် ပိုက်ဆံကို အမေ မယူပါ။ ခေါင်းခါ ငြင်းဆန်သည်။

“အို. . . အမေ့အတွက် မလိုပါဘူး၊ ငါ့သား စိတ်ချမ်းသာရင် အမေ ကျေနပ်တယ်”

အမေ၏ ငြင်းဆန်မှုအောက်တွင် သူ့ရင်ထဲ စိတ်မကောင်းသလိုလို။ ရင်ထဲတွင် နင့်နင့်သီးသီး။

“အမေ့အတွက်ဆိုပြီး ကြီးကြီးမားမား ဘာမှ မလုပ်ပေးခဲ့ရသေးဘူးနော်”

သူ့စကားကိုကြားရတော့ အမေ ပါးရေတွန့်သွားသည်အထိ ပြုံးသည်။ အမေ့မျက်ဝန်းတွင် ကြွေကျလုနီးနီး မျက်ရည်စများ ပြည့်အိုင်နေလျက်။ မျက်ရည်မကျရန် မျက်တောင်ကို တဖျပ်ဖျပ် ပုတ်ခတ်နေသည်။ ဆံပင်အရောင် ဖြူဖွေးနေပြီဖြစ်သော ခေါင်းကို အမေ တဗျင်းဗျင်း ကုတ်၍ . . .

“အမေ့အတွက် သား အခုလို ထည့်ပြီးစဉ်းစားပေးတာပဲ အမေ ဝမ်းသာလှပါပြီကွယ်၊ အမေ့အတွက်က ငါ့သား စိတ်ချမ်းသာရင် အမေ ကျေနပ်တယ်”

ကိုယ့်ကိုယ်ကိုယ်ပင် မုန်းတီးလာသယောင်ယောင်။ အမေ့အတွက် ဘယ်အချိန်က ရှေ့တန်းတင်၍ သူ စဉ်းစားပေးခဲ့ဖူးသနည်း။ ထိုမေးခွန်းအောက်တွင် အမေ့အပေါ် သူတာဝန်မကျေမှန်း တဖြည်းဖြည်း သိလာခဲ့သည်။

အမေက ပိုက်ဆံပုံတွေထဲမှ အကြွေတစ်ရွက်ကို ကောက်ယူကာ. . .

“ညနေ ရေနွေးကြမ်းသောက်ရင်းစားဖို့ ပဲကြီးလှော် တစ်ဆယ်သား သွားဝယ်လိုက်ဦးမယ် သားရေ”

သူ့ရင်ထဲ နင့်ခနဲ ပို၍ နာကျင်လာခဲ့ရပြန်သည်။ အမေ့ကိုပင် ရဲရဲစိုက်မကြည့်ရဲလောက်အောင် အားနာသွားမိသည်။ အမေ့အတွက် သူဘာမှ မကြည့်မိခဲ့ပါ။ အမေ ဘာလိုအပ်နေလဲ သူ မစဉ်းစားခဲ့။ သူ့ရည်ရွယ်ချက်ကိုသာ တစ်ဖက်တစ်လမ်း ဦးတည်နေမိသည်။ ပန်းနုနှင့် ပေါင်းဖက်ရရေးအတွက်သာ နံပါတ်တစ် ရှေ့တန်းတင်ခဲ့၏။

အမေ့အပေါ်တွင် သူ တာဝန်မကျေခဲ့မှုများက လွန်စွာများလှပြီ။ တွေးမိလျှင် ရှက်မိသည်။

အတွေးထဲတွင် ဝင်လာသည့် သီချင်းတစ်ပုဒ်၏ စာသားလေးအကြောင်း တွေးမိတိုင်း သူ့ကိုယ်သူ ရှက်စိတ် တစ်ဟုန်ထိုး မြင့်တက်လာမိစေ၏။

“မယားဖို့ စိန်နားကပ်. . . အမေ့အတွက် ပဲကြီးလှော်. . .”

## သက်ရှိဘုရား ဦးထိပ်ထား

☛ မေမေရေချိုးဖို့ ရည်ရွယ်
သားသမီးတို့ ရေခပ်မယ်။
☛ ဘဝတစ်လျှောက် အေးချမ်းဖို့
ရေကုသိုလ်လေး လုပ်ကြစို့။
☛ ရေချိုးပြီးရင် လိမ်းဖို့ရာ
သနပ်ခါးလေး သွေးဦးမှာ။
☛ ဘဝတစ်လျှောက် မွှေးပျံ့ဖို့
နံ့သာကုသိုလ် လုပ်ကြစို့။
☛ ဆံကေသာမှာ ပန်ဖို့ရာ
ပန်းလေးတွေကို သီပေးမှာ။
☛ ဘဝတစ်လျှောက် လှပဖို့
ပန်းကုသိုလ်လေး လုပ်ကြစို့။
☛ မေမေ အညောင်းပြေဖို့ရာ
အနင်းအနှိပ် ပြုစုမှာ။
☛ ဘဝတစ်လျှောက် ကျန်းမာဖို့
ကာယကုသိုလ် ပြုပါစို့။
☛ ပြုစုတဲ့အခါ စိတ်ထဲမှာ
ဖြူစင်သန့်ရှင်း စေတနာ
ယုံကြည်စွာ ဦးထိပ်ထား
သက်ရှိမြတ်ဘုရား။

မောင်ရဲမင်း(ချောင်းဆုံ)

## လွတ်လပ်ရေးနေ့

☆ ကချင်၊ ကယား၊ ချင်း၊ ဗမာ
မွန်နဲ့ ရခိုင်ပါ
တိုင်းရင်းစုံစွာ ကရင်ရှမ်း
ရိုပ်မြုံကွန်းခိုနန်း။
☆ ညီနောင်သွေးချင်း လက်တွဲယှဉ်
လွတ်လပ်ရေးတွက် တိုက်ပွဲဝင်
သွေးစည်းချစ်ခင် မခွဲတမ်း
ပြည်မနဲ့တောင်တန်း။
☆ သခင်မျိုးမို့ တို့မြန်မာ
စိတ်ဓာတ်ရဲဝံ့စွာ
နယ်ချဲ့ယုတ်မာ စနစ်ဆိုး
တိုက်ထုတ် အမြစ်ချိုး။
☆ သွေးနဲ့ရေးထိုး သမိုင်းမှာ
ဇန်နဝါရီ လေးရက်ဟာ
တစ်ထောင့်ကိုးရာ လေးဆယ့်ရှစ်
လွတ်လပ်ရေးနေ့သစ်။

အောင်ကို(ပညာရေး)

## ပြာသိုလ

ငွေနှင်းစိုစို လပြာသို
ခွာညိုပန်းတို့ သင်းသည့်လ။
လမကာရ ကြယ်ဖုသျှ
စန်းထယှဉ်ကြို ထူးသည့်လ။
မြန်မာ့စစ်တလင်း အားမာန်ပြင်း
မြင်းခင်းပွဲများ ပြုသည့်လ။
တောင်သူကြီးများ မနေနား
စပါးရိတ်ကာ သိမ်းဆည်းလ။
ပြာသိုလပြည့် အမေနေ့
မမေ့မေတ္တာ ဂုဏ်မွမ်းလ။
အမှားကျင့်စဉ် ဗုဒ္ဓပြင်
ရှင်တစ်ထောင်တို့ လင်းသည့်လ။ ။

ဟိဏ်းဦးဆည်(တန့်ဆည်မြေ)

# အထူးကျေးဇူးတင်မှတ်တမ်းတင်ရှိခြင်း

နိုင်ငံတော်သမ္မတ၏ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်သည် မြန်မာနိုင်ငံသို့ မေတ္တာတမန်ခရီးအဖြစ် နိုဝင်ဘာလ ၂၇ရက်မှ ၃၀ရက်အထိ ကြွရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်တစ်လျှောက် အစမှအဆုံး အောင်မြင်အောင် လိုအပ်သောအပိုင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ၊ Myanmar National Air Lines မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများအားလည်းကောင်း အထူးအထူး ကျေးဇူးတင်မှတ်တမ်းတင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်အစမှအဆုံး လိုအပ်သောအပိုင်းများတွင် ကူညီဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ အရာရှိနှင့်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရာရှိနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ အရာရှိနှင့်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျိုက္ကဆံအားကစားကွင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာ ဦးဇော်ဝေစိုး၊ Emergency Medical Department မှ ဆရာဝန်၊ သူနာပြုများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းကြက်ခြေနီအဖွဲ့၊ ခရီးစဉ်အစ/အဆုံး ကူညီဆောင်ရွက်ပေးသော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို မြန်မာနိုင်ငံရှိ ကက်သလစ် ဘာသာဝင်များကိုယ်စား အထူးအထူး ကျေးဇူးတင် မှတ်တမ်းတင်ပါသည်။

ပုပ်ရဟန်းမင်းကြီး၏ မြန်မာပြည်ခရီးစဉ် အစမှအဆုံးအထိ Host Broadcaster အဖြစ် တာဝန်ယူပြီး၊ ရုပ်မြင်သံကြားတိုက်ရိုက်နှင့်ရိုက်ကူးထုတ်လွှင့်ခြင်းအပါအဝင် ရုပ်မြင်သံကြားသတင်းအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပေးသည့် ရွှေသံလွင်မီဒီယာကုမ္ပဏီ(Sky Net)နှင့် ဦးကျော်ဝင်း(ရွှေသံလွင်လုပ်ငန်းစုဥက္ကဋ္ဌ)တို့အား အထူးအထူး ကျေးဇူးတင်မှတ်တမ်းတင်ပါသည်။

လိုအပ်သောအပိုင်းများတွင် ပါဝင်ကူညီလှူဒါန်းပေးပါသော Serge Pun ဦးသိန်းဝေ Chairman of the Serge Pun and Associate, First Myanmar Investment Yoma Bank အား အထူးအထူး ကျေးဇူးတင် မှတ်တမ်းတင်ပါသည်။

ရေသန့်၊ အအေးများဖြင့် လှူဒါန်းပေးသော Designer Water Group အားလည်းကောင်း၊ ဘုန်းတော်ကြီးများတည်းခိုရန် နေရာစီစဉ်ပေးသော ဦးကိုကိုလတ် K K Myanmar Business Group အားလည်းကောင်း၊ လူငယ်များအတွက် ယာဉ်စီစဉ်ပေးသော CB Bank အားလည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး ခရီးစဉ်အား ကူညီဆောင်ရွက်ပေးသူများ၊ အလှူရှင်ကြီးများအားလုံးကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ အထူးအထူး ကျေးဇူးတင်မှတ်တမ်းတင်ပါသည်။

ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ သက်ရောက်ပါစေကြောင်း ဆုတောင်းလျက်

| | | |
|---|---|---|
| **ဆရာတော်ဂျွန်စောယောဟန်** | **ကာဒီနယ် ချားစ်ဘို** | **ဘုန်းတော်ကြီးမောရစ်ညွန့်ဝေ** |
| **ဥက္ကဋ္ဌ** | **ရဟန်းအမတ်** | **အမှုဆောင်အတွင်းရေးမှူး** |
| **ရဟန်းမင်းကြီးခရီးစဉ်** | **မြန်မာနိုင်ငံကက်သလစ်** | **ရဟန်းမင်းကြီးခရီးစဉ်** |
| **စီမံဆောင်ရွက်ရေးဗဟိုကော်မတီ** | **ဆရာတော်ကြီးများအဖွဲ့ချုပ်** | **စီမံဆောင်ရွက်ရေးဗဟိုကော်မတီ** |